

www.burmeseclassic.com
(၁၀) အုပ်မြောက်
ဝါဂဝေါ
ညမဖတ်ရ။
www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးပန်းချီ

ဝိုင်းမော်

မျက်နှာဖုံးဒီဇိုင်း

ယမုံစိုး

အတွင်းသရုပ်ဖော်

ကေလတ်

ကွန်ပြူတာစာစီ

ဇာနည်မော်

မျက်နှာဖုံးဖလင်

EAGLE

အတွင်းဖလင်

ရာဇာမျိုးဝင်း

စာအုပ်ချုပ်

ဇာနည်

ထုတ်ဝေသူ

လာဘ်မိုးဇွဲစာပေ

(မြဲ-၀၄၁၀၀)•

ပုံနှိပ်သူ

တော်ဝင်ထွန်းပုံနှိပ်တိုက်

(မြဲ-၁၀၉၈၁)

အုပ်ရေ- ၁၀၀၀ အုပ်

တန်ဖိုး- ၁၃၀၀ ကျပ်

ဖြန့်ချိရေး

အရှေ့ဘက်ကောင်းကင်

အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း-၀၉၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄



# မာတိကာ



၁။ ငရဲခွေး . . . . . . . . . . . . . . . . . . . . ၅

၂။ သွေးစုပ်ကောင် . . . . . . . . . . . . . . . . ၃၈

၃။ ဒုတိယ မဗဲဝါ . . . . . . . . . . . . . . . . . ၆၉

၄။ မြောက်ရိုးက ဇောက်ထိုး . . . . . . . . . . . ၉၈

၅။ သူငယ်ချင်း တစ္ဆေ . . . . . . . . . . . . . . ၁၂၆

www.burmeseclassic.com

www.burmeseclassic.com





# ငရဲခွေး

ဒီလောကမှာ မယုံနိုင်စရာတွေ အများကြီးဗျ။ ကျုပ်ဆိုတဲ့ကောင်က ငယ်ငယ်လေးကတည်းက လွှတ်စပ်စုတဲ့ကောင်

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



လေ။ ခုလောက်ဆို ခင်ဗျားလည်း ကျုပ်အကြောင်း သိနေရောပေါ့ဗျာ။

ကျုပ်ကို ခုမှ သိတာဆိုရင်လည်း ကျုပ်အကြောင်းတွေကို ရှာဖတ်ကြည့်ဗျာ။ ကျုပ်ရေးခဲ့တဲ့ ကျုပ်ကိုယ်တွေ့အဖြစ်အပျက်တွေ ဒီရှေ့မှာ ကိုးအုပ် ရှိခဲ့တယ်ဗျ။ ပထမဆုံးက 'ကိုယ်တွေ့မဖဲဝါ'၊ နောက်တစ်အုပ်က 'ကဝေဆယ့်နှစ်ကြိုး'၊ နောက်တစ်အုပ်က 'သင်္ချိုင်းတစ်ရာ မဖဲဝါ'၊ နောက်တစ်အုပ်က 'သံလက်ဝါး မဖဲဝါ'၊ နောက်တစ်အုပ်က 'သင်္ချိုင်းဂဠုန်မ မဖဲဝါ'၊ ပြီးတော့ 'ကဝေပျံ'၊ ပြီးတော့ 'မဖဲဝါရဲ့အိမ်'၊ ပြီးတော့ 'ကိုယ်တူကိုယ်ခွဲ မဖဲဝါ'၊ ပြီးတော့ 'မဖဲဝါကို ကိုက်တဲ့တစ္ဆေ' တဲ့။

ကဲ ဒါတွေ ဖတ်လိုက်ရင် ကျုပ်အကြောင်း သိရောဗျာ။ တာတေဆိုတဲ့ကောင် ငယ်ငယ်ကလေးတည်းက ဘယ်လောက်စပ်စုတယ်ဆိုတာ။ တကယ်တော့ ကျုပ်က ဆရာလည်း မဟုတ်၊ သမားလည်း မဟုတ်ဗျ။ ရိုးရိုးပြောရရင်တော့ ကျုပ်က သိချင်တာပါဗျာ။

ကျုပ် သိချင်တယ်ဆိုတာကလည်း တော်ရုံတန်ရုံ သိချင်တာတော့ မဟုတ်ဘူးဗျို့။ ညအိပ်လို့ မပျော်အောင်ကို သိချင်တာဗျ။ ဒီအကျင့်ကြောင့်လည်း ကျုပ် မဖဲဝါကို သိခဲ့တာပေါ့ဗျာ။

ကျုပ်တို့အညာမှာက အခုလို နတ်တော်လတို့ ပြာသိုလ





တို့ဆိုရင် လွှတ်အေးတာပေါ့ဗျာ။ အပူချိန်တွေ ဖာရင်ဟိုက်တွေတော့ မသိဘူးပေါ့ဗျာ။

ကျုပ်တို့အညာသားတွေ သိတာကတော့ ညဘက်များရောက်ရင် စောင်ခြုံလို့လည်း မလုံ၊ ကွေးလို့လည်း မနွေး၊ အိပ်လို့လည်း မပျော်ဆိုတာပဲပေါ့ဗျာ။

မီးလေးဘာလေး လှုံလိုက်မှ နေသာတာဗျ။ ကျုပ်ကတော့ နှမ်းရိုးတွေ လျှော်နဲ့တိုက်ပြီး ဝိုင်းထဲပုံထားတာဗျို့။ လွှတ်အေးတဲ့ညတွေဆိုရင် မီးကတော့ လှုံပြီးသားဗျ။

ကျ~ မီးလှုံတဲ့ညဆိုရင် ကျောက်ခဲနဲ့ သံမဏိကလည်း လာပြီးသားဗျ။ အမေ ချပေးတဲ့ ပဲကြီးလှော်လေး၊ ထန်းလျက်ကလေးစား အကြမ်းလေး သောက်ကြပေါ့ဗျာ။

ကျုပ်တို့အညာက တောင်သူအလုပ်ဆိုတာ အားရတယ်လို့ ရှိတာမှ မဟုတ်ဘဲဗျာ။ လူရော နွားရော တစ်ခါမှ အားတာ မဟုတ်ဘူးဗျို့။

ဒီကြားထဲကပဲ သာရေး၊ နာရေး၊ လူမှုရေးတွေ လိုက်ပြီး လုပ်ကြရတာပေါ့ဗျာ။

ကျုပ်က မီးဖိုထဲကို နှမ်းရိုးတစ်ဆုပ် ဆုပ်ပြီးထည့်လိုက်တယ်။

"ဖျောက်၊ ဖျောက်၊ ဖျောက်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အသံတွေလာပြီး မီးဖွားလေးတွေ အပေါ်ကို လွင့်တက်သွားတယ်။ မီးပုံရဲ့ ဟိုဘက် ဒီဘက်မှာ ထိုင်နေတဲ့ အဘနဲ့ အမေတောင် ခေါင်းကိုပတ်ထားတဲ့ တဘက်စကလေးတွေနဲ့ မီးဖွားလေးတွေ ခါထုတ်လိုက်ကြတယ်ဗျ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

"ဟေ ဘယ်သူတွေတုံး၊ ဝင်ခဲ့လေ၊ တံခါးတွန်းဖွင့်လိုက်လေကွာ"

"ကျုပ်တို့ပါ ပေစိနဲ့ ချစ်ထွေးပါဗျ၊ ကိုကြီးတာတေ"

ပေစိနဲ့ ချစ်ထွေးက တံခါးတွန်းဖွင့်ရင်း အော်ပြောတာဗျ။

"ဩော် ပေစိတို့ပါလား လာဟေ့၊ လာထိုင်ကြ၊ မီးလှုံကြရအောင်၊ နို့ မင်းတို့ ဘယ်ကလှည့်လာကြတာတုံး"

ပေစိနဲ့ ချစ်ထွေးက ကျုပ်ထိုင်နေတဲ့ ဝါးကျောဖျာကြမ်းလေးမှာ ဝင်ထိုင်လိုက်ကြတယ်။

"ဘယ်ကမှ လှည့်လာတာ မဟုတ်ဘူးဗျ၊ ကိုကြီးတာတေရဲ့၊ ဒီကိုပဲ တန်းလာခဲ့ကြတာ"

ကျုပ်က ကျုပ်ဘေးမှာ ကုတ်ကုတ်ကလေး ဝင်ထိုင်နေတဲ့ ဒီကောင်နှစ်ကောင်ကို မသိမသာ အကဲခတ်ကြည့်လိုက်တယ်။ ဒီကောင်တွေ ကျုပ်ကို တစ်ခုခု ပြောချင်နေတဲ့ပုံပဲဗျ။

"ဟေ့ကောင် ပေစိ၊ မင်းတို့ ဘာဖြစ်လာလို့တုံး"





ကျုပ်က မေးလိုက်တော့မှ ဒီကောင်တွေ ပြောတော့တာဗျ။

"ကိုကြီးတာတေ ရွာထဲက သတင်းကြားပြီးပြီလားဗျ"

"ဟေ ရွာထဲကသတင်း ဟုတ်လားကွ ချစ်ထွေး၊ ရွာထဲမှာ ဘာဖြစ်လို့တုံး၊ ငါ ဘာမှမကြားပါလားကွ"

အဘနဲ့ အမေကလည်း အံ့ဩပြီး ပေစိတို့ကို လှမ်းကြည့်လိုက်ကြတယ်။

"ဟဲ့ ပေစိရဲ့၊ ရွာထဲမှ ဘယ်သူ ဘာဖြစ်လို့တုံး"

အမေကလည်း ပေစိကို လှမ်းမေးတယ်ဗျ။

"အရီးကလည်းဗျာ၊ မြောက်ပိုင်းက ကိုချစ်ပု တော်တော်ကို မမာနေလို့ဗျ"

"ဩော် အဲဒါတော့ ကြားသားပဲဟဲ့၊ ငါက တခြားကိစ္စထင်လို့ မေးတာပါ"

"ဟာ အရီးကလည်း ကိုချစ်ပု ဖြစ်နေတာတွေရော ကြားလို့လားဗျ"

"ဟ ဘာဖြစ်လို့တုံး ချစ်ထွေးရဲ့၊ လွန်ခဲ့တဲ့ သုံးလေးရက်ကတောင် ဘိုး ရောက်သေးတာပဲ၊ ဆေးထိုးဆရာနဲ့ ဆေးထိုးလို့ပဲ"

"အဲဒီတုန်းက ဟုတ်တယ် ဘိုးရဲ့၊ ညကမှ စဖြစ်တာပဲဗျ"

"ဟေ ဘာများဖြစ်လို့တုံး ပေစိရဲ့၊ ပြောစမ်းပါဦး"

www.burmeseclassic.com



ကျုပ်က ဝင်ပြီးမေးလိုက်တယ်။

"ညတ သန်းခေါင်လောက်မှ ထပြီးအော်တာတဲ့ ကိုကြီး တာတေရဲ့"

"ဟေ ဘာတွေ အော်တာတုံးကွ"

"ခွေးနက်ကြီးတွေ၊ ခွေးနက်ကြီးတွေ၊ အား ကြောက် တယ်ဗျ၊ ကြောက်တယ်နဲ့ အော်တာတဲ့ဗျို့၊ ကိုချစ်ပုတို့ဝိုင်းနဲ့ကပ် လျက် ဝိုင်းတွေက တစ်ညလုံး မအိပ်ရဘူးတဲ့ဗျာ"

"ဟာ ဟုတ်လား"

"ပြီးတော့ ရှိသေးတယ်ဗျ၊ ကိုကြီးတာတေရ၊ ကျုပ်ကို မကိုက်ပါနဲ့ဗျ၊ ကျုပ် ကြောက်ပါပြီ ကြောက်ပါပြီ ဆိုပြီး ငိုသံကြီးနဲ့ အော်တာတဲ့ဗျို့"

"ဟာ ဟုတ်လားကွ၊ ချစ်ထွေးရ"

"ဟုတ်တယ်ဗျ၊ ကိုကြီးတာတေရ၊ မနက်အလင်းရောင် လာကာနီးမှ ကိုချစ်ပု အော်သံကြီး ရပ်သွားတာတဲ့ဗျ"

"ဟေ ဒီနေ့ နေ့ခင်းဘက်မှာ ဘာတွေထပ်ဖြစ်သေးတုံး ကွာ"

"ဒီနေ့ခင်းတော့ ဘာမှမဖြစ်ဘူးတဲ့ဗျာ၊ ကိုချစ်ပုလည်း တစ်နေ့လုံး အိပ်နေတာဆိုပဲ"

ကျုပ်လည်း ကောင်လေးနှစ်ကောင် ပြောတာကို





သေသေချာချာ တွေးကြည့်ရတာပေါ့ဗျာ။

"ဒါ ဘာဖြစ်တာတုံးကွ"

ကျုပ်က တွေးရင်းနဲ့ ပါးစပ်က လွှတ်ကနဲ ထွက်သွားတာ ဗျို့။

"ကျုပ်တို့လည်း ဘာဖြစ်မှန်း မသိလို့ ကိုကြီးတာတေဆီကို လာမေးကြည့်တာဗျ"

"ငါ့စိတ်ထင်တော့ အပူတွေ တအားတက်ပြီး ကယောင် ကတမ်းပြောတာ ထင်တယ်ကွ ပေစိရ"

"ဟာ မဟုတ်ဘူးဗျ၊ ကိုချစ်ပုကြီးက တအားကြောက်လန့် ပြီး မျက်လုံးပြူးကြီးနဲ့ ထိုင်အော်နေတာတဲ့ဗျ၊ ပြီးရင် အိမ်ထဲမှာ လှည့်ပတ်ပြေးနေလို့ သူတို့နဲ့ ဘေးကပ်လျက်ဝိုင်းက ဘိုးအောင် ဗလတို့၊ ဘိုးထန်းဖူးတို့တွေ တစ်ညလုံး ဝိုင်းဆွဲနေရတာတဲ့ဗျ"

ကျုပ် တွေးကြည့်တယ်။ ပေစိတို့ ချစ်ထွေးတို့ ပြောသလို ဆိုရင် ကိုချစ်ပုဟာ အပူကြီးလို့ ကယောင်ကတမ်းဖြစ်တာ မဟုတ် လောက်ဘူးဗျ၊ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်ထင်တယ်။

"ဟုတ်တယ် ကိုကြီးတာတေ၊ ကိုချစ်ပုက သူပြောတဲ့ ခွေးနက်ကြီးတွေရဲ့အသံကို တကယ်ကြားနေရတဲ့ပုံပဲဗျ၊ သူ့နား နှစ်ဖက်ကို လက်ဝါးနဲ့ အုပ်ထားပြီး အောင်မယ်လေး နားကွဲတော့ မယ်ဗျ၊ ခွေးသံကြီးတွေက ကြောက်စရာကြီးဗျာလို့ ပြောသတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ဒါဆိုရင်တော့ သူ တကယ်ကြားလို့ရှိမှာပေါ့ ပေစိရ"

"အဲဒါကြောင့် ကျုပ်တို့ လာခဲ့တာပေါ့ဗျ၊ ဒါမျိုးဆိုတာ ကိုကြီးတာတေပဲ သိတာလေဗျာ"

ကျုပ်တို့စကားကောင်းနေတုန်း ဝိုင်းဝကနေ သုတ်သုတ် သုတ်သုတ်နဲ့ ဝင်လာတာက ကျောက်ခဲနဲ့ သံမဏိဗျ။

"ဟာ ဟေ့ကောင် နှစ်ကောင် မင်းတို့ ခရီးသွားလို့ဆို"

ကျုပ်က ဒီကောင်နှစ်ယောက် အနားမရောက်ခင် လှမ်းမေးလိုက်တာဗျ။

"မသွားဖြစ်ဘူး ကိုကြီးတာတေရ"

"နို့ ရွာထဲက သတင်းတွေ ဘာတွေ မကြားဘူးလားကွ"

"ကြားပြီလားဗျာ၊ ကြားလို့လည်း အခု ကိုကြီးတာတေဆီကို လာခဲ့တာပေါ့ဗျ၊ ဒါပေမဲ့ ကျုပ်တို့ထက်ဦးတဲ့ ကောင်နှစ်ကောင် ကိုကြီးတာတေဆီမှာ ရောက်နေတာကိုး"

"အေး ဟုတ်တယ်၊ ပေစိနဲ့ ချစ်ထွေးလည်း ကိုချစ်ပု သတင်းကို လာပြောကြတာကွ"

"ဗျာ ကိုချစ်ပု ဟုတ်လား၊ မြောက်ပိုင်းက ကိုချစ်ပုလား၊ ဘာဖြစ်လို့တုံး"

"ဟေ မင်းတို့ အခုလာတာ ကိုချစ်ပုသတင်း ပြောဖို့လာတာမို့လား ကျောက်ခဲရဲ့"





"ဟာ မဟုတ်ဘူးဗျ၊ ရွာနောက်ပိုင်းက ကိုသာစိန်ကြီး အကြောင်း ပြောမလို့လာတာ"

"အနောက်ပိုင်းက ကိုသာစိန်ဆိုတာ သျှောင်ထုံးကြီးနဲ့ လူမို့လား၊ သာရှိန်ရဲ့ အကိုလေ၊ အရင် ထန်းတွေဘာတွေ တက်လိုက်သေးတယ်လေကွာ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီလူကို ပြောတာ၊ ထန်းမတက်တော့တာ ကြာပြီဗျ၊ သျှောင်ထုံးမထားတော့တာလည်း ကြာပြီ၊ ကျုပ်တို့လိုပဲ ဘိုကေညှပ်ထားတာဗျ"

"အေး ဟုတ်တယ်၊ ဟုတ်တယ်၊ ငါသိတယ် ကျောက်ခဲ၊ ဒီလူ နောက်ပိုင်း စီးပွားရေး တော်တော်ချောင်လည်သွားပုံရတယ်ကွ၊ ရွာမှာတောင် သိပ်မတွေ့ဘူး၊ မြို့ သွားသွားနေတာများတယ်၊ နို့ ကိုသာစိန်က အခု ဘာဖြစ်လို့တုံး"

"ညက သန်းခေါင်လောက်မှာ အိပ်နေရာကနေ ထအော်လို့တဲ့၊ ကယ်ကြပါဦး၊ ကယ်ကြပါဦး၊ ခွေးနက်ကြီးတွေ ကျုပ်ကို ကိုက်တော့မယ်၊ ကျုပ် ကြောက်တယ်ဗျ။ အသံကြီးတွေကို ကျုပ်ကြောက်တယ်၊ လုပ်ကြပါဦးဆိုပြီး ထအော်တာတဲ့ဗျို့"

"ဟင် ကိုဘစိန်က နေမကောင်းဖြစ်နေတာလား"

"ဟာ မဖြစ်ပါဘူးဗျ၊ အကောင်းကြီးပါ၊ မနေ့ကတောင် ရွာဦးကျောင်းက ရေတွင်းမှာ ရေသွားချိုးတာ ကျုပ်မြင်လိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ခဲရေ ဒါဆိုရင်တော့ တော်တော်ကို ထူးဆန်းနေပြီပေါ့၊ ပေစိနဲ့ ချစ်ထွေးက ပြောတာက မြောက်ပိုင်းက ကိုချစ်ပု အကြောင်း မင်းနဲ့ သံမဏိ လာပြောတာက အနောက်ပိုင်းက ကိုသာစိန်အကြောင်း ဖြစ်ပုံကလည်း တစ်ထပ်တည်းကွ"

"ဗျာ တစ်ထပ်တည်း ဟုတ်လား ကိုကြီးတာတေ"

ပေစိနဲ့ ချစ်ထွေးက ကျောက်ခဲတို့ထက် အသက်ငယ်တယ်ဗျ။ ကျောက်ခဲ ပြောတာကိုကြားတော့ ပေစိနဲ့ ချစ်ထွေး အံ့သြပြီး ပါးစပ်တွေတောင် ဟလို့ဗျ။

"ဟေ ဒါဘယ်လိုဖြစ်တာတုံးကွ၊ အတော်ကို ထူးဆန်းနေတာပါလား"

ကျုပ်အဘကတောင် အံ့သြပြီး ဝင်ပြောတာဗျ။

"ကျုပ်တစ်သက်တော့ ဒါမျိုး တစ်ခါမှ မကြားဖူးပါဘူးတော်"

အစ်မကလည်း တော်တော်ကို အံ့သြပြီး ပြောတာဗျ။

"နေပါဦး ကျောက်ခဲရဲ့၊ ဒီလူနှစ်ယောက်ဖြစ်ပုံက တူနေတာတော့ ဟုတ်ပါပြီ၊ ကိုချစ်ပုနဲ့ ကိုသာစိန်က ရွာထဲမှာ တွဲသွားတွဲလာလုပ်တာ၊ ငါဖြင့် တစ်ခါမှ မတွေ့မိပါဘူးကွာ"

"အဲဒီလို တွဲသွားတွဲလာတော့ ကျုပ်လည်း တစ်ခါမှ မမြင်ဖူးပါဘူးဗျာ၊ ဒါပေမဲ့ သူတို့နှစ်ယောက် တစ်ချိန်တည်း တစ်ပြိုင်





တည်းမှာ ခွေးနက်ကြီးတွေကို မြင်ကြတာတော့ တော်တော်ကို ထူးဆန်းတာပဲဗျာ၊ ကျုပ်နဲ့ သံမဏိက ကိုချစ်ပုသတင်းကို လုံးဝ ကြားတာ မဟုတ်ဘူးဗျ"

"ရွာထဲမှာ ဒီသတင်းတွေ ပျံ့နေပြီလားကွ"

ကျုပ်ကမေးတော့ ထနောင်းကုန်း စုံထောက်ကျောက်ခဲက ခေါင်းခါပြတယ်ဗျ။

"ဟာ မပျံ့ဘူးဗျ၊ သိတောင် မသိကြဘူး၊ သူတို့ပိုင်းချင်းကပ်တွေပဲ သိကြတာ၊ ကိုကြီးတာတေ စဉ်းစားကြည့်ဗျာ၊ ကျုပ်တို့က အနောက်ပိုင်းက ကိုသာစိန့်သတင်းပဲ ကြားတာ၊ ဒီကောင်နှစ်ကောင် ပေစိနဲ့ ချစ်ထွေးက ကိုချစ်ပုအကြောင်းပဲ ကြားတာ၊ ဒီရောက်မှ ညက ခွေးနက်ကြီးတွေကို ကြောက်ပြီး ထအော်တာ နှစ်ယောက်ဖြစ်နေမှန်း သိရတာ၊ ဒီတော့ ဒီသတင်းတွေ ရွာထဲ မပျံ့တာ သေချာတာပေါ့ဗျာ"

"အေးကွ ကျောက်ခဲရေ မင်းတွေးတာ ဟုတ်တော့ ဟုတ်သားကွ"

ကျုပ်တို့အားလုံး ငြိမ်ပြီးတွေးနေကြတယ်။ သံမဏိက နှမ်းရိုးတွေ ားယူပြီး မီးထပ်ထည့်တယ်။ ညနက်လာတော့ အအေးကလည်း ပိုလာတာပေါ့ဗျာ။

ခဏနေတော့ အဘနဲ့ အမေ အိမ်ပေါ်တက်သွားရော



www.burmeseclassic.com

www.burmeseclassic.com



ဖို့။ ကျုပ်နဲ့ ကောင်လေးတွေပဲ ဝိုင်းထဲမှာ ကျန်ခဲ့တာလေ။

“ဒီကိစ္စ ကိုကြီးတာတေ ဘယ်လိုထင်တုံး”

ကျောက်ခဲက ကျုပ်ကို မေးတယ်ဗျ။ ကျုပ် ခေါင်းခါပြလိုက်တယ်။

“ငါလည်း ဒါမျိုးတော့ တစ်ခါမှ မကြားဖူးဘူးကွ ကျောက်ခဲရ၊ ဒါပေမဲ့ ငါသွားကြည့်မှာပါ”

“ဟင် ကိုကြီးတာတေ တကယ်ပြောတာလား၊ ကျုပ်တို့လည်း လိုက်မယ်”

ကျောက်ခဲက ကျုပ် ဒီည သွားကြည့်မယ်ဆိုလို့ ဝမ်းသာသွားတာဗျ။

“ကဲ ပေစိနဲ့ ချစ်ထွေးက အိမ်ပြန်ကြတော့၊ မင်းတို့က ငယ်သေးတယ်၊ အဲ့ခုဟာက ဘာမှန်းသိတာ မဟုတ်ဘူး”

ကျုပ်စကားကို နားထောင်တယ်ဗျ။ ပေစိနဲ့ ချစ်ထွေး ထပြန်သွားကြတယ်။

“ကဲ မင်းတို့ ဒီကစောင့်နေ၊ ငါ အိမ်ပေါ်ခဏတက်လိုက်ဦးမယ်”

ကျုပ်က ဒီကောင်တွေကို ပြောပြီး အိမ်ပေါ်တက်ခဲ့တယ်။ မျက်ကွင်းဆေးကွင်းတယ်။ ကျုပ်ရဲ့ ဆေးလွယ်အိတ်ကို စလွယ်သိုင်းလွယ်တယ်။ လည်ပင်းမှာတော့ သစ်စုန်းဆေးတောင့်အိတ်





ကလေး ဆွဲလိုက်တယ်။

ကျုပ်ဝိုင်းထဲ ပြန်ရောက်တော့ ကျောက်ခဲနဲ့ သံမဏိက မီးဖိုကို သေသေချာချာ ငြိမ်းထားပြီးပြီဗျ။ ဒီကောင် နှစ်ယောက်ကပေါ့ လွှတ်အလိုက်သိတဲ့ ကောင်တွေပါဗျာ။

အချိန်ကလည်း မနည်းတော့ဘူးဗျ။ သန်းခေါင်ကြက်တောင် တွန်နေပြီ။

“ကဲ လာကြဟေ့၊ သွားစို့”

“ကိုကြီးတာတေ ဘယ်ကို အရင်သွားမှာတုံး”

“ကိုချစ်ပုတို့ မြောက်ပိုင်းကို အရင်သွားမယ်ကွာ”

ကျုပ်စကားဆုံးတာနဲ့ ကျောက်ခဲက ရှေ့ကထွက်ရော့ဗျို့။ သံမဏိက ကျုပ်နောက်ကဗျ။ ကျုပ်က အသင့်ယူလာတဲ့ သုံးတောင့်ထိုးဓာတ်မီးကို သံမဏိဆီကို ပေးလိုက်တယ်။ သံမဏိက နောက်ဆုံးကနေ မီးထိုးပြတာဗျ။ ရွာထဲမှာ လူတွေ အိပ်ကုန်ပြီဆိုတော့ သံမဏိက မီးကို အောက်နှိမ့်ပြီး ဝပ်ထိုးတာဗျ။

ကျုပ်တို့သုံးယောက် ကိုချစ်ပုတို့ဝိုင်းနားရောက်တော့ သူတို့ဝိုင်းရှေ့က မကျည်းပင်ကြီးပေါ်ကို အသာလေး တက်ကြတယ်။ မကျည်းပင်က လူတစ်ဖက်သာသာ ရှိတာဗျ။ ကိုင်းကြီးတွေကလည်း အတော်ကြီးသား။ ကျုပ်တို့သုံးယောက် သစ်ကိုင်းကြီးတွေပေါ်မှာ အကျအန ထိုင်ပြီး မုဆိုးတွေ လင့်စင်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



သားအောင် စောင့်သလို စောင့်နေကြတာပေါ့ဗျာ။

သန်းခေါင်တောင် ကျော်ပြီ။

"ဂီး၊ ဂီး၊ ဂီး၊ အီး၊ အီး၊ ဟီး၊ ဟီး"

ကျုပ်ဖြင့် ဆတ်ကနဲတောင် တုန်သွားတယ်ဗျာ။ ကျောက်ခဲနဲ့ သံမဏိကတော့ ဘာမှမကြားတော့ ဘာမှလည်း မကြောက်ဘူးပေါ့ဗျာ။

ခွေးသံကြီးတွေဗျ။ အသံဒီလောက်ကြီးမှတော့ အကောင်လည်း ဘယ်ငယ်လိမ့်မတုံးဗျာ။ ဟာ တွေ့ပြီဗျို့။ တွေ့ပြီ။ ဟိုမှာဗျ။ ကိုချစ်ပုတို့ဝိုင်းထဲမှာဗျ။ ဘယ်လိုကနေ ဘယ်လို ဒီဝိုင်းထဲရောက်နေတာပါလိမ့်။ ကျုပ်လည်း တောက်လျှောက်ကြည့်နေတာပါပဲ။ ဘယ်လိုများ ကိုချစ်ပုတို့ဝိုင်းထဲ ရောက်နေပါလိမ့်။

"ဂီး၊ ဂီး၊ ဂီး၊ ဟီး၊ ဟီး၊ အီး၊ အီး"

"အောင်မယ်လေး ကယ်ကြပါဦး၊ ခွေးနက်ကြီးတွေ လာနေပြီဗျ၊ ကြောက်တယ်ဗျ၊ ကြောက်တယ်"

ကိုချစ်ပု အသံနက်ကြီးနဲ့အော်တဲ့ အသံကြီးဗျာ၊ တကယ်ကို ကြက်သီးထစရာကြီးပါဗျာ။

"ဂီး၊ ဂီး၊ ဂီး၊ အီး၊ အီး၊ ဟီး၊ ဟီး"

ဟာ ခွေးနက်ကြီးတွေက ကိုချစ်ပုတို့အိမ်ကို ပတ်ပြီး လျှောက်နေကြတာဗျ၊ အောင်မယ်လေးဗျာ၊ တစ်ကောင်





တစ်ကောင် နဲ့တဲ့အကောင်ကြီးတွေမှ မဟုတ်တာဗျာ၊ နွားမတန်းအရွယ်လောက် ရှိတာဗျ။

သွားကြီးတွေဖြဲပြီး တဂီးဂီး တဂဲဂဲနဲ့ အော်နေတာဗျို့။ ကြည့်ရတာတော့ ဒေါသတော်တော်ထွက်နေကြတဲ့ပုံပဲဗျ။ မျက်လုံးကြီးတွေဆိုတာ ရေနွေးကြမ်းသောက်တဲ့ ပန်းကန်လောက် ရှိတာဗျို့။ နီရဲပြီး မှောင်ထဲမှာတောင် အရောင်တွေတောက်နေတာဗျ။ အားလုံး သုံးကောင်။ ကျုပ်ဖြင့် ကြက်သီးတွေ ထလိုက်တာဗျာ။ ကျောက်ခဲတို့ကတော့ ဘာမှလည်း မကြား၊ ဘာမှလည်း မမြင်တော့ အေးအေးဆေးဆေး ထိုင်နေကြတာပေါ့ဗျာ။

"အောင်မယ်လေး ကျုပ်ကို ကယ်ကြပါဦးဗျာ၊ ခွေးကြီးတွေ ကျုပ်ကို ကိုက်တော့မှာဗျ၊ လုပ်ကြပါဦး"

ကိုချစ်ပုရဲ့ အသံနက်ကြီးကလည်း အိမ်ထဲက အော်နေတာဗျ။

ကိုချစ်ပုတို့အိမ်က အညာအိမ် ဆိုပေမယ့် တစ်ထပ်အိမ်ဗျ။ ခြေတံရှည်အိမ် မဟုတ်ဘူး။ ပျဉ်ထောင်သွပ်မိုးပါပဲ။

ခွေးနက်ကြီးသုံးကောင်ကတော့ ကိုချစ်ပုတို့အိမ်ကို လှည့်ပတ်ပြီး သွားကြီးတွေဖြဲပြီး မာန်ဖီနေကြတာဗျို့။

သန်းခေါင်ကျော်ပြီး တစ်နာရီလောက်တော့ ရှိပြီဗျ။ ကျုပ်လည်း ခွေးကြီးတွေကို မျက်ခြည်မပြတ် ကြည့်နေတာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"ဂီး၊ ဂီး၊ ဂီး၊ ဟီး၊ ဟီး၊ ဟီး"

ဟာ သွားပြီဗျို့၊ သွားပြီ၊ အိမ်ထဲကို ခေါင်ဝင်သွားကြပြီဗျို့၊ အိမ်ရဲ့ပျဉ်ထောင်နံရံကြီးကို တစ်ခါတည်း ဖောက်ဝင်သွားကြတာဗျ၊ သူတို့အတွက် ဘာအဆီးအတားမှကို မရှိသလိုပါပဲဗျာ။

"အောင်မယ်လေးဗျ၊ အောင်မယ်လေးဗျ၊ ကိုက်ကြပြီဗျ၊ အား. . ."

အိမ်ထဲက ကိုချစ်ပုရဲ့ အော်သံကြီးဗျာ။ အသံနက်ကြီးနဲ့ဗျ။ ကျုပ်တစ်ကိုယ်လုံး ကြက်သီးတွေ ထသွားရုံတင်မကပါဘူးဗျာ။ ဆံပင်တွေတောင် ထောင်သွားတယ် ထင်ပါရဲ့ဗျာ။

"ဟဲ့ ဟဲ့ ချစ်ပု၊ ချစ်ပု၊ အောင်မယ်လေး လုပ်ကြပါဦးတော်၊ ကျုပ်မောင်ချစ်ပု သေပါပြီတော့"

"ဝုန်း"

ဟာ ခုန်ထွက်လာပြီဗျို့။ စောစောကလိုပါပဲဗျာ။ ပျဉ်ထောင်နံရံကြီးကို ဖောက်ပြီး ထွက်လာတာဗျို့။ ဟာ ပါးစပ်ကြီးထဲမှာ ကိုချစ်ပုကြီး ပါသွားပြီဗျို့။ ခွေးနက်ကြီးတစ်ကောင်က ခေါင်းပိုင်းကကိုက်ပြီး နောက်တစ်ကောင်က ခြေထောက်က ကိုက်သွားတာဗျို့။ ကျန်တဲ့တစ်ကောင်က နောက်က လိုက်သွားတာ။ ဟာ ပြေးပြီဗျို့၊ ပြေးကြပြီဗျို့။ ဟာ ဝိုင်းခြံစည်းရိုးကြီးကို ကျော်ခုန်သွားပြီ။ လွှားကနဲနေတာပါပဲဗျာ။ ရှေ့နှစ်ကောင်က ကိုချစ်ပုကြီးကို





ချီလျက်နဲ့ ခုန်တာဗျ။ နောက်က တစ်ကောင်ကတော့ အလွတ်ခုန်သွားတာ။

ဟာ သွားပြီဗျို့။ သွားပြီ။ ပျောက်သွားပြီဗျို့။ အမှောင်ထဲကို တိုးဝင်ပြီး ခွေးကြီးတွေ ပျောက်သွားတာဗျ။

ဘေးကပ်လျက်ဝိုင်းက လူတွေလည်း အပြေးအလွှား ရောက်လာကြတာပေါ့ဗျာ။

"အရီး ကိုချစ်ပု ဘာဖြစ်တုံး"

"နင့်အစ်ကိုကြီး ဆုံးပြီဟဲ့ ပုကြည်ရဲ့ ဟီး"

ဟုချစ်ပုရဲ့ အစ်မကြီး ငိုတဲ့အသံက ရွာမြောက်ပိုင်း တစ်ခုလုံး လွှမ်းမိုးသွားတော့တာပေါ့ဗျာ။ အိမ်ထဲက ကျွက်စီ ကျွက်စီ အသံတွေကို ကြားနေရတာဗျ။

"ဟဲ့ ချစ်ပုက ဘယ်လိုဖြစ်လို့ ခြေရင်းထရံနား ရောက်နေတာတုံး"

"တစ်ခုခုက ဆွဲသွားသလိုပဲတော့၊ ဒုန်း၊ ဒုန်း၊ ဒုန်း ဒုန်း ဆိုပြီး ပါသွားတာ၊ ဟောဒီခေါင်းရင်းကနေ အဲဒီခြေရင်းနံရံအထိထဲ အဲဒီနားရောက်တော့မှ အော်သံလည်း ငြိမ်ပြီး အသက်ထွက်သွားတာတော့"

"ကိုကြီးတာတေ၊ ဘာတွေ တွေ့လိုက်တုံးဗျ၊ ကိုချစ်ပုကြီးတော့ ဆုံးသွားပြီတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ် ကျောက်ခဲရ၊ အိမ်ထဲမှာ ကိုချစ်ပု ဆုံးသွားပေမယ့် ကိုချစ်ပုတစ်ယောက်ကတော့ ခွေးနက်ကြီးတွေရဲ့ ပါးစပ်ထဲမှာ ပါသွားလေရဲ့"

"ဟင် ကိုကြီးတာတေ၊ ခွေးနက်ကြီးတွေကို တွေ့ရတယ် ဟုတ်လား"

တစ်ချိန်လုံး ငြိမ်နေတဲ့ သံမဏိက မေးတာဗျ။

"အေး ဟုတ်တယ် သံမဏိ၊ ငါ တွေ့တယ်၊ ခွေးနက်ကြီး သုံးကောင်ကွ၊ နွားမဒန်းအရွယ်လောက် ရှိတယ်။

"ဟာ ဟုတ်လား ကိုကြီးတာတေ"

သံမဏိက အံ့သြပြီး ကျုပ်ကို မေးတယ်ဗျ။

"နေပါဦး ကိုကြီးတာတေရဲ့၊ ကိုကြီးတာတေ စောစောက ပြောတော့ ကိုချစ်ပုက အိမ်ထဲမှာ သေသွားပေမယ့် ကိုချစ်ပု တစ်ယောက်ကို ခွေးနက်ကြီးတွေ ချီသွားတယ်ဆိုတာ ဘာကိုပြောတာတုံးဗျ"

"ငါ့မျက်စိနဲ့ သေသေချာချာကို မြင်လိုက်ရတာကွ ကျောက်ခဲရ၊ ခွေးနက်ကြီးတစ်ကောင်က ကိုချစ်ပုကို ခေါင်းပိုင်းက ချီပြီး နောက်တစ်ကောင်က ခြေထောက်က ချီပြီး ဝိုင်းစည်းရိုးကို ကျော်ပြီး ထွက်သွားကြတာ"

"ဟင် ဘယ်လိုဖြစ်လို့ ကိုချစ်ပုက နှစ်ယောက်ဖြစ်နေတာ





တုံး ကိုကြီး တာတေရ"

"ဟာ ကျောက်ခဲကလည်း ခွေးပါးစပ်မှာ ပါသွားတာက ကိုချစ်ပုရဲ့ ဝိညာဉ်ဖြစ်မှာပေါ့ကွ"

"ဩော် ဒီလိုလား၊ ကြောက်စရာကြီးပါလားစ ကိုကြီး တာတေရာ၊ ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာတုံးဗျာ"

"အဲဒါတော့ ငါလည်း မသိဘူးလေကွာ၊ ကဲ လာကြ၊ လူတွေ များမလာခင် တို့ သစ်ပင်ပေါ်က ပြန်ဆင်းရအောင်ဟေ့၊ ပြီးရင် အနောက်ပိုင်းက ကိုသာစိန်တို့ဝိုင်းကို အခြေအနေ သွား ကြည့်ရအောင်"

အသုဘအိမ်ဖြစ်သွားတဲ့ ကိုချစ်ပုတို့အိမ်ကို လူတွေ များများရောက်မလာခင် ကျုပ်တို့သုံးယောက် သစ်ပင်ပေါ်က ဆင်းခဲ့ကြတယ်။

ရွာအနောက်ပိုင်းက ကိုသာစိန်တို့ အိမ်ဝိုင်းကိုရောက် တော့. . .

"ဂီး၊ ဂီး၊ ဂီး၊ ဂီး၊ အီး၊ အီး၊ အီး"

"ဟာ ခွေးကြီးတွေ ရောက်နေပြီဟေ့"

"ဟင် ဟုတ်လား ကိုကြီးတာတေ၊ ကျုပ်ဖြင့် ဘာမှ မကြား ရပါလားဗျာ"

"ဟုတ်တာပေါ့ ကျောက်ခဲရ၊ ငါက မျက်ကွင်းဆေးကွင်း



www.burmeseclassic.com

www.burmeseclassic.com



[illegible]တို့တွေ၊ မျက်ကွင်းဆေးက နားအကြားကိုပါ ပွင့်စေတယ်တဲ့ လာကြပေါ့၊ ဟိုရှေ့က သရက်ပင်ကြီးပေါ်က တက်ကြည့်ကြရအောင်”

သရက်ပင်ကြီးက အကြီးကြီးဗျ။ ကိုသာစိန်တို့ဝိုင်းကို အပေါ်စီးကနေ ကောင်းကောင်းမြင်ရတယ်ဗျ။ ကျုပ်တို့ သရက်ပင်ကြီးပေါ် ရောက်ပြီး နေရာယူလိုက်တဲ့အချိန်မှာ သံမဏိက ကျုပ်ကို မေးတယ်။

“ကိုကြီးတာတေ ကိုသာစိန်တို့ဝိုင်းကို ဘယ်လိုသိတာတုံးဗျ”

“ဟ သံမဏိရ၊ ခွေးသံကြီးတွေ ကြားနေရမှတော့ ကိုသာစိန်တို့ဝိုင်းကို ရှာဖို့ခက်ဦးမလားကွ”

“ဩော် ဟုတ်သားပဲဗျ”

“ဟာ ခွေးကြီးတွေပေါ့၊ ကိုချစ်ပုကို ချီသွားတဲ့ ခွေးတွေ ထက်တောင် ကြီးနေပါလားကွ၊ ဟာ အိမ်ကိုပတ်ပြီး မာန်ဖီနေတာပေါ့”

“ဟင် ဟုတ်လား ကိုကြီးတာတေ”

ကျုပ် သေသေချာချာကြည့်တယ်။ ခွေးကြီးတွေ သုံးကောင်ပဲဗျ။ မျက်လုံးနီနီကြီးတွေနဲ့ ခွေးနက်ကြီးတွေပဲဗျ။ နွားမ ဒန်းသာသာလောက် ရှိတာဗျ။ မြင်ရတာနဲ့တင် ကြက်သီး





တဖြန်းဖြန်းထမိတာပေါ့ဗျာ။

“ဂီး၊ ဂီး၊ ဂီး၊ အီး၊ အီး”

“အောင်မယ်လေး ကယ်ကြပါဦးဗျ၊ ကြောက်လှချည်ရဲ့၊ အမေရေ ကျုပ်ကို ကယ်ပါဦး အမေရဲ့၊ အောင်မယ်လေး ပူလိုက်တာဗျာ၊ ကျုပ်ကို မီးတွေ လောင်နေတာလားဗျာ ကြည့်ကြပါဦး”

ဒါကိုသာစိန်ကြီးရဲ့ အသံပဲဗျ။

“သာစိန် သတိထားလေ၊ မင်း ဘာဖြစ်လို့တုံး”

“ခွေးနက်ကြီးတွေဗျ၊ ခွေးနက်ကြီးတွေ၊ ကျုပ်ကို ကိုက်သတ်တော့မှာဗျ၊ လာနေကြပြီ”

“ဟာ မဟုတ်တာကွာ၊ ဒီမှာ မင်းဘကြီးထွန်းဇံရော ငါတို့ရော ရှိနေမင့်၊ ဘယ်က ခွေးနက်က လာဝံ့မတုံး သာစိန်ရဲ့”

ယောကျ်ားကြီးတစ်ယောက် ပြောလိုက်တဲ့အသံဗျ။ ဘယ်သူတုံးတော့ ကျုပ် မသိဘူး။

ခွေးနက်ကြီးသုံးကောင်က အိမ်ကို လှည့်ပတ်သွားပြီး မာန်ဖီနေရာကနေ တုန့်ကနဲ ရပ်သွားကြတယ်။ ပြီးတော့ အိမ်ရဲ့ မှဲ့ဝဲထောင်နံရံကြီးကို စိုက်ကြည့်နေတယ်။

ဟော ခုန်ပြီဗျို့။ ခုန်ပြီ။ ခုန်ဝင်သွားပြီ၊ ကိုချစ်ပုတို့ အိမ်တုန်းကလိုပဲဗျို့၊ ဘာအတားအဆီးမှ မရှိသလိုကို ခုန်ဝင်သွားတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"အား. . . လုပ်ကြပါဦးဗျ၊ ကျုပ်ကို ခွေးကြီးတွေ ကိုက်ကုန်ပါပြီဗျ၊ အား. . ."

ကိုသာစိန် အော်လိုက်တဲ့ 'အား' ဆိုတဲ့ အသံနက်ကြီးက အိမ်ခေါင်မိုးကို ဖောက်ထွက်လာတာဗျ။

"ဟာ ဘယ်လိုဖြစ်လို့တုံးဟ၊ ထွန်းဖဲ ဆွဲထားစမ်း၊ ဆွဲထားစမ်း၊ ဟာ ငြိမ်သွားပြီ၊ အသက်မရှိတော့ဘူးထင်တယ်"

"ဝုန်း"

ဟာ ခွေးနက်ကြီးသုံးကောင် အိမ်ထဲကနေ ခုန်ထွက်လာပြီဗျို့။ ရှေ့က နှစ်ကောင်မှာ တစ်ကောင်က ကိုသာစိန်ရဲ့ ခေါင်းပိုင်းကို ငုံခဲထားသဗျ။ နောက်တစ်ကောင်က ခြေထောက်ပိုင်းကို ကိုက်ချီထားတယ်။ နောက်တစ်ကောင်က နောက်ကရံပြီး လိုက်လာတာဗျို့။

ဟော ခုန်ပြီ၊ ခုန်ပြီ။ ခြံစည်းရိုးအမြင့်ကြီးကို ကျော်ပြီး ခုန်ထွက်သွားပြီ။ အမှောင်ထဲကို တိုးဝင်ပြီး ခွေးကြီးတွေ ပျောက်သွားပြီဗျို့။

"ကိုကြီးတာတေ ဘယ်လိုတုံး၊ ကိုသာစိန်ကြီး အော်သံတော့ ပျောက်သွားပြီဗျ၊ သေသွားပြီ ထင်တယ်"

ကျောက်ခဲက ကျုပ်ကို မေးတယ်။

"ကိုထွန်းဖဲက ဆွဲလိုက်ပါဆိုဗျာ"





"ဟာ ကိုပြားနှယ် ဘယ့်နှယ်ဆွဲမှာတုံးဗျ၊ ဟိုခေါင်းရင်းကနေ ခြေရင်းထရံအထိ ဒရွတ်တိုက်ဆွဲသွားတာ သာစိန် တဒုန်းဒုန်းနဲ့ ပါသွားတာ၊ ခင်ဗျားတို့ အမြင်ပဲလေ၊ ဘယ့်နှယ်လုပ် ဆွဲလို့ရမှာတုံးဗျ"

"အင်း. . ဒါတော့လည်း ဟုတ်တယ်ဗျ၊ ထရံခံနေလို့ဗျ၊ မဟုတ်ရင် ဘယ်အထိ ပါသွားမလဲ မပြောတတ်ဘူး"

"နို့ ဘာကောင်က ဆွဲသွားတာတုံးဗျ"

"မသိဘူးလေဗျာ၊ ကျုပ်တို့တော့ ဘာမှလည်း မမြင်၊ ဘာမှလည်း ကြားတာမှ မဟုတ်တာ၊ သာစိန်ပြောတဲ့ ခွေးနက်ကြီးတွေလားမှ မသိတာ"

လူကြီးတွေ တစ်ယောက်တစ်ပေါက် ပြောတဲ့အသံက အမှောင်ထဲကို တိုးထွက်လာတာဗျ။

"ကိုကြီးတာတေ ကိုသာစိန်ကြီးကိုလည်း ခွေးကြီးတွေ ချီသွားတာပဲလားဗျ"

"အေး ဟုတ်တယ်ကွ၊ ကျောက်ခဲရ ခေါင်းက တစ်ကောင်၊ ခြေထောက်က တစ်ကောင်၊ ပါးစပ်ကြီးထဲမှာ ကိုက်ပြီး ခြံစည်းရိုးကို ခုန်ထွက်သွားတာ၊ နောက်တစ်ကောင်က နောက်က လိုက်သွားတယ်"

"ဒါလည်း ကိုသာစိန်ရဲ့ ဝိညာဉ်ကို ချီသွားတာနဲ့တူတယ်

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



နော် ကိုကြီးတာတေ”

“ဟုတ်တာပေါ့ကွ ကျောက်ခဲရ၊ ဒီတစ်ညတည်းမှာတင် တို့ရွာသားနှစ်ယောက်ကို ခွေးနက်ကြီးတွေ ချီသွားတာကွ၊ တော်တော်ကို ထူးဆန်းပြီး တော်တော်ကို စိတ်မကောင်းစရာကောင်းတဲ့ အဖြစ်အပျက်ပါပဲကွာ”

ကျောက်ခဲနဲ့ သုံ့မဏိကို အိမ်ပြန်ပို့ပြီး ကျုပ် အိမ်ပြန်ရောက်တော့ မနက်သုံးနာရီတောင် ထိုးပြီဗျ။

ကျုပ်လည်း အိပ်လို့မပျော်တော့ပါဘူးဗျာ။ အိမ်ရှေ့က သစ်သားတန်းလျားလေးမှာထိုင်ပြီး နဂါးဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိလိုက်တယ်။ ဆေးပေါ့လိပ်ကလေးဖွာရင်းနဲ့ ဒီည ကျုပ်မြင်ခဲ့ရတဲ့ အဖြစ်အပျက်တွေကို ပြန်ပြီးစဉ်းစားနေတော့တာပေါ့ဗျာ။

ဒါ ဘာဖြစ်တာတုံး။

မနက်မိုးလင်းတော့ ဒီသတင်းက တစ်ရွာလုံး ပျံ့ပြီပေါ့ဗျာ။ ဒီတော့မှ ညက ထနောင်းကုန်းရွာသားနှစ်ယောက် ထူးထူးဆန်းဆန်း သေသွားတဲ့ကိစ္စက တစ်ရွာလုံးကို ချောက်ချားသွားတော့တာပေါ့။ ဒါပေမဲ့ ကျုပ်နဲ့ ကောင်လေးနှစ်ယောက် ညက တိတ်တိတ်ကလေး သွားကြည့်ခဲ့တာကိုတော့ ဘယ်သူမှ သိပုံမရဘူးဗျ။ တော်သေးတာပေါ့ဗျာ။

နောက်သေတဲ့မသာ အရင်ချဆိုတဲ့ ထုံးစံအတိုင်း





ကိုသာစိန်ရဲ့ အသုဘကို အရင်သင်္ဂြိုဟ်ကြတယ်။ ကိုချစ်ပုရဲ့ အသုဘကိုတော့ နောက်မှ သင်္ဂြိုဟ်ရတာပေါ့လေ။ သူက အရင်သေတာကိုး။

သူတို့နှစ်ယောက် ရက်လည်တဲ့နေ့ကလည်း တစ်ရက်တည်းဗျ။ ကျုပ်တော့ သူတို့ရက်လည်တွေကို မရောက်လိုက်ပါဘူးဗျာ။

ကိုချစ်ပုနဲ့ ကိုသာစိန်တို့နှစ်ယောက် ရက်လည်ပြီး နောက်တစ်နေ့မှာဗျ ဝိုင်းထဲမှာ ကျုပ် နွားစား စဉ်းနေတုန်းလေ။

“ကိုကြီးတာတေ”

“ဟေ လာလေ ကျောက်ခဲ၊ ဒါ ဒီမှာကွ၊ နွားစာ စဉ်းနေလို့ဟေ့”

ကျောက်ခဲတစ်ယောက်တည်းဗျ။ စဉ်းခုံနားမှာ လာရပ်တယ်။

“မင်း ဘယ်က လာတာတုံး ကျောက်ခဲ”

“ဒီကိုပဲ လာတာဗျ၊ အရေးတော့ ပေါ်ပြန်ပြီ ကိုကြီးတာတေရ”

“ဟေ ဘာဖြစ်လို့တုံး”

“ညက ရွာရှေ့ပိုင်းက ကိုညိုပုလည်း အော်ပြန်ပြီတဲ့ဗျ”

“ဟေ ကိုညိုပု ဟို အဂ္ဂိရတ်တွေ ဘာတွေထိုးတဲ့ ကိုညိုပုလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျ၊ အဲဒီ ကိုညိုပုကို ပြောတာ"

"ဟင် ဘာတွေ အော်ပြန်တာတုံးကွ ကျောက်ခဲရ"

"ကိုချစ်ပုတို့ ကိုသာစိန်တို့ အော်သလိုပဲတဲ့ဗျ၊ ခွေးကြီးတွေကို ကြောက်တယ်လို့ ထထအော်တာတဲ့ဗျ၊ လူကလည်း မျက်လုံးကြီးပြူးပြီး ကြောင်တောင်တောင် ဖြစ်နေတယ်ဆိုပဲ"

"ဟာ ဖြစ်ပြန်ပြီလားကွ၊ တို့ရွာတော့ ဒုက္ခပါပဲကွာ၊ ဘာတွေဖြစ်နေတာတုံး ကျောက်ခဲရာ"

"ဟုတ်တယ် ကိုကြီးတာတေရ၊ ရွာထဲကလူတွေလည်း တော်တော်လန့်နေကြပြီဗျ"

"အေးပေါ့ကွ၊ လန့်မယ်ဆိုလည်း လန့်စရာပေါ့ကွာ၊ မဖြစ်သေးပါဘူးကွာ၊ ငါ တစ်ခုခုတော့ လုပ်တော့မှထင်တယ်"

"လုပ်စမ်းပါ ကိုကြီးတာတေရာ၊ ခိုင်းစရာရှိရင်လည်း ကျုပ်ကို ခိုင်းဗျာ၊ ဘာပဲဖြစ်ဖြစ် ကျုပ် လုပ်ပေးမယ်ဗျာ"

"ညမိုးမချုပ်ခင် မီးလောင်ကုန်းက နတ်ဝင်သည် ဒေါ်တုတ်ကို သွားခေါ်ကွာ၊ ကျန်တာတွေ ငါလုပ်မယ်"

"စိတ်ချ၊ ကျုပ် သွားခေါ်မယ်၊ ကိုကြီးတာတေ ခိုင်းစရာရှိတာခိုင်းဖို့ ကျုပ် သံမဏိကို လွှတ်လိုက်မယ်"

သံမဏိ ပြန်သွားတော့ ကျုပ်လည်း လုပ်စရာရှိတာ လုပ်ရတော့တာပေါ့ဗျာ။





သံမဏိကို ကြက်တစ်ကောင် ဝယ်ခိုင်းပြီး ချက်ရတယ်။ ထမင်းလည်း ဆန်တစ်ခွက် ချက်လိုက်တယ်။ ညနေစောင်းတော့ ကျုပ် ထမင်းတောင်း ပြင်ပြီးပြီဗျ။

ကျောက်ခဲလည်း ဒေါ်တုတ်ကို ခေါ်ပြီး ပြန်ရောက်လာပြီ။

"ကဲ ဒေါ်တုတ်ရေ မလုပ်လို့ မဖြစ်တော့ဘူးဗျာ၊ ဒီညထနောင်းကုန်း သင်္ချိုင်းကုန်းသွားပြီး မဖဲဝါကို ပင့်ရတော့မှာပဲဗျို့"

ဒေါ်တုတ်ကလည်း ကျုပ်ကို ကူညီနေကြဆိုတော့ ခေါင်းညိတ်ပြလိုက်တာပေါ့ဗျာ။ ကျုပ်တို့ သင်္ချိုင်းထဲရောက်တော့ ညရှစ်နာရီ ကျော်ပြီဗျ။

ကျုပ်က ခါတိုင်းလိုပေါ့ဗျာ။ ဂူကြီးတစ်လုံးပေါ်မှာ မဖဲဝါအတွက် စားပွဲ သောက်ပွဲ ပြင်လိုက်တယ်။ ဒေါ်တုတ်က ဂူရှေ့ကမြက်ခင်းကလေးမှာ ကြုံ့ကြုံ့ကလေးထိုင်ပြီး ဆံပင်ကို ဖြည်ချလိုက်တယ်။

"သင်္ချိုင်းရှင်မကြီး မဖဲဝါကို စားပွဲသောက်ပွဲများနဲ့ ကြိုပါတယ်၊ မြန်မကြာ လှမ်းကာကြွခဲ့ပါခင်ဗျာ"

ကျုပ် ;ုံးကြိမ်လောက် ပင့်လိုက်တော့. . .

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟော မဖဲဝါရဲ့ခွေးကြီးအသံတော့ ကြားရပြီဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး"

ခွေးအူသံကြီးက တဖြည်းဖြည်း နီးနီးလာတယ်ဗျ။ ဟော လာပြီဗျို့။ မဖဲဝါကြီး လာပြီ။ အုတ်ဂူတွေအပေါ် တစ်ထွာလောက် အမြင့်ကနေ ရိပ်ကနဲ ရိပ်ကနဲ ရွေ့လာတာဗျ။ အရပ်ကြီးက ဆယ်ပေကျော်လောက် ရှိမှာဗျ။ ဒေါ်တုတ်ဆီကို တန်းရွေ့သွားပြီး ဖျတ်ကနဲ ပျောက်သွားတာဗျ။

"ဟီး ဟီး၊ ဟီး၊ ဟီး"

ဟော ဒေါ်တုတ် လက်ကြီးတွေ မြှောက်တက်လာပြီး တွေးကောက်နေပြီဗျို့။ ပါးစပ်ကလည်း တဟီးဟီးနဲ့ အော်နေတယ်။

ကျုပ်မြင်ထားတဲ့ ထမင်းပွဲကို တစ်ချက်လှမ်းကြည့်ပြီး မတ်တတ်ထရပ်တယ်။

ဟာ ခုန်ပြီဗျို့။ ခုန်လိုက်ပြီ။ လွှားကနဲခုန်ပြီး ဂူကြီးပေါ်ကို တက်သွားတာဗျ။ ဒေါ်တုတ်ကြီး လေထဲမှာ ပျံသွားသလားတောင် ထင်ရတာ။

ဟော ဂူပေါ်မှာ ဆံပင်ဖားလျားကြီးနဲ့ ဒူးကြီးတွေထောင်ပြီး စားပြီဗျို့။

"ခွပ်၊ ခွပ်၊ ခွပ်"

ကြက်ရိုးတောင် မချန်ဘဲ ဝါးစားတော့တာပါပဲဗျာ။





ရင်းနဲ့ မဖဲဝါက ကျုပ်ကို လှမ်းကြည့်တယ်။

"မဖဲဝါ ကျုပ်တို့ထနောင်းကုန်းမှာ တစ်ညတည်း လူ ယောက် ရှေ့ဆင့်နောက်ဆင့် သေသွားကြတယ်။ ခွေးနက်ကြီး ကောင်ဝင်ပြီး ချီသွားတာဗျ၊ ကျုပ် မြင်လိုက်တယ်"

"တာတေ ချစ်ပုနဲ့ သာစိန်မို့လား၊ အဲဒီကောင်နှစ်ကောင် ပေါင်းပြီး ဘုရားရွှေတွေ လိုက်ခွာနေတာ၊ သာစိန်က ထန်းတက် သမားဆိုတော့ အမြင့်တက်တာ ကျွမ်းကျင်တယ်၊ ချစ်ပုက ပျား ယောင်းနဲ့ပွတ်ပြီး ရွှေခွာတဲ့နည်းကို သိတယ်။ ခွာလို့ရတဲ့ ရွှေတွေ ကို အင်္ဂရိတ်ဆရာညိုပု ဖိုထိုးပြီး ရွှေထုတ်ပေးတယ်။ အဲဒါ ငရဲခွေး တွေပဲ၊ ငရဲခွေးတွေ၊ အဲဒီကောင်တွေကို ငရဲက တက်ဆွဲသွားတာ"

"ဟာ အခု အဲဒီကိစ္စပဲဗျ မဖဲဝါရဲ့၊ ကိုညိုပုကြီးလည်း အော်နေပြီဗျ"

"ညိုပုက ဘုရားရွှေတွေ ခိုးလာမှန်း မသိလို့ လုပ်ပေးတာ၊ ဒီနှစ်ယောက်က သူ့ကို ညာပြောပြီး လုပ်ခိုင်းတာ၊ ညိုပုကလည်း အင်္ဂရိတ်ထိုးဖို့ မီးသွေးဖိုးရလို့ လုပ်ပေးတာ"

သူ့ကိုလည်း ငရဲခွေးတွေ ဆွဲသွားမှာပဲလားဗျ"

"ညိုပုကို တားလို့ရတယ်၊ သူက အကုသိုလ် သိပ်မကြီးတဲ့ အတွက် ဒီည တစ်ညလုံး သူ့ကို ဝိုင်းပြီး ပရိတ်ရွတ်ထားရင် ငရဲ ခွေးကြီးတွေ ပြန်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟုတ်လား ဒါဆိုရင် ကျုပ် စီစဉ်ပါမယ်ဗျာ"

စကားလည်းဆုံး မဖဲဝါလည်း စားသောက်လို့ပြီးရော ဗျ၊ မဖဲဝါ ပြန်ကြွသွားတယ်။ သူ့ခွေးကြီးရဲ့အူသံ တဖြည်းဖြည်း ဝေး သွားတော့မှ ကျုပ်တို့လည်း သင်္ချိုင်းထဲကနေ ပြန်ထွက်ခဲ့ကြတယ်။

ကျုပ်ရယ်၊ ကျောက်ခဲရယ်၊ သံမဏိရယ် ကိုညိုပုတို့အိမ် ကို သွားပြီး သူ့အိမ်သားတွေကို အကျိုးအကြောင်း ပြောပြရတယ်။ ပြီးတာနဲ့ အချိန်မဆိုင်းဘဲ ဆရာတော်တွေကို ညတွင်းချင်း ပင့်ရ တော့တာပေါ့ဗျာ။ ရွာဦးကျောင်းက သံဃာအကုန်၊ ရွာလယ် ကျောင်းက သံဃာအကုန် ကြွလာပြီး ကိုညိုပုကို အလယ်မှာထား ပရိတ်ရွတ်ကြတော့တာပေါ့ဗျာ။ ကိုညိုပုကတော့ မျက်လုံးကြီး အပြူးသားနဲ့ ဟိုကြည့် သည်ကြည့် လုပ်နေတာဗျ။

ကျုပ်နဲ့ ကျောက်ခဲတို့နှစ်ယောက်ကတော့ ဝိုင်းရှေ့က မကျည်းပင်ကြီးပေါ်ကနေ တက်ကြည့်ရတာပေါ့ဗျာ။

"ဂီး၊ ဂီး၊ ဂီး၊ အီး၊ အီး၊ ဟီး၊ ဟီး"

ဟော ခွေးကြီးသုံးကောင် ရောက်လာပြီဗျို့။

"အောင်မယ်လေး ကြောက်တယ်ဗျ၊ ကြောက်တယ်၊ ခွေး ကြီးတွေ ရောက်နေပြီဗျ"

ကိုညိုပုကြီးအော်တဲ့ အသံကြီးက ကြောက်စရာကြီးပါဗျ

သံဃာတော်တွေကလည်း ကိုချစ်ပုတို့ ကိုသာစိန်





သေပုံသေနည်းကို သိထားကြတာဆိုတော့ ကိုညိုပုကြီး အော်လေ ပရိတ်တော်တွေကို ဖိရွတ်လေပေါ့ဗျာ။ အသံကို မပြတ်အောင် ရွတ်တော့တာပါပဲဗျာ။

"ဂီး၊ ဂီး၊ ဂီး၊ ဂီး၊ အီး၊ အီး"

အစွယ်ကြီးတွေ အဖွေးသားနဲ့ မဖဲဝါပြောတဲ့ ငရဲခွေးကြီး သုံးကောင်ကတော့ ဝိုင်းထဲမှာပတ်ပြီး သွားနေကြတာဗျို့။

ဟော ဟော တဖြည်းဖြည်းနဲ့ နောက်ဆုတ်သွားကြပြီဗျ။ အိမ်နားကို သိပ်မကပ်တော့ဘူးဗျို့။

အိမ်ထဲက ပရိတ်တော်တွေ ရွတ်ဖတ်သရဇ္ဈာယ်တဲ့ ဆရာတော်၊ သံဃာတော်တွေရဲ့ အသံကလည်း တကယ်ကို ကြည်ညိုဖို့ ကောင်းပါတယ်ဗျာ။

"ဂီး၊ ဂီး၊ ဂီး၊ အီး၊ ဟီး"

ငရဲခွေးကြီးတွေက မာန်တော့ တဖီဖီပဲဗျ။ ဒါပေမဲ့ အိမ် နားတော့ မကပ်တော့ဘူး။ ညနှစ်နာရီကျော်လာပြီဗျ။ ကျုပ် သေသေချာချာ ကြည့်နေတာ, ခွေးကြီးသုံးကောင် ငြိမ်ပြီး ရပ်နေ ကြတယ်ဗျ။ သိပ်တောင် မလှုပ်တော့ဘူးဗျို့။ ဟာ လှည့်ထွက်သွား ပြီဗျို့။ ဟော ဟော ပြေးပြီဗျို့။ ပြေးပြီဗျို့။ ဟာ ခုန်ပြီဗျို့။ ခြံစည်းရိုး အမြင့်ကြီးကို ကျော်ပြီး ခုန်ထွက်သွားပြီ။ သုံးကောင်စလုံး ရှေ့သင့် နောက်ဆင့်ပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



ငရဲခွေးကြီးတွေ အမှောင်ထုကြီးထဲကို တိုးဝင်ပြီး ပျောက်သွားပြီဗျို့။ အချိန်စေ့သွားပြီ ထင်ပါရဲ့ဗျာ။ ကိုညိုပုရဲ့ အကုသိုလ်ကံက သိပ်မကြီးလို့ ကယ်လိုက်နိုင်တာ ထင်ပါရဲ့ဗျာ။

သံဃာတော်တွေကတော့ ရွတ်တုန်းပဲဗျာ။ တစ်ညလုံး *မကျိန်းကြရရှာပါဘူးဗျာ။ မနက်အရုဏ်တက်တော့မှပဲ* ပရိတ်တော်တွေရွတ်တာ ရပ်လိုက်ကြတော့တာ။

ရွာထဲကလူတွေ ဆွမ်းချိုင့်တွေယူလာပြီး သံဃာတော်တွေကို ဆွမ်းကပ်လိုက်ကြတာဗျာ။ တကယ်ကို ကြည်နူးစရာပါ။ ကျုပ်ဆရာတော် ဦးဂုဏက ကျုပ်ကို မသိမသာခေါ်ပြီး မေးတယ်ဗျ။

"တာတေ ဘယ်လိုတုံး"

"ငရဲခွေးကြီးတွေ ညနှစ်နာရီကျော်ကျော်မှာ အားလုံး ပြန်ပြေးသွားကြပါတယ်ဘုရား"

"ဟေ ဟုတ်လား၊ ဒါဆိုရင် ဒီဒကာညိုပု လွတ်သွားပြီပေါ့ ဟုတ်လား၊ ငရဲခွေးတွေဆွဲတာ မခံရတော့ဘူးပေါ့ တာတေ"

"မှန်ပါတယ်ဘုရား၊ အရှင်ဘုရားတို့ရဲ့ မေတ္တာတော်ကြောင့် ကိုညိုပု ငရဲခွေးတွေ အဆွဲမခံရတော့ပါဘူးဘုရား"

"နို့ တာတေ ဒါတွေကို မင်း ဘယ်သူပြောတာတုံးကွဲ့"

ရွာဦးကျောင်းဆရာတော်ကြီးက ကျုပ်ကို မေးရောဗျ။





"မှန်လှပါဘုရား၊ မဖဲဝါ ပြောတာပါဘုရား"

"ဟေ. . မဖဲဝါ ဟုတ်လားကွ"

ဆရာတော်က မျက်လုံးပြူးပြီး ကျုပ်ကို ကြည့်နေတာဗျ။ ကျုပ်ဆရာတော် ဦးဂုဏက ဝင်ပြီးလျှောက်တယ်။

"ဟုတ်တယ် ဆရာတော်၊ တာတေနဲ့ မဖဲဝါနဲ့က အဆက်အစပ်ရှိကြတယ်ဘုရား၊ ဒီအကြောင်း တပည့်တော် သိပါတယ်ဘုရား"

"ဪ. . . ဪ. . . ဒီလိုကိုး"

ပွဲ့ ရွာဦးကျောင်းဆရာတော်ကြီးက မိန့်လိုက်ရင်း ခေါင်းတလေး တညိတ်ညိတ် လုပ်နေတာပေါ့ဗျာ။ ကျုပ်လည်း ဆရာတော်တွေအားလုံး ပြန်ကြွသွားတော့မှပဲ အိမ်ပြန်ခဲ့တာပါ။ ကောက်ခဲနဲ့ သံမဏိလည်း ကျုပ်ဘေးက ကပ်ပြီးပါလာလို့ပေါ့ဗျာ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# သွေးစုပ်ကောင်

အဲဒီနေ့က ကျုပ်တို့အညာမှာ နေကြတ်တဲ့နေ့ဗျ။ ထူးတော့ ထူးတယ်ဗျို့။ ခင်ဗျားတို့ ကျုပ်တို့တွေ နေကြတ်တဲ့အချိန်ဟာ ဆယ်မိနစ် ဆယ့်ငါးမိနစ်ပေါ့။ ဒီတစ်ခါ နေကြတ်တာက





နာရီနဲ့ချီပြီး ကြာတာဗျ။ ကျုပ်စိတ်ထင်တော့ သုံးနာရီလောက်ကို ကြာတာဗျ။

ခင်ဗျားလည်း သိပါတယ်။ နေကြတ်တဲ့အချိန်မှာ မျက်စိအတိုင်း မကြည့်ရဘူးလေဗျာ။ နေကာမျက်မှန်တွေ ဘာတွေ တပ်ပြီးမှ ကြည့်ရတာဗျ။ ကျုပ်တို့ကတော့ နေကာမျက်မှန် မလိုပါဘူးဗျာ။ မှန်ကွဲကလေးကိုယူပြီး ရေနံဆီမီးခွက်ထွန်း၊ မှန်မှာ မှိုင်းခံလိုက်တယ်။ ပြီးတော့ အဲဒီမှန်ချပ်ကလေး မျက်စိရှေ့မှာထားပြီးကြည့်ရင် နေလုံးက နီနီလေးဗျ။ မျက်စိမစူးတော့ဘူး။

[illegible]ကတော့ ဓာတ်ပုံရိုက်တဲ့ ဖလင်ချပ်အဟောင်းကို ခေါက်ပြီး မျက်စိရှေ့က ခံကြည့်ကြတယ်။

ကျုပ်တို့တောမှာက ဓာတ်ပုံဖလင် ဘယ်မှာရှိမှာတုံးဗျာ။ မှန်ကွဲလေးတွေကိုပဲ မှိုင်းခံပြီး ကြည့်ကြရတာပေါ့။

လူကြီးတွေလည်း အံ့ဩကြတာဗျ။ ကျုပ်တို့တစ်သက် ခပြောနဲ့၊ သူတို့ တစ်သက်မှာတောင် နေဒီလောက်အကြာကြီး ကြတ်တာ မမြင်ဖူးကြဘူးလို့ ပြောကြတယ်။

သုံးနာရီလောက် ကြာသွားတော့မှ နေလုံးကြီး တဖြည်းဖြည်း ပြန်ပေါ်လာတာဗျ။ နေကြတ်တာကလည်း တပေါင်းလကြီးဗျ။ အချိန်က နေ့လယ်(၁)နာရီလောက်မှာ စကြတ်တာ။ အပူဆုံးအချိန်ပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညမှာ တော်တော်တော့ စိတ်ဝင်စားစရာ ကောင်းတယ်ဗျို့။ ဟိုဝိုင်း ဒီဝိုင်းတွေမှာ လူကြီးတွေစုပြီး အကြမ်းသောက်ရင်း နေကြတ်တဲ့အကြောင်း ပြောကြ ဆိုကြပေ့ါဗျာ။

သူတို့ ကြုံခဲ့ဖူးတဲ့ နေကြတ်တဲ့ အဖြစ်အပျက်တွေ နေကြတ်တဲ့ အတိတ်နိမိတ်တွေ ပြောကြဆိုကြ။ တချို့လည်း ရှေးခေတ်က တဘောင်တွေ ရွတ်ကြပေ့ါဗျာ။

တချို့ကလည်း အယူတော်မင်္ဂလာပညာအကြောင်း ပြောကြသဗျ။ အယူတော်မင်္ဂလာဦးနိုး ဆိုတဲ့ ပညာရှိကြီး အကြောင်း အာဘောင်အာရင်းသန်သန်နဲ့ ချီး[illegible]သမှုပြုကြ။ အဲဒီညက ကျုပ်တို့တစ်ရွာလုံး တော်တော်နဲ့ကို မအိပ်ကြဘူးဗျာ။ ရွာလယ်လမ်းက ကုန်ခြောက်ဆိုင်ဆိုတာ လက်ဖက်နဲ့ အကြော်ရောင်းလိုက်ရတာ လက်ကို မလည်အောင်ပဲတဲ့ဗျို့။

နောက်တစ်နေ့ကျတော့ နေလုံးကြီးက ပုံမှန်ပဲ ထွက်လာပြီး ပုံမှန်ပဲ ပူပြင်းပြီး ပုံမှန်ပဲ ဝင်သွားတာပါပဲဗျာ။

နောက်တစ်ရက် နှစ်ရက်ကြာတော့လည်း ကျုပ်တို့ရွာသားတွေ ကိုယ်လုပ်နေကျအလုပ်တွေလုပ်ရင်း နေကြတ်တာကို မေ့သွားကြတာပါပဲဗျာ။

ကျုပ်တို့ အညာသားတွေဆိုတာက မနက်မိုးလင်းတာနဲ့ ယာထဲဆင်းပြန်လာရင် ရေစည်တိုက်လား တိုက်ရရဲ့။ နွားစာစဉ်း





လား စဉ်းရရဲ့။ ထင်းပေါက်လား ပေါက်ရရဲ့။ ဆီဆုံရှိရင် ဆီကြိတ်လား ကြိတ်ရရဲ့။ ဘယ်မှာ အားမှာတုံးဗျာ။

ဒီတော့လည်း နေကြတ်တဲ့ အတိတ်နိမိတ်တဘောင်တွေကို တစ်ရက်ကနေ နှစ်ရက်ကြာအောင် ဘယ်သူက ရွတ်နေ၊ ပြောနေနိုင်မှာတုံးဗျာ။

မနေ့ကမှ ကျုပ်က ရေစည်တိုက်ထား နွားစာစဉ်းထားတော့ ဒီကနေ့တော့ အားလပ်နေသပေ့ါဗျာ။

အမေချက်တဲ့ အမဲသားဟင်းကလည်း ကောင်းပ့ါဗျာ။ ဆီးသီးခြောက်ကလေးကလည်း ထည့်ချက်ထားတာဆိုတော့ ချဉ်ဖြန်းဖြန်းလေးပေ့ါဗျာ။ ကျုပ်ဖြင့် စားကောင်းကောင်းနဲ့ စားလိုက်တာ ဘယ်နှပန်းကန်ကုန်သွားမှန်းကို မသိတော့ပါဘူးဗျာ။

ဗိုက်ကလေးလည်း တင်းသွားရော တာတေ မျက်လုံးတွေလည်း လေးလာရောဗျို့။ ထုံးစံအတိုင်းပေ့ါဗျာ။ အညာနွေရဲ့ အပူဒဏ်ကို အံတုဖို့ ကျုပ် ပုဆိုးဟောင်းလေးတစ်ထည် ပခုံးပေါ်တင်ပြီး မန်ကျည်းပင်အောက်က သစ်သားကွပ်ပျစ်ပေါ်ကို ရောက်လာရတာပေ့ါဗျာ။

ပုဆိုးဟောင်းကလေးနဲ့ ကွပ်ပျစ်ကို ဖုန်ခါလိုက်ပြီး ကျုပ်ခေါင်းအုံးနေကြ ဝါးဘိုးခြမ်းကလေးပေါ်မှာ ပုဆိုးကလေး ခေါက်ပြီး အုပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နဂါးဆေးပေါ့လိပ်တစ်လိပ်ကိုထုတ်ပြီး မီးညှိတယ်။ ဆေးလိပ်ကလေး သုံးလေးဖွာပဲ ဖွာရသေးသဗျ။ မျက်စိက လေးပြီးကျလာရောဗျို့။ ကျုပ်က အဆင်သင့်ယူလာတဲ့ သစ်သားဆေးလိပ်သေတ္တာကလေးရဲ့ ဆေးလိပ်ခွက်ထဲကို ဆေးပေါ့လိပ်ကလေး ချထားလိုက်ပြီး ဝါးဘိုးခေါင်းအုံးပေါ်ကို လှဲချလိုက်ရတော့တာပေါ့ဗျာ။

သိပ်အိပ်ချင်နေတော့လည်း လှဲလိုက်တာနဲ့ ချက်ချင်း အိပ်ပျော်သွားတာဗျ။ အိပ်လိုက်တာဗျာ။ နေ့ခင်းကြောင်တောင်ကြီးမှာကို အိပ်မက်တွေဘာတွေ မက်လို့ဗျာ။

လူတော့ လူပဲဗျ။ ဒါပေမဲ့ ပါးစပ်ထဲကနေ အစွယ်ဖွေးဖွေးတွေ ထွက်လို့ဗျ။ ကျုပ်နောက်ကို လိုက်ပါရောလားဗျာ။ ကျုပ်မှာဖြင့် ပြေးလိုက်ရတာ မပြောပါနဲ့တော့ဗျာ။ ကျုပ်ပြေးနေတဲ့နေရာက တောလမ်းကလေးဗျ။ လမ်းရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ တောအုပ်ကြီးတွေပဲရှိတာ။ ကျုပ်လည်း ပြေးရင်းနဲ့ ဟောဟဲလိုက်နေပြီဗျ။ အခုနေ အသိတစ်ယောက်တလေများတွေ့ရင်ကောင်းမှာလို့ ကျုပ်စိတ်က ပြေးရင်းနဲ့ တွေးလိုက်မိတာဗျို့။

"တာတေ၊ ဟေ့ တာတေ၊ တာတေ"

ဟာ ဘယ်သူပါလိမ့်ဆိုပြီး ကျုပ် တောထဲကို လှမ်းကြည့်လိုက်တယ်။ ဘယ်သူ့မှလည်း မတွေ့ဘူးဗျ။





"တာတေ အိပ်လှချေလားကွ"

ကျုပ် လန့်နိုးသွားရောဗျို့။ လန့်လိုက်တာဗျာ။ ဘာကြီးမှန်းမသိတဲ့ အစွယ်တွေနဲ့ လူကြီးတစ်ယောက် ကျုပ်နောက်ကို လိုက်လို့ ပြေးနေလိုက်ရတာဗျာ။ အိပ်မက်မို့လို့ တော်တော့တာပေါ့ဗျာ။

ကျုပ်အသံကြားတဲ့ ဝိုင်းဝကို လှမ်းကြည့်လိုက်တော့ ဟာ ကျုပ်ကို တကယ်ခေါ်နေတာပဲဗျ။ အရုပ်ပုပြတ်ပြတ်နဲ့ လူတစ်ယောက်ဗျ။ ဝါးဖတ်ခမောက်ကလေးဆောင်းလို့ လက်ထဲမှာလည်း ဝါးတုတ်တစ်ချောင်းနဲ့ဗျ။

"ဟာ ကိုကြီးမြဖေပါလား၊ လာလေဗျာ၊ ဝင်ခဲ့ပါဗျ"

ဒီလူ ဆတ်သမြောင်က လူဗျ။ ကျုပ်ဆီကို တစ်ခါမှ မလာဖူးပါဘူး။ ကျုပ်နဲ့တော့ လူခင်တွေပါ။ အရုပ်ပုတ်ပြတ်ပြတ်၊ နှုတ်ခမ်းမွေးကလေး ရေးရေးနဲ့ ကိုမြဖေက ကျုပ်ထိုင်နေတဲ့ ကွပ်ပျစ်ဆီကို တန်းလျှောက်လာတာဗျ။

ကိုမြဖေ ကွပ်ပျစ်မှာ ထိုင်နေတုန်း ကျုပ်က အိမ်ပေါ် တပျာကယာ ပြေးတက်ရတယ်။ အကြွမ်းအိုးနဲ့ လက်ဖက်သုတ်အစ်ကလေး ယူလာရတာပေါ့ဗျာ။ အဝေးကလာတဲ့လူလေ။ ဆတ်သမြောင်က ကျုပ်တို့ ထနောင်းကုန်းနဲ့တော့ အတော်ကလေး လှမ်းသားဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကိုကြီးမြဖေ၊ အကြမ်းသောက်၊ လက်ဖက်လည်းစား"

"အေး အေး သောက်မယ်၊ သောက်မယ်"

ကျုပ် ငှဲ့ပေးတဲ့ အကြမ်းပန်းကန်ကို ကိုမြဖေက နှုတ်ခမ်းမှာတေ့ပြီး ဖူးကနဲ ဖူးကနဲ မှုတ်ပြီးသောက်တာဗျ။ ကျုပ်တို့အညာမှာက နေပူကလာရင် ရေအေးမသောက်ဘဲ ရေနွေးပူပူကိုပဲ သောက်ကြတာ။

နေပူကြီးထဲ ရောက်လာတဲ့ ကိုကြီးမြဖေ အမောပြေတော့မှ စကားစရတာပေါ့ဗျာ။

"ကိုကြီးမြဖေ နေပူကြီးထဲ ဘယ်က လှည့်လာတာတုံး"

"နေပူပေမဲ့လည်း ကိစ္စက အရေးကြီးနေတော့ လာရတော့တာပေါ့ကွာ"

"နို့ ဘယ်ကိုလာတာတုံး"

"ဟ ဘယ်ကိုလာရမှာတုံးကွ၊ မင်းဆီကိုပေါ့ တာတေရ"

"ဟင် ကိစ္စအရေးကြီးတယ် ထင်တယ်"

"ကြီးလိုက်တာမှ မပြောနဲ့တော့ဟေ့"

ကျုပ်လည်း နဂါးဆေးပေါ့လိပ်ကလေးကို မီးညှိပြီး ဖွာလိုက်ရတာပေါ့ဗျာ။ ကျုပ်စိတ်ထဲမှာတော့ စောစောက အိပ်မက်ကြီးက လွှမ်းမိုးနေတုန်းပဲဗျို့။ တကယ်ကို ကြောက်စရာ အိပ်မက်ကြီးပါဗျာ။





"ပြောပါဦး ကိုကြီးမြဖေရဲ့၊ ဘာများအရေးကြီးလို့တုံးဗျ"

"အေး ပြောမယ်၊ ပြောမယ်၊ ဘယ်ကစပြောရမှန်း မသိဘူးပါကွာ တာတေရာ"

ကိုမြဖေက ကျုပ် မီးညှိပေးထားတဲ့ နဂါးဆေးပေါ့လိပ်ကို အားရပါးရ ဖွာလိုက်ပြီးတော့မှ-

"ဒီလိုဟေ့ တာတေရေ ငါတို့ရွာမှာ အင်မတန် ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်နေလို့ကွ"

"ဟင် ဘယ်လိုများတုံး ကိုကြီးမြဖေရဲ့"

"မင်းကတော့ ကြားဖူးမှာပါကွာ၊ မင်းက ဗဟုသုတ အတော်များတဲ့သူမို့လား"

"ကျုပ်က ဘာကိုကြားဖူးရမှာတုံး ကိုကြီးမြဖေရ"

"ဒီလိုကွ၊ တို့ရွာမှာ ဒီကိစ္စကြီး ပေါ်လာတော့ ရွာက လူငယ်တွေက ပြောကြတယ်၊ အဲဒါ 'ဗန်ပိုင်းယား' ဆိုလား၊ ဘာဆိုလားကွာ"

"ဟာ ကိုကြီးမြဖေရာ၊ ကျုပ်ကို ရှင်းရှင်းပြောစမ်းပါဗျာ၊ အခု ဆပ်သမြောင်မှာ ဘာဖြစ်နေလို့တုံး"

"ဒီလိုဟေ့၊ ပြီးခဲ့တဲ့လက သုံးနာရီလောက် နေကြတ်သွားတဲ့အချိန်မှာ ငါတို့ရွာက ကိုဆင်ပေါက် ဆိုတဲ့လူတစ်ယောက် သေသွားတယ်ကွ"

www.burmeseclassic.com



"ဟင် ဘာရောဂါဖြစ်လို့တုံးဗျ"

"ကိုဆင်ပေါက်က အကောင်းသားကြီးနဲ့ သေတာကွ ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်း ကျန်းကျန်းမာမာကြီးကွ၊ ထန်းတောမှာ သူသောက်ချင်တဲ့ အပင်ကို သူကိုယ်တိုင်တက်ပြီး မြူအိုးဖြုတ်တဲ့လူကွ၊ ကျန်းကျန်းမာမာကြီးပါကွာ"

"နို့ ဒီလူက တောင်သူပဲလား ကိုကြီးမြဖေ"

"ဟာ အဲ မဟုတ်ဘူးကွ၊ ကိုဆင်ပေါက်က တောင်သူတော့ မဟုတ်ဘူး၊ ဝက်မွေးတယ်၊ ဝက်တွေ ကြီးလာရင် မြို့က ဝက်ထောင်ကဲကို သွားရောင်းတယ်။ တစ်ခါ တစ်ခါကျတော့ သူများမွေးထားတဲ့ဝက်ကို ပြန်ဝယ်ပြီး သူကတစ်ဆင့် ပြန်ရောင်းတယ်၊ သူကိုယ်တိုင်လည်း ဝက်ပေါပြီး ရွာမှာ ရောင်းတယ်ကွ အေးကွာ၊ ပြောရရင်တော့ ကိုဆင်ပေါက်က ဝက်ကုန်သည် ဝက်သားသည်ပေါ့ကွာ"

ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးဖွာရင်း ခေါင်းညိတ်ပြလိုက်တယ်။

"အေး. . အဲဒါ နေကြတ်တဲ့နေ့တုန်းက နေကြတ်နေတဲ့ အချိန်မှာပဲ ဝက်သတ်တဲ့ဓားကို သွေးနေတုန်း ခေါက်ကနဲ လဲကျပြီး သေသွားတာဟေ့"

"ဩော်. . . ရုတ်တရက်ကြီးပါလား"





"အေး. . . ဟုတ်တယ် တာတေ၊ သေတာကတော့ မြန်းစားကြီးပဲကွ၊ တို့ရွာတွေ ထုံးစံလည်း မင်းသိတဲ့အတိုင်းပဲလေကွာ၊ ဒီလိုနွေခေါင်ခေါင်ဆိုရင် အသုဘကို ရက်ထားလေ့ မရှိဘူးလေ၊ ဒီတော့ နေ့ချင်းပဲ ကိုဆင်ပေါက် အသုဘကို ချလိုက်ကြရတာပေါ့ကွာ"

"နို့. . အခု ဘာဖြစ်လို့တုံးဗျ"

"ပြောမယ်လေကွာ၊ အဲဒီကိုဆင်ပေါက် သေပြီး ရက်လည်တဲ့ညမှာပဲ တို့ရွာထဲမှာ မွေးထားတဲ့ ကြက်ဖကြီးတွေအားလုံး သေကုန်တယ်ကွ"

"ဗျာ. . ကြက်ဖကြီးတွေ ဟုတ်လား ကိုကြီးမြဖေ၊ ဘယ်လိုတုံးဗျာ၊ ကြက်နာကျရင်လည်း ကြက်ဖရော၊ ကြက်မရော သေရမှာပေါ့၊ အခုဟာက ကြက်ဖတွေချည်း သေတာဆိုတော့ အဆန်းပါလား"

"သေပုံသေနည်းကလည်း တစ်ပုံစံတည်းသေတာကွ၊ ကြက်ဖကြီးတွေရဲ့ လည်ပင်းကိုကိုက်ပြီး သွေးစုပ်ထားတာကွ၊ ကြက်သေတွေမှာ သွေးတစ်စက်မှကို မရှိတော့တာဟေ့"

"ဟာ သွေးစုပ်ထားတာ ဟုတ်လား"

"ငါတို့ ဆပ်သမြောင်တစ်ရွာလုံး အံ့ဩကုန်တာပေါ့ကွာ၊ သူကြီးက အဲဒီကြက်[illegible]သာတွေကို ဘယ်သူမှ ချက်[illegible]စားရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မြေမြှုပ်ပစ်ရမယ်ဆိုလို့ မြေကျင်းကြီးတူးပြီး မြှုပ်ပစ်လိုက်ကြတာ ပေါ့။ နောက်တစ်ပတ်တိတိကြာတော့ ညဘက် ရွာထဲက နွားပေါက်ကလေးတစ်ကောင်ကို လည်ပင်းကိုက်ဖောက်ပြီး သွေးစုပ်သွားပြန်ရောပေါ့၊ နွားလေးမှာ သွေးတစ်စက်မှကို မရှိတော့တာကွ"

"ဟာ ဟုတ်လားဗျ"

"အေး အဲဒီတော့ ရွာထဲမှာ ညဘက်ကင်းတွေ ချရတော့တာပေါ့ကွ၊ တစ်ညကျတော့ အဲဒီအကောင် ရွာထဲဝင်ပြီး ဖိုးတုတ်တို့အိမ်က ဆိတ်တစ်ကောင်ကို ဝင်ဆွဲရောပေါ့၊ ဒီမှာတင် ကင်းသမားတွေက သံပုံးတွေခေါက်ပြီး ဝိုင်းလိုက်ကြတော့ ဆိတ်ကိုထမ်းပြီး ပြေးတာတဲ့ပေါ့၊ ကင်းစောင့်တဲ့ လူငယ်တွေကလည်း နောက်က ထပ်ချပ်မကွာလိုက်တော့ သိသွားကြတာပေါ့ကွာ"

"ဗျာ. . . ဘာကို သိသွားတာတုံးဗျ"

"ဒီလိုပေါ့၊ အဲဒီအကောင်က ဆွဲသွားတဲ့ဆိတ်ကို ပြေးရင်းလွှားရင်းနဲ့ လမ်းမှာတင် သွေးစုပ်ပြီး ပစ်ချသွားတာကွ၊ သွေးစုပ်ထားတဲ့ ဆိတ်သေကိုတွေ့တော့ လူငယ်တွေက နောက်က ခြေရာခံလိုက်တာပေါ့ကွာ၊ ဒီမှာတင် ရွာထဲဝင်ပြီး သွေးစုပ်တဲ့ အကောင်ဟာ သေသွားတဲ့ ဆင်ပေါက်ဆိုတာ သိတော့တာပေါ့"

"ဗျာ ဘယ်လိုဗျ၊ သေသွားတဲ့ ဆင်ပေါက် ဟုတ်လား၊ ဟာ မဖြစ်နိုင်တာဗျာ၊ သေသွားတဲ့လူက ဘယ်လိုလုပ်ပြီး ထလာမှာတုံး"





"ဟုတ်တယ် တာတေ၊ ဆင်ပေါက်ကို မြှုပ်ထားတဲ့ မြေပုံထဲကို ဝင်သွားတာတဲ့ကွ၊ ကင်းသမားတွေ သေသေချာချာ မြင်လိုက်ကြတာ"

"ဟင် ဘယ်လိုတုံးဗျ"

"အေး. . အဲဒါနဲ့ ရွာထဲမှာ ကင်းတွေ ပိုချကြတာပေါ့ကွာ၊ တစ်ရွာလုံးလည်း ကိုဆင်ပေါက်သတင်းက ပျံ့သွားတော့တာပေါ့ကွာ၊ ဒီမှာတင် တချို့ကလည်း ယုံကြတယ်၊ တချို့ကလည်း မယုံဘူးပေါ့ကွာ"

"အေးပေါ့ဗျာ၊ ယုံစရာလည်း ရှိမှမရှိတာ ကိုကြီးမြဖေရာ"

"အေး ညကတော့ ဒုက္ခဖြစ်တော့တာပေါ့ကွာ"

"ဗျာ. . ဒုက္ခဖြစ်တယ် ဟုတ်လား၊ ဘာထပ်ဖြစ်လို့တုံးဗျ"

"ယာထဲမှာ နှမ်းထောင်စောင့်တဲ့ ကောင်လေးနှစ်ယောက် သေသွားတယ်"

"ဗျာ. . သေသွားတယ် ဟုတ်လား"

"အေး. . မနက်မိုးလင်းလို့ အိမ်ကလူတွေက နှမ်းခါဖို့ လိုက်သွားတော့ လည်ပင်းမှာ အစွယ်ရာကြီးတွေနဲ့ သေနေကြတာတဲ့ကွာ၊ အလောင်းတွေက ဖြူဖတ်ဖြူရော်နဲ့ သွေးစုပ်ခံထားရတာတဲ့ကွ"

"ဟာ. . ဒီတော့ ဘာလုပ်ကြတုံး"



www.burmeseclassic.com

www.burmeseclassic.com



"မြို့ကို အကြောင်းကြားရတာပေါ့ကွာ၊ မြို့ကရဲတွေ ချက်ချင်းလိုက်လာပြီး စစ်ကြ ဆေးကြတာပေါ့ကွာ၊ ပထမတော့ ရဲက လူသတ်တယ် ထင်တာကွ၊ ရွာသူကြီးက သေသေချာချာ ပြောပြမှ ဒီလူတွေ လက်ခံသွားတာ၊ အလောင်းတွေကို မြို့က ဆေးရုံပို့ပြီး စစ်ဆေးနေတယ်ကွ"

"ဟင် ဒါဆိုရင် အလောင်းတွေ မသင်္ဂြိုဟ်ရသေးဘူးပေါ့ ဟုတ်လား"

"ဘယ်သင်္ဂြိုဟ်ရဦးမှာတုံးကွာ၊ စစ်ဆေးပြီးရင် ရွာပြန်သယ်ဖို့တောင် မဖြစ်နိုင်ဘူးကွ၊ မြို့မှာပဲ သင်္ဂြိုဟ်ရမယ် ပြောတယ်ကွ၊ ရဲအုပ်ကတော့ အားလုံးစစ်ဆေးပြီးရင် သူနဲ့ ရဲဘော်သုံးယောက် ရွာကို ပြန်ဆင်းလာပြီး ကင်းပုန်းဝပ် စောင့်မယ်ပြောတယ်ကွ လိုအပ်ရင် ပစ်မိန့်ပါ တောင်းခံမယ်ပြောတာပဲ တာတေရာ၊ အဲတော့ ငါတို့တစ်ရွာလုံး လူတွေ ထိတ်လန့်ပြီး ယာထဲတောင် မဆင်းရဲလောက်အောင် ဖြစ်ကုန်တော့တာပေါ့ကွာ"

"နို့ ကိုကြီးမြဖေ ကျုပ်ဆီကို လာတာ ဒီအကြောင်း ပြောပြချင်လို့လားဗျ"

"ဟာ မဟုတ်ဘူးကွ တာတေရ၊ ဒီကိစ္စကို မင်း ရှင်းပေးစေချင်လို့ကွ၊ ရွာက လူငယ်တွေရော လူကြီးတွေပါ မင်းကို ခေါ်ခိုင်းလို့ပေါ့၊ ငါလာခဲ့ရတာ"





"ဟင် ကိုကြီးမြဖေ ကျုပ်က ဆရာ မဟုတ်ဘူးဗျ၊ ဆရာတွေနဲ့ လျှောက်လိုက်ခဲ့ဖူးတာပဲရှိတာ၊ အခုလို သေသွားတဲ့လူက အသက်ပြန်ဝင်ပြီး သွေးလိုက်စုပ်တဲ့ကိစ္စမျိုးကြီး နှိမ်နင်းဖို့နေနေ သာသာ တစ်ခါမှတောင် မကြားဖူးဘူးဗျ၊ ကိုကြီးမြဖေရ"

"ဟာ ဒီလိုလည်း မဟုတ်ဘူးလေကွာ၊ မင်းက ဒီကိစ္စမျိုးတွေမှာ အတွေ့အကြုံတွေများတော့ ကိုဆင်ပေါက်ကြီး သွေးစုပ်ကောင် ဖြစ်သွားတဲ့ကိစ္စမှာ မင်းအနေနဲ့ ဝေဖန်ပိုင်းခြားနိုင်တာပေါ့ကွာ၊ ရွာကလူကြီးတွေရော လူငယ်တွေကပါ မင်းကို ရအောင် ခေါ်ခဲ့ပါလို့ မှာလိုက်ကြတယ်ကွ"

ကျုပ် ဆေးပေါ့လိပ်ဖွာရင်း စဉ်းစားတယ်။ ဒါမျိုး ကျုပ်တစ်သက် တစ်ခါမှ မကြားဖူးပါဘူးဗျာ။ သေတဲ့လူက ဘယ်လိုလုပ်ပြီး အသက်ပြန်ဝင်လာမှာတုံးဗျာ။ ကိုဆင်ပေါက်နဲ့ ပုံစံချင်းတူတဲ့ မကောင်းဆိုးဝါးတစ်ကောင်လားမှ မသိတာ။

"ဒီလိုလုပ်ဗျာ ကိုကြီးမြဖေ၊ အဘတို့ အမေတို့ကိုလည်း ဘာမှမပြောရသေးတော့ အခု တစ်ခါတည်းတော့ ကျုပ် မလိုက်ခဲ့ဘူးဗျာ၊ မနက်ဖြန်ညနေအရောက် ကျုပ် လာခဲ့မယ်၊ ဆပ်ဘမြောင်ကလူတွေကို ပြောလိုက်ပါဗျာ၊ ကျုပ် ဆက်ဆက်လာခဲ့ပါမယ်လို့"

"အေးလေ မင်းပြောတာလည်း ဟုတ်တာပေါ့ကွာ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေကို အကျိုးအကြောင်း ပြောပြရဦးမှာပေါ့၊ ကဲ ဒါဆိုရင် ငါ ပြန်မယ် တာတေ၊ မနက်ဖြန်တော့ ဆက်ဆက်လာကွာ၊ ငါတို့ မင်းကို စောင့်နေမယ်နော်"

"စိတ်ချပါ ကိုကြီးမြဖေ၊ ကျုပ်ကလည်း ဒီလိုထူးဆန်းတဲ့ ကိစ္စမျိုးကို လက်မလွှတ်နိုင်ပါဘူးဗျာ၊ ရောက်အောင်လာပြီး စပ်စုမဲ့ ကောင်ပါဗျာ"

အဲဒီညနေက ကိုမြဖေကြီး ပြန်သွားတော့ နေတောင် စောင်းနေပြီဗျ။ ကိုမြဖေကလည်း နေမဝင်ခင် ဆပ်သမြောင် ရောက်အောင် ခပ်သုတ်သုတ် ပြန်သွားလေရဲ့။

တိုက်တိုက်ဆိုင်ဆိုင်ဗျာ ကျုပ်ကလည်း အိပ်ရင်းနဲ့ အိပ်မက် မက်နေတာလေ။ အစွယ်တွေနဲ့လူတစ်ယောက် ကျုပ်နောက်ကိုလိုက်လို့ ပြေးနေရတာ။ ကိုမြဖေကလည်း ဆပ်သမြောင်က သွေးစုပ်ကောင်အကြောင်း ကျုပ်ကို လာပြီးပြောပြတယ်။

ကျုပ်လည်း အကြမ်းသောက်လိုက်၊ နဂါးဆေးပေါ့လိပ်ကလေးဖွာလိုက်နဲ့ ကျုပ်အိပ်မက်အကြောင်းတွေးလိုက်။ ဆပ်သမြောင်က သွေးစုပ်ကောင်အကြောင်းတွေးလိုက် လုပ်နေမိတာဗျို့။

အဲဒီညမှာ ကျုပ်က ဆပ်သမြောင်က ကိုမြဖေ လာတဲ့ အကြောင်းနဲ့ ကိစ္စလေးတစ်ခုရှိလို့ မနက်ဖြန် ဆပ်သမြောင်ကို





သွားမဲ့အကြောင်းနဲ့ တစ်ည နှစ်ညတော့ အိပ်ရမယ်ထင်တယ်လို့ အဘနဲ့ အမေကို ပြောပြရတာပေါ့ဗျာ။

နောက်တစ်နေ့ ကျုပ်ဆပ်သမြောင်ကို ရောက်တော့ ညနေ(၅)နာရီလောက် ရှိပြီဗျ။

"ဟာ တာတေ လာပြီဟေ့"

ကျုပ်ကို စပြီးမြင်တဲ့လူက ဝမ်းသာအားရ အော်လိုက်တာဗျ။ အဲဒီသတင်းက ချက်ချင်းရွာထဲကို ပျံ့သွားတယ် ထင်ပါရဲ့ဗျာ။

ကျုပ်ကိုကြီးမြဖေတို့ ဝိုင်းထဲရောက်ရုံ ရှိသေးတယ်။ ရွာထဲက ပျိုငယ်တစ်ချို့နဲ့ လူကြီးတစ်ချို့ ရောက်လာကြတယ်ဗျ။

"တာတေရာ မင်း လာမှ လာပါ့မလားလို့ ငါတို့က စိတ်ပူနေတာကွ"

ဘိုးမင်းဒင်က ကျုပ်ကိုတွေ့တွေ့ချင်း ပြောတာဗျို့။

"လာဟေ့ တာတေ၊ ငါ မင်းကို မျှော်နေတာကွ"

ကိုမြဖေကြီးက အိမ်ပေါ်ကနေ ခရီးဦးကြိုပြုတာဗျ။ ကျုပ်လည်း ကိုမြဖေတို့ရဲ့ ခေါင်နှစ်လုံးနဲ့ကျွန်းအိမ်ကြီးပေါ်ကို တက်လာခဲ့တယ်။

အိမ်ကြီးပေါ်မှာ ဖျာတွေခင်းထားလိုက်တာ အလှူအိမ်ကြီးလိုပဲဗျ။

"ကဲ လာဟေ့ တာတေ၊ နားလိုက်ဦး၊ နေပူကြီးထဲ လာခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာဆိုတော့ မောရောပေ့ါ၊ ဒီမှာ အကြွမ်းသောက်၊ လက်ဖက်စား၊ ပြီးတော့ ဆေးလိပ်ပုံးထဲမှာ မင်းကြိုက်တဲ့ နဂါးဆေးပေ့ါလိပ်တွေ ရှိတယ်ကွ၊ မီးညှိပြီး အမောပြေ ဖွာလိုက်ဦးကွ၊ ကဲ ဘိုးတို့လည်း ထိုင်ကြဗျာ၊ အောင်စိန်တို့ မင်းညိုတို့လည်း ထိုင်ကြကွာ”

“ဟာ ကိုကြီးမြဖေကလည်းဗျာ၊ ကျုပ်တို့က ဒီရွာသားတွေပဲဟာ”

ခင်းထားတဲ့ ဖျာတွေပေါ်မှာ ကျုပ်တို့အားလုံးထိုင်ပြီး စကားစမြည် ပြောကြတာပေ့ါဗျာ။

ဒီတော့မှ ဆပ်သမြောင်က ကာလသားခေါင်းတွေလည်း ပါနေတာကို သိရတာဗျ။ ဘိုးမင်းဒင်နဲ့ ပါလာတဲ့ လူကြီးလေးယောက်က စပြီးပြောတာဗျို့။

“မောင်တာတေရေ ကျုပ်တို့ အခု အသက်ခုနစ်ဆယ် ကျော်နေပါပြီဗျာ၊ ဒီလိုအဖြစ်မျိုး ကျုပ်တို့ရွာမှာ တစ်ခါမှ မဖြစ်ဖူး ပါဘူးကွယ်၊ ကျုပ်တို့ရွာမှာ မဖြစ်သလို တခြားလည်း ဘယ်မှာမှ ဒါမျိုး မကြားဖူးပါဘူးကွယ်”

“အင်း. . . အမှန်အတိုင်း ပြောရရင် ဟောဒီလူငယ်တွေက ကင်းစောင့်ရင်း သေသေချာချာ မြင်လိုက်တယ်ဆိုလို့သာ ဆင်ပေါက် သွေးစုပ်ကောင် ဖြစ်သွားတယ်လို့ ပြောရတာ၊ ကျုပ် စိတ်ထဲရှိတဲ့အတိုင်းပြောရရင်တော့ ယုံကို မယုံတာပါကွာ”





ဘိုးမင်းဒင်ကလည်း သူ့စိတ်ထဲရှိတဲ့အတိုင်း ပြောတာပေ့ါ ဗျာ။

“ဟာ ဘိုးကလည်း ကျုပ်တို့က သေသေချာချာကို မြင်တာဗျ၊ ပြေးရင်းနဲ့ ဆိတ်ကို သွေးစုပ်သွားတာ ကိုဆင်ပေါက်ကြီးမှ ကိုဆင်ပေါက်ကြီးပါဗျာ၊ သေတုန်းက ကျုပ်တို့ပဲ မြေမြှုပ်ပေးကြတာပဲ ဘိုးရ၊ အဲဒီတုန်းက ဝတ်ထားတဲ့ အဝတ်တွေပဲ ဝတ်ထားတာဗျ၊ သူ့ မြေပုံပေါ်မှာ လှဲချလိုက်တာ ပျောက်သွားရောဗျ”

ကျုပ်က ကာလသားခေါင်းတွေပြောတဲ့စကားကို သေသေချာချာ နားထောင်ကြည့်တယ်။ ကျုပ်လည်း ဘိုးမင်းဒင်လိုပဲဗျ။ ယုံတစ်ဝက် မယုံတစ်ဝက်ပေ့ါဗျာ။

“ကိုကြီးမြဖေ၊ ကိုကြီးမြဖေ”

“ဟော ကြက်တောတို့ ပြန်ရောက်ပြီကွ၊ ဟေ့ ကြက်တော လာလေ၊ ဒီမှာ တာတေတောင် ရောက်နေပေ့ါဟ”

“ဟာ ဟုတ်လား၊ ကိုတာတေ ရောက်နေတယ်လား”

“အေးပါဆို၊ အိမ်ပေါ်တက်ခဲ့ပြီး အကျိုးအကြောင်းလေး လာပြောဦးလေကွာ”

“ဩော် ဟုတ်ကဲ့၊ လာပြီ၊ လာပြီ”

ကြက်တောက လှေကားကနေ ပြေးတက်လာတယ်။ ကြက်တောဆိုတာက ကျုပ်သူငယ်ချင်း ဟသ်ာရဲ့ညီ၊ ကြက်



www.burmeseclassic.com

www.burmeseclassic.com



တော အိမ်ပေါ် ရောက်တယ်ဆို ဝိုင်းပြီးမေးကြတော့တာပေါ့ဗျာ။

"ဘယ်လိုတုံးကွ၊ ဆေးရုံက ဘာပြောတုံး"

"ဆေးရုံမှာ အလောင်းတွေကို စစ်ဆေးပြီးတော့ ဆရာဝန်က ဆေးစာမှာ သေသူတွေရဲ့ လည်ပင်းကို အစွယ်ရှိသော ကျားလို သတ္တဝါ ကိုက်တာဖြစ်တယ်။ ခန္ဓာကိုယ်တွေထဲမှာ သွေးတွေမရှိတော့သလောက် ဖြစ်နေတယ်လို့ ရေးထားတယ်တဲ့ဗျ။

"ဟာ"

လူငယ်တွေရော လူကြီးတွေရော 'ဟာ' ကနဲ ဖြစ်ကုန်ကြတာပေါ့ဗျာ။

"ဒါဆိုရင် သွေးစုပ်ကောင်ရဲ့လက်ချက် သေချာတာပေါ့ကွာ"

ဘိုးမင်းဒင်က ပြောတာဗျ။

"သေချာပါတယ် ဘိုးရာ၊ သွေးစုပ်ကောင် ဖြစ်သွားတဲ့ ကိုဆင်ပေါက်ရဲ့ လက်ချက်ပါဗျာ၊ ကျုပ်တို့က ရွာထဲမှာ လူအုပ်ခွဲပြီး စောင့်နေတော့ ရွာကို မလာတော့ဘဲ နှမ်းထောင်စောင့်တဲ့ကောင်လေးတွေဆီ ရောက်သွားတော့တာပေါ့ဗျာ"

ဘိုးမင်းဒင်တို့ လူကြီးတွေလည်း ဘာမှမပြောတော့ကြတော့ဘဲ ခေါင်းတညိတ်ညိတ် လုပ်နေကြတာပေါ့ဗျာ။

"နို့ အလောင်းတွေရော ကြက်တော"





"မြို့မှာပဲ သင်္ဂြိုဟ်ခဲ့ကြပြီဗျ၊ အားလုံးက ရွာကို ပြန်မသယ်ချင်ကြဘူးဗျ၊ ပြီးတော့ ရဲစခန်းကလည်း မြို့မှာပဲ သင်္ဂြိုဟ်ခဲ့စေချင်တယ်၊ ဒါကြောင့် ကျုပ်တို့လည်း မြို့သင်္ချိုင်းမှာပဲ သင်္ဂြိုဟ်ခဲ့တာဗျ"

"နို့ ရဲတွေက ဘာပြောသေးတုံးကွ ကြက်တောရ"

"ဟာ ရဲတွေ ပါလာတယ်လေ၊ ရဲအုပ်တစ်ယောက်နဲ့ ရဲသားသုံးယောက်ဗျ၊ သူကြီးအိမ်ကို သွားကြတယ်၊ ဒီည သင်္ချိုင်းမှာ ကင်းပုန်းဝပ်ပြီး စောင့်မယ်လို့ ပြောတယ်ဗျ၊ ကိုကြီးမြဖေရ"

"ဟေ ဟုတ်လား၊ ဒါဆိုရင် ငါတို့ကာလသားတွေပါ ရောပြီးဝပ်ကြရမှာပေါ့ကွ၊ ကဲ ငါ သူကြီးအိမ် သွားလိုက်မယ်၊ ကဲ ကြက်တော လာ၊ မင်းနဲ့ငါ သူကြီးအိမ် သွားကြရအောင်"

ကိုမြဖေနဲ့ ကြက်တော ထွက်သွားတယ်။ ကျုပ်နဲ့ ဆပ်သမြှောင်သားတွေလည်း စကားဆက်ပြောကြတာပေါ့ဗျာ။

သူတို့ပြောတာကတော့ အသေအချာပဲဗျ။ သူတို့ သေသေချာချာကို တွေ့လိုက်တော့ သေသွားတဲ့ ကိုဆင်ပေါက်မှ ကိုဆင်ပေါက် အစစ်ပဲတဲ့ဗျာ။

တော်တော်လေးကြာမှ ကိုမြဖေနဲ့ ကျုပ်သူငယ်ချင်း ဟသ်ာ ပြန်ရောက်လာကြတယ်ဗျ။ ကြက်တောတော့ ပါမလာတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် တာတေ၊ မင်း ရောက်ရနေတယ်ကြားလို့ ငါ လိုက်လာတာကွ"

"နို့ ကြက်တောရော ပြန်လိုက်မလာတော့ပါလား"

"အေးကွ၊ ကြက်တော သူကြီးအိမ်မှာ နေခဲ့တယ်၊ မြို့က ပါလာတဲ့ ရဲတွေကို ထမင်းကျွေးဖို့ရှိလို့ ဝိုင်းဝန်းလုပ်ရဦးမှာပေါ့ကွာ"

"ဘယ်လိုဖြစ်တာတုံးကွ ဟသ်ာရ"

ကျုပ်က ဟသ်ာပြောတာ ကြားချင်လို့ မေးလိုက်တာဗျ၊

"အေးကွာ တာတေရာ၊ သေတဲ့သူ အသက်ပြန်ရှင်တာ ငါ့တစ်သက် ဒီတစ်ခါပဲ တွေ့ဖူးတာကွ၊ အဲဒီညက ဝိုင်းလိုက်တဲ့ အထဲမှာ ငါလည်း ပါတာပေါ့ကွ၊ သူ့မြေပုံထဲကို ပြန်ဝင်သွားတာကွ တာတေရ၊ ငါကိုယ်တိုင် မျက်စိနဲ့ မြင်ခဲ့တာ"

ကျုပ်တို့လည်း ထမင်းစားပြီး စကားပြောနေတုန်းမှာ ကြက်တော ပျာပျာ ပျာပျာနဲ့ ရောက်လာတယ်ဗျ။

"ကဲ ကိုကြီးမြဖေ သူကြီးအိမ်က ရဲတွေ သင်္ချိုင်းကုန်းကို သွားတော့မယ်၊ လိုက်မယ့်ကာလသားတွေ ရွာရဲ့အနောက်တံခါးကို အခု လာခဲ့ပါတဲ့"

"ဩော် အေး ငါတို့ အခုသွားမယ်၊ မင်းတို့ရွာထဲက ကင်းတွေမှာ လူအပြည့်စောင့်နေဘ်၊ ငါတို့က ရဲတွေနဲ့ လိုက်သွားမှာ"

"ဟုတ်ကဲ့ ကိုကြီးမြဖေ၊ ကင်းတွေမှာ လူပြည့်နေပြီ စိတ်ချပါ"





ရဲအုပ်တစ်ယောက်နဲ့ ရဲသားသုံးယောက် ပေါင်းလေးယောက် ကျုပ်တို့လူငယ်ပိုင်းက ကျုပ်ပါ ဆယ်ယောက်ဗျ။ ကိုမြဖေရော၊ ဟသ်ာပါ ပါတယ်။ အားလုံး တုတ်တွေ ဓားတွေနဲ့ပေါ့ဗျာ။

သင်္ချိုင်းရောက်တော့ ကာလသားတစ်ယောက်က ကိုဆင်ပေါက်ရဲ့ သင်္ချိုင်းကိုပြတယ်။ ရဲအုပ်က သင်္ချိုင်းကို လှည့်ပတ်အကဲခတ်ပြီး ကင်းပုန်းတွေ လိုက်ချလိုက်တယ်။

ကျုပ်ရယ်၊ ကိုမြဖေရယ်၊ ဟသ်ာရယ်က သုသာန်ဇရပ်ဘေးမှာ နေရာယူရတယ်ဗျ။ ရဲအုပ်က သူ့အမိန့်မရဘဲ ဘာမှမလုပ်ဖို့ပြောတယ်။

"ဖျန်း၊ ဖျန်း၊ ဖျန်း၊ ဖျန်း"

ညသန်းခေါင်လောက်ရောက်တော့ ကုက္ကိုပင်ကြီးတွေမှာ အိပ်တန်းတက်နေတဲ့ ကျီးကန်းတွေ လန့်ပြီးထပျံကုန်ကြတယ်ဗျို့။

"အား၊ အား၊ အား၊ အား"

ကျီးတွေ လန့်ပြီးအော်လိုက်ကြတာဗျာ ကျုပ်ဖြင့် ကြက်သီးတွေတောင် ဖျန်းကနဲ ထသွားတယ်ဗျ။ ကျီးပြိုတာပေါ့ဗျာ။ တိရစ္ဆာန်ဆိုတာက လူထက် အာရုံခံမှုမှာ ပိုကောင်းတယ်ဗျ။ လရောင်ဖျော့ဖျော့ကလေးအောက်မှာ ကိုဆင်ပေါက်ရဲ့သင်္ချိုင်း



www.burmeseclassic.com

www.burmeseclassic.com



မြေပုံကို ဝိုးတဝါးလေး မြင်နေရတယ်ဗျ။

ကျုပ်တို့လည်း ကျီးတွေပြုံပြီးကတည်းက အဲဒီမြေပုံကို မျက်တောင်မခတ် ကြည့်နေကြတာပေါ့ဗျာ။

"ဟာ ဟိုမှာ ဟိုမှာ"

ဟသ်ာက ကျုပ်ကို လက်ကုတ်ပြီး ပြောတာဗျ။ အသံက တော့ ခပ်အုပ်အုပ်ပေါ့ဗျာ။ ကျုပ်က သူ ပြတာကို ကြည့်လိုက်တယ်

"အေး အေး ဟုတ်တယ်ကွ ဟသ်ာ၊ ကိုကြီးမြဖေ မြင်လား ဟိုမှာ သချိုင်းမြေပုံကြီး ကွတက်လာပြီဗျ"

ဟုတ်ပ့ါဗျာ။ မြေပုံကြီးက တဖြည်းဖြည်း ကွတက်လာပြီး အလယ်ခေါင်က ကွဲသွားတယ်

"ဟော ထွက်လာပြီဟေ့ တာတေ၊ ဟာ ကိုဆင်ပေါက် ကြီးကွ"

ကျုပ်လည်း သေသေချာချာ မြင်နေရတာပေါ့ဗျာ။ မြေ ထဲက ခေါင်းကြီး အရင်ထွက်လာတာဗျ။ နောက်တော့မှ ကိုယ်ထည် ကြီးပါ ထွက်လာတာဗျို့။ ဟော ဟော မတ်တတ်ထရပ်လိုက်ပြီ ခေါင်းကြီးမော့ပြီး ကောင်းကင်ကို ကြည့်နေတာဗျ။ ဟာ ပါးစ ကြီး ဟလိုက်ပြီ။ ပါးစပ်ထဲမှာ အစွယ်အရှည်ကြီးတွေနဲ့ဗျို့။ ဟော ထွက်လာပြီ။ ထွက်လာပြီ။ လမ်းလေးအတိုင်း ထွက်သွားပြီဗျို့ ဆပ်သမြောင်ဘက်ကို တန်းသွားတာပဲ။ ခုထိတော့ ရဲအုပ်က





ဘာမှ အမိန့်မပေးဘူးဗျ။

ဟော သချိုင်းထဲက ထွက်သွားပြီဗျို့။ ကျုပ်တို့လည်း ငြိမ်နေရတာပေါ့ဗျာ။ ဟာ ဆပ်သမြောင်က ကာလသားတစ်ယောက် ဗျ အမှောင်ရိပ်ခိုပြီး ကျုပ်တို့ဘက်ကို လာနေတယ်။ အနား ရောက်တော့. . .

"ကိုကြီးမြဖေ ရဲအုပ်က ပြောတယ်၊ သူတို့ ပြန်အဝင်ကို စောင့်ကြည့်ပြီးမှ သေနတ်နဲ့ ပစ်မလို့တဲ့ဗျ၊ အကာနောက်မှာ နေဖို့ ပြောခိုင်းလို့ ကင်းပုန်းတွေကို ကျုပ် လိုက်ပြောတာ"

"သြော် အေး အေး၊ ငပု စိတ်ချ၊ စိတ်ချ"

ငပုဆိုတဲ့ကောင် အမှောင်ရိပ်ခိုပြီး ပြန်သွားတယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဟော ရွာဘက်က ခွေးတွေ အူပြီဗျို့။

"ဖျန်း၊ ဖျန်း၊ ဖျန်း၊ အား၊ အား၊ အာ"

ဟာ ကျီးကန်းတွေပါ ပြုံတော့တာဗျို့။ ဒီလောက်ဆိုရင် ရွာထဲက ကင်းသမားတွေ နိုးနိုးကြားကြား ရှိနေလောက်ပြီပေါ့ဗျာ၊ ငြိမ်သွားပြီဗျို့။ ကျီးသံရော ခွေးသံပါ ငြိမ်လို့ဗျ။

"ဒုန်း၊ ဒုန်း၊ ဒုန်း၊ ဒုန်း၊ ဒေါင်၊ ဒေါင်၊ ဒေါင်၊ လိုက်ဟေ့ လိုက်ဟေ့"

ဟာ ဆပ်သမြောင်ရွာထဲက အော်သံတွေဗျို့။ သံချောင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါက်သံရော သံပုံးတီးတဲ့အသံတွေပါ ဆူညံနေတော့တာပေါ့ဗျာ။

ဟာ ဟိုမှာ ပြေးလာပြီဗျို့။ ပြေးလာပြီ၊ ဟာ ဘာကောင်လဲတော့ မသိဘူးဗျ။ ပခုံးပေါ်မှာ ထမ်းပြီး ယူလာပြီဗျို့။ ဟော သစ်ပင်အောက်မှာ ရပ်သွားပြီဗျ။ ဟာ ဆိတ်ကြီးဗျ။ ဆိတ်ကြီးကို လည်ပင်းကိုက်ပြီး သွေးစုပ်နေတာဗျို့။ အောင်မယ်လေး၊ တကယ့်ကို သွေးပျက်စရာပါဗျာ။ ဟော ပြေးလာပြီဗျို့။ ပြေးလာပြီ။ သူ သချိုင်းကို တန်းပြေးတာဗျ။ ဟော သူမြေပုံကို သေသေချာချာ စိုက်ကြည့်နေတယ်ဗျ။ ဒီတုန်းမှာပဲ. . .

“ပစ်”

ရဲအုပ်ရဲ့ အမိန့်သံ ပေါ်လာရောဗျို့။

“ဒိုင်း၊ ဒိုင်း”

ရိုင်ဖယ်သံ နှစ်ချက်ဗျ။ ဟော လဲကျသွားပြီဗျို့။ သွေးစုပ်ကောင်ကြီး မြေပုံပေါ်ကို လဲကျသွားပြီ။ မှောက်ခုံကြီး ကျသွားတာဗျ။

ဟာ သွားပြီဗျို့။ ဝင်သွားပြီဗျာ။ မြေပုံကြီးထဲကို ဝင်သွားတာဗျ။ ဟော ဟော မြေကြီးတွေ နဂိုအတိုင်း ပြန်သိပ်သွားပြီဗျ။

“ဟာ သွားပြီဟေ့၊ ဒီကောင် သချိုင်းထဲ ပြန်ဝင်သွားတာကွ”

ကိုကြီးမြဖေ ပြောလိုက်တာဗျို့။





“ဒါဆို ဒီကောင်ကြီး မသေဘူးပေါ့”

ဟင်္သာက မေးတာဗျ။ ကျုပ်က ခေါင်းခါပြလိုက်တယ်။

“မသေဘူး ဟင်္သာ၊ ဒီကောင့်ကို သေနတ်နဲ့သတ်လို့ မရနိုင်ဘူးကွ၊ မသေလို့ မြေပုံထဲ ပြန်ဝင်သွားတာပေါ့ကွ”

“နို့ သေနတ်နဲ့ သတ်လို့ မရရင် ဘာနဲ့သတ်ရမှာတုံးကွ တာတေရ”

“ငါ လုပ်ကြည့်ပါဦးမယ်ကွာ၊ မနက်ဖြန်တော့ အကြောင်းသိရမှာပေါ့ကွာ”

ကျုပ်တို့အားလုံး ရွာကို ပြန်ခဲ့ကြတယ်။ ရဲတွေက မနက်အစောကြီး မြို့ကို ပြန်သွားကြတယ်။ ဘာမှတော့ မပြောခဲ့ဘူးတဲ့ဗျ။

“ဆပ်သမြောင်မှာ နတ်ဝင်သည်ရှိလား ဟင်္သာ”

“ဟာ ရှိတာပေါ့ကွာ၊ ဒေါ်ဆိတ်မ ဆိုတာ၊ အင်မတန်နာမည်ကြီးတဲ့ နတ်ဝင်သည်ပေါ့ကွာ၊ မြို့မှာတောင် သွားပြီး ဟောရ ပြောရတာကွ”

“ကဲ ဒါဆိုရင် ကြက်တစ်ကောင်နဲ့ ဆန်တစ်ခွက်ချက်ကွာ၊ ဒီည မဖဲဝါကို ငါ ပင့်ပြီးမေးမယ်”

“ဟေ ဟုတ်လား တာတေ၊ စိတ်ချ မင်းလိုတာတွေ ငါ အားလုံး စီစဉ်ပေးမယ်”

ဟုတ်တယ်ဗျ။ ဆပ်သမြောင်သူကြီးကိုယ်တိုင် ရွှထုတ်



www.burmeseclassic.com

www.burmeseclassic.com



နပ်းပြီး ကြက်တစ်ကောင်ချက်တယ်။ ညမိုးချုပ်တော့ မနေ့က ကောင်းပုန်းဝပ်တဲ့ ကာလသားတွေ ကျုပ်ပါ ဆယ်ယောက်ပေါ့ဗျာ၊ ဆပ်သမြောင်သချိုင်းကို ထမင်းတောင်းထမ်းပြီး ရောက်လာကြတယ်။ နတ်ဝင်သည် ဒေါ်ဆိတ်မပါ ပါတာပေါ့ဗျာ။ ဆပ်သမြောင်သချိုင်းရောက်တော့ မြေပိုင်ရှင် ဦးပု ဆိုတဲ့ ခပ်ကြီးကြီး အုတ်ဂူကြီးပေါ်မှာ ကျုပ်က ထမင်းပွဲပြင်ပြီး မဖဲဝါကို ပင့်တယ်။ ဒေါ်ဆိတ်မက ဂူရှေ့မှာ မတ်တတ်ရပ်လျက်ကနေ လက်အုပ်ချီပြီး ငြိမ်နေတယ်ဗျ။ ဆံပင်တွေကိုတော့ ဖားလျားချထားတာပေါ့ဗျာ။

"သချိုင်းရှင်မကြီး မဖဲဝါဗျာ၊ အလွန်အရေးကြီးတဲ့ကိစ္စမို့ ကျုပ်တာတေက ပင့်ဖိတ်တာပါဗျာ၊ စားပွဲ သောက်ပွဲနဲ့လည်း ကြိုပါတယ်၊ မဖဲဝါ ကြွပါဗျာ၊ ကြွပါ"

ဟော ဒေါ်ဆိတ်မ ဆတ်ကနဲ တုန်သွားတယ်ဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး"

မဖဲဝါရဲ့ ခွေးကြီးအသံကို ကျုပ် ကြားလိုက်တယ်ဗျ။ တခြားသူတွေကတော့ ကြားပုံမပေါ်ဘူးဗျို့။ ကျုပ်ကတော့ မျက်ကွင်းဆေး ကွင်းထားတာကိုဗျာ။ ဟာ လာပြီဗျို့။ အရပ်ဆယ်ပေလောက်ရှိတဲ့ မဖဲဝါကြီး ဂူတွေပေါ်က ရှပ်ပြီးပြေးလာတာဗျ။ ဝင်ပြီ။ ဒေါ်ဆိတ်မရဲ့ ကိုယ်ထဲကို မဖဲဝါ ဝင်သွားပြီ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"





လက်ကြီးတွေ ကွေးကောက်လာပြီး ဂူကြီးပေါ်ကို ဒေါ်ဆိတ်မ ခုန်တက်သွားတယ်။ ဟော စားပြီဗျို့။ ကြက်သားတုံးကြီးတွေကို အားရပါးရကို ကိုက်စားတော့တာပဲဗျာ။ စားရင်းနဲ့ မဖဲဝါက ကျုပ်ကို လှမ်းကြည့်တယ်။

"ဒီလိုပါ မဖဲဝါ. . . . . ."

ကျုပ်က ကိုဆင်ပေါက် သေတာကစပြီး ညဘက်လိုက်ပြီး သွေးစုပ်တဲ့အထိ ပြောပြလိုက်တယ်။ မနေ့ညက ရဲတွေ သေနတ်နဲ့ ပစ်တာပါ ပါတာပေါ့ဗျာ။

"တာတေ တိုက်တိုက်ဆိုင်ဆိုင် အကုသိုလ်ကြီးတဲ့ ဆင်ပေါက်က နေကြတ်တဲ့အချိန်မှာ ရုတ်တရက် သေသွားတယ်၊ ဒီလို နေအကြာကြီးကြတ်ရင် သွေးစုပ်တဲ့ သရဲတွေက ထွက်လာတတ်ကြတယ်၊ အခုလည်း ဆင်ပေါက် ဝိညာဉ်ချုပ်ကာနီးမှာ သူ့အနားကို ရောက်နေတဲ့ သွေးစုပ်တဲ့သရဲက သူ့ကိုယ်ထဲကို ဝင်သွားတာ၊ အဲဒါ ဆင်ပေါက် မဟုတ်တော့ဘူး၊ ဒီည သန်းခေါင်ကျော်ရင် ထွက်လာလိမ့်မယ်၊ တံစူးဝါးကို ချွန်ပြီး ရင်ဝကိုစိုက်လိုက် သွေးစုပ်သရဲ သေသွားလိမ့်မယ်၊ နှလုံးကို တည့်တည့်ချိန်ပြီးထိုးတာတေ၊ ပြီးရင် ချက်ချင်း မီးသဂြိုဟ်ပစ်လိုက် ကြားလား"

"ကြားပါပြီ သချိုင်းရှင်မကြီးဗျာ"

အားလုံး စားသောက်ပြီးတော့ မဖဲဝါ ပြန်သွားရောဗျို့။



www.burmeseclassic.com

www.burmeseclassic.com



သတိလစ်သွားတဲ့ ဒေါ်ဆိတ်မကို ကျုပ်နဲ့ ကိုကြီးမြဖေက ပွေ့ထူ
ရေနဲ့တောက်တော့မှ ဒေါ်ဆိတ်မကြီး သတိရလာတာပေါ့ဗျာ။

ကျုပ်တို့ အားချင်းစီစဉ်ရပြီပေါ့ဗျာ။ ဟသ်ာနဲ့ ကာလသား
တစ်ယောက်က ဒေါ်ဆိတ်မကို ခေါ်ပြီး ရွာကိုပြန်တယ်။ ခဏကြာ
တော့ တံစူးဝါးကိုချွန်ပြီး ယူလာကြတယ်။ တံစူးဝါးက ဝါးအစိမ်း
ကြီး ရှိသေးတာဗျ။ လှံသွားလိုကို ချွန်မြနေတာ။ ကျုပ်တို့အားလုံး
ပုန်းပြီး နေရာယူကြတယ်။ ကျုပ်ကတော့ ကိုဆင်ပေါက်ရဲ့ မြေပုံနဲ့
မနီးမဝေးက ဘိစပ်တောလေးထဲမှာ တံစူးဝါးကိုင်ပြီး ပုန်းနေရတာ
ပေါ့ဗျာ။ ပုဆိုးကိုလည်း ခါးတောင်း ကျိုက်ထားရတာဗျ။

"ဖျန်း၊ ဖျန်း၊ ဖျန်း၊ အား၊ အား၊ အား"

ဟော ကျီးကန်းတွေ လန့်ပြီး ပြုကုန်ပြီဗျို့။ သွေးစုပ်
ကောင်ကြီး ထွက်လာတော့မယ်ထင်တယ်။ ဟော မြေပုံကြီး ကြွ
တက်လာပြီ။ ဟော မြေပုံအလယ်တည့်တည့်က ကွဲထွက်သွားပြီဗျို့။
ဟော ထွက်လာပြီ ထွက်လာပြီ။ သွေးစုပ်ကောင်ကြီး ထွက်လာပြီ
ပထမတော့ ခေါင်းလေး ပေါ်လာတယ်။ နောက်တော့ ကိုယ်လုံး
ကြီးပါ ပေါ်လာတာဗျ။ ဟော ထပြီ၊ ထပြီ။ မတ်တတ်ကြီး ရပ်
လိုက်ပြီဗျို့။ ဟာ ကောင်းကင်ကို မော့ကြည့်ပြီး ပါးစပ်ကြီး ဟထား
တယ်ဗျ။ အောင်မယ်လေး အစွယ်ကြီးတွေမှ အရှည်ကြီးတွေဗျာ
ဖွေးနေတာပဲ။





ကျုပ်လက်ထဲက တံစူးဝါးချွန်ကို လက်ထဲမှာ တင်းနေ
အောင် ဆုပ်လိုက်တယ်။ ကဲ ကျုပ် ပုန်းနေရာကနေ ဆတ်ကနဲ
ထလိုက်ပြီ။ သွေးစုပ်ကောင်ကြီးက ခေါင်းကြီးမော့ပြီး ကောင်းကင်
ကိုကြည့်နေတော့ ကျုပ်ကို မမြင်ဘူးဗျ။ ခုန်ပြီ။ ကျုပ် ဘိစပ်တော
ထဲကနေ ခုန်ထွက်လိုက်ပြီ။ ကျုပ် တစ်ရှိန်ထိုးပြေးပြီး သွေးစုပ်
ကောင်ရဲ့ နှလုံးတည့်တည့်ကို မဖဲဝါပြောတဲ့အတိုင်း တစ်ကိုယ်လုံး
အားနဲ့ ထိုးစိုက်ချလိုက်တယ်။

"အား"

အသံနက်ကြီးနဲ့ ကြုံးအော်လိုက်တဲ့ သွေးစုပ်ကောင်ကြီးရဲ့
အသံဟာ သချိုင်းတစ်ခုလုံး ဖုံးသွားတော့တာပေါ့ဗျာ။

သွေးစုပ်ကောင်ရဲ့ ရင်ဝမှာ စိုက်ဝင်နေတဲ့ တံစူးဝါးကို
ဂရုမစိုက်ဘဲ ထပ်ပြီးဖိသွင်းလိုက်တယ်။

"အား၊ အား"

သွားပြီ။ မျက်လုံးကြီးပြူးပြီး ဒူးထောက်လျက်ကြီး ကျသွား
ပြီ။ ကျုပ်ကလည်း တံစူးဝါးကို ဖိပြီး ထိုးထားတုန်းပဲဗျ။

"အား၊ အား"

နောက်ဆုံးတော့ သွေးစုပ်ကောင်ကြီး အသံတိုးတိုးလေးပဲ
အော်နိုင်တော့တာပေါ့ဗျာ။ ဟော ငြိမ်သွားပြီဗျို့။ ကျုပ်လည်း
ဒူးကြီးထောက်လျက်သားနဲ့ ငြိမ်နေတဲ့ သွေးစုပ်ကောင်ကို နောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုတွန်းလှဲချလိုက်တယ်။

သွားပြီဗျ။ ဒီတစ်ခါတော့ တကယ်သွားတာဗျ။ မနေ့က ညက သေနတ်နဲ့ ပစ်တုန်းက မသေတော့ မြေကြီးထဲကို ပြန်ဝင်သွားတယ်။ ခုတော့ မြေကြီးထဲကို မဝင်နိုင်တော့ဘူးပေါ့ဗျာ။

"ကဲ မီးသင်္ဂြိုဟ်ဖို့ လုပ်ကြဟေ့"

ကျုပ်က အော်ပြောလိုက်တော့မှ ကိုကြီးမြဖေနဲ့ ကာလသားတွေ ထွက်လာကြတယ်။ သချိုင်းဇရပ်ပေါ်မှာ အဆင်သင့်ရှိနေတဲ့ ထင်းတုံးတွေကို ဝိုင်းသယ်ပြီး မီးဖိုကြတာပေါ့ဗျာ။

မီးဖိုပြင်ပြီး တစ်နာရီလောက်ကြာတော့ သွေးစုပ်ကောင်ကို ကျုပ်တို့တွေ ဖုတ်သွင်းသင်္ဂြိုဟ်လိုက်ကြတာပေါ့ဗျာ။

တစ်စမကျန် ပြာဖြစ်သွားတော့မှ ကျုပ်တို့ ဆပ်သမြောင်ကို ပြန်ခဲ့ကြတာပါ။ ရွာရောက်တော့ အားလုံးဝမ်းသာအားရနဲ့ သွေးစုပ်ကောင်အကြောင်းကို ပြောကြ ဆိုကြတာ မိုးကို စင်စင်လင်းရောဗျာ။ နောက်တစ်နေ့မှာ ကိုကြီးမြဖေနဲ့ ဟသ်ာက ကျုပ်ကို လှည်းနဲ့ လိုက်ပို့ကြတယ်လေ။

*(မှတ်ချက် ။ ။ တံစူးဝါးအကြောင်းကို 'မှန်ထဲက သရဲမ' ဝတ္ထုမှာ ကျုပ် ပြောပြခဲ့ပြီးပါပြီ)*

တာတေ

□□□





# ဒုတိယ မဖဲဝါ

တာတေဆိုတဲ့ ကျုပ်က စပ်စပ်စုစု သိပ်လုပ်တော့ နှိုက်နှိုက်ချွတ်ချွတ်တွေလည်း သိတာပေါ့ဗျာ။ ကျုပ်တို့အညာသားများနွားတော့ တအားချစ်တာဗျ။ ကိုယ့်အိမ်က နွားကြီးတွေဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



မျက်ခြည်မပြတ် ကြည့်နေကြတာ။ အစာကျွေးချိန် မှန်ရတယ်။ ရေချိုးချိန် မှန်ရတယ်။ ပြီးရင် သူတို့ ဆီးသွားတာ၊ ဝမ်းသွားတာကို အမြဲတမ်း အကဲခတ်နေရတာဗျ။ ဆီးနဲ့ဝမ်းကို ကြည့်ပြီးမှ လိုတဲ့ ဆေးဝါးတိုက်ကျွေးမွေးရတာဗျို့။

ခုနက စကားပဲ ပြန်ဆက်ရဦးမယ်။ ကျုပ်က လွတ်စပ်စု တဲ့ကောင်ဆိုတော့ နှိုက်နှိုက်ချွတ်ချွတ်တွေ အတော်သိသွားဗျ။ ကျုပ်တစ်ခါက ခရီးသွားတုန်း ဟင်္သာတဘက်က ဘိုးတော် ကစ်ယောက်နဲ့ ဆုံဖူးသဗျ။ ဒီဘိုးတော်က နွား အားကြီးချစ်တာ ဗျို့။ ကျုပ်ကလည်း နွားချစ်တဲ့အကောင်ဆိုတော့ ပေါနးခင်သွား တော့တာပေ့ါဗျာ။

ဒီမှာတင် သူပြောပြတဲ့ နွားဆေးကို ကျုပ်သိခဲ့ရတာဗျ။ လူတိုင်းတော့ ကြိုက်ချင်မှ ကြိုက်မှာဗျ။ ကျုပ်ကတော့ ဗူးစမ်းချင် တဲ့ကောင်ဆိုတော့ အဘနွားကြီးတွေကို စမ်းကြည့်တာ ကျုပ် အဘတောင် မသိဘူးဗျ။ ဘာပြောကောင်းမတုံးဗျာ။ ကျုပ်တို့ နွားကြီးတွေ ဝဖီးတက်လာပြီး ကျန်းမာရေးဆို ဒေါင်ဒေါင်ကို မြည်နေရောဗျာ။

ဒီလိုဗျ။ ခင်ဗျားမှာ နွားရှိရင် စမ်းကြည့်လေ။ မလုပ်ရဲ ရင်လည်း မလုပ်နဲ့ပေ့ါဗျာ။

မြွေပွေးဖြစ်ဖြစ်၊ မြွေဟောက်ဖြစ်ဖြစ်ပေ့ါဗျာ။ အသေရခဲ့





ရင် ဝါးဘိုးဝါးကျည်တောက်ထဲမှာ အဲဒီမြွေသေကို ခွေပြီထည့်ဗျ။ ပြီးရင် ကျည်တောက်ကို ဆားအပြည့်သိပ်လိုက်။ နွားတင်းကုတ် ထဲက တိုင်တစ်တိုင်မှာ အဲဒီဝါးဘိုးကျည်တောက်ကို ချိတ်ထား။ ဆားက တဖြည်းဖြည်း ကျသွားလိမ့်မယ်။ ဆားထပ်သိပ်။ အဲဒီလို ဆားကျလိုက် ထပ်သိပ်လိုက် လုပ်ပေးရင်းနဲ့ နောက်တော့ ဝါး ကျည်တောက်ရဲ့ မျက်နှာပြင်ပေါ်မှာ ရေစက်ကလေးတွေလို အရည်တွေသီးပြီး ထွက်လာလိမ့်မယ်။ ဒီတော့မှ နွားကို ဝါးကျည် တောက်နားခေါ်သွားပြီး ပေးလိုက်။ နွားက အဲဒီအရည်ကလေး တွေကို အငမ်းမရ လျက်လိမ့်မယ်။ ဆားသာ သိပ်သိပ်ပေး။ ဝါးကျည်တောက်ရဲ့ မျက်နှာပြင်ပေါ်မှာ အရည်ကလေးတွေ သီးနေလိမ့်မယ်။ နွားကလည်း အငမ်းမရကို လျက်မှာဗျ။

ခင်ဗျားနွားတွေကို စောင့်ကြည့်လေ။ ဝဖီးတက်လာရော ဗျို့။ အဘ မသိအောင် ကျုပ်က တိတ်တိတ်လုပ်ပြီး နွားတွေကို လျက်ခိုင်းတာဗျ။ ကျုပ်အဘကတော့ လူတွေ ချီးမွမ်းတိုင်း ပြော တာပေ့ါဗျာ။

"ကိုညာဏ်တို့များ နွားကိုင်တဲ့နေရာမှာ ကောင်းချက် တော့ မပြောနဲ့တော့ဗျို့၊ နွားကြီးတွေများ ဖီးတက်နေတာပဲဗျာ"

"ဟာ ကျုပ်တော်တာ မဟုတ်ဘူးဗျ၊ ကျုပ်သား တာတေ ကြောင့်ပါဗျာ၊ တာတေက သူ့နွားကြီးတွေကိုလွတ်ဂရုစိုက်တဲ့ကောင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ကြိတ်လုပ်နေတဲ့ နွားဆေးကိုတော့ သူတို့ မသိကြဘူးဗျ။ ကျုပ်လည်း မပြောရဲတော့ ငြိမ်နေရတာပေါ့ဗျာ။ ကျုပ်လည်း မပြောရဲတော့ ငြိမ်နေရတာပေါ့ဗျာ။ ကျုပ်သာ ဖွင့်ပြောလိုက်ရင် အဘက ကျုပ်ကို ထတောင်ကန်မလားပဲဗျ။ သူ့နွားတွေကို ပေါက်ကရလုပ်တယ် ဆိုပြီးတော့လေ။

ဒီကနေ့တော့ တာတေ အိမ်မြဲတဲ့နေ့ပဲဗျ။ မမြဲလို့လည်း မရဘူးလေ။ အဘနဲ့ အမေက ကျုပ်ကို ဆီကြိတ်ခိုင်းထားလို့ဗျ။ မနက်စောစောထပြီး ကျုပ်မှာ ဆီဆုံကြိတ်နေရတာဗျ။

ဒါပေမဲ့ ဆီကြိတ်ရတာ သက်သာပါတယ်ဗျာ။ ကျုပ်တို့နွားကြီးတွေက ဟဲ့တစ်ချက်လုပ်ရတာ မဟုတ်ဘူးလေဗျာ။ တစ်ကောင်ညောင်းရင် တစ်ကောင်ပြောင်းတတ်ရဲ့ပဲဗျ။

နှမ်းဆီအစစ်၊ ပဲဆီအစစ် ဆိုတာကတော့ ကျုပ်တို့ကြိတ်တဲ့ ဆုံဆီတွေကို ပြောတာပေါ့ဗျာ။ အဘတို့ အမေတို့ကတော့ အိမ်မှာကြိတ်တဲ့ ဆုံဆီကလွဲရင် တခြားဘယ်ဆီကိုမှ မစားတတ်ဘူးဗျ။ ဒါကတော့ တောင်သူတွေကိုဗျာ။

ကျုပ်လည်း ထမင်းစားချိန်ရောက်မှ နွားဖြုတ်ပြီး နားနေတော့တာဗျို့။ ကိုပိန်တို့ဘက်မှာ ဝက်ပေါ်လို့ အမေက ဝက်သားသွားပြီးဆုံတယ်။ ကိုပိန်က ကျုပ်စားဖို့ဆိုပြီးတော့ ကလီစာတွေ အဆစ်ပေးလိုက်ဆိုပဲ။ ကျုပ်ပြောခဲ့ဖူးပါတယ်။ ကျုပ်အမေက





ဝက်သားချက် အားကြီးကောင်းတာဗျ။

ကျုပ်လည်း တစ်မနက်လုံး ဆီကြိတ်နေရတော့ မောမောနဲ့ စားလိုက်တာ။ ထမင်းသုံးပန်းကန်ကို ချောရောဗျာ။ ဆီကြိတ်တာက မပြီးသေးဘူးဗျ။ ဒါပေမဲ့ တစ်မှေးတော့ အိပ်ရဦးမယ်ဗျို့။

မန်ကျည်းပင်ကြီးအောက်မှာ ဝါးဘိုးခြမ်းလေး ခေါင်းအုံးပြီး ကျုပ်အိပ်တယ်။ ဒါပေမဲ့ အလုပ်ရှိတော့ စိတ်လွတ်ကိုယ်လွတ်တော့ မအိပ်ရဲဘူးဗျ။ မှေးရုံလောက်ပါပဲ။

ကျုပ် နိုးလာတာနဲ့ ဆီဆုံမှာ နွားပြန်တပ်တယ်။ ဒီတစ်ခါ နွားညိုကြီးနဲ့ ကြိတ်ရမှာဗျ။

ကျုပ် ဆီကြိတ်ပြီး အရှိန်ရရုံလောက်ကလေးပဲ ရှိသေးတာဗျ။

“ကိုကြီးတာတေ၊ ကိုကြီးတာတေ”

ကျောက်ခဲအသံဗျ။ ဝိုင်းဝကနေ အော်ခေါ်နေတာ။

“ကျောက်ခဲလား၊ ငါ ဒီမှာကွ၊ လာလေ၊ ဆီဆုံမှာ ဆီကြိတ်လို့”

“ဩော် လာပြီ၊ လာပြီ”

ကျောက်ခဲရော၊ သံမဏိရောဗျ။ ကျုပ် ဆီကြိတ်တာကို ဒီကောင်နှစ်ကောင် သေသေချာချာ ကြည့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကိုကြီးတာတေ နားဗျာ၊ ကျုပ်နဲ့ သံမဏိ ကြိတ်ဖေးမယ်၊ ပြီးတော့ ကိုကြီးတာတေကို ပြောစရာရှိလို့ဗျ"

"ဟေ ဘာတုံးကွ၊ ဘာပြောစရာရှိလို့တုံး"

ကျုပ်နဲ့ ဒီကောင်နှစ်ကောင် ပြောတုန်းရှိသေးတယ်။ အဘက အိမ်ပေါ်ကနေ ဆင်းလာတယ်။

"လူလေး မင်း တစ်မနက်လုံးကြိတ်နေတာ၊ အဘ တစ်လဲကြိတ်ဦးမယ်၊ နို့ ခုနက ကျောက်ခဲပြောတာ ဘိုး နားစွံနားဖျား ကြားလိုက်ပါတယ်၊ ဘာများတုံးကွ"

ကျုပ်က ဆီဆုံကို ဆက်ပြီးစီးနေတုန်းဗျ။ မဖယ်သေးပါဘူး။

"ဒီလို ကိုကြီးတာတေရ၊ ရွာမြောက်ပိုင်းက ဒေါ်ရွှေမကြီးကို သိတယ်မို့လား"

"အေး သိတယ်လေ၊ ဘိုးသာခင်ရဲ့မိန်းမ အရီးရွှေမကို ပြောတာမို့လား"

"ဟုတ်တယ်၊ ဟုတ်တယ်"

ကျောက်ခဲက လူသွက်ဗျ။ သံမဏိက လူအေး၊ စကားတောင် မေးမှပြောတဲ့ကောင်။

"ဟဲ့ ကျောက်ခဲ၊ ရွှေမ ဘာဖြစ်လို့တုံး"

"ဗိုက်အောင့်တယ်ဆိုပြီး လူးလှိမ့်အော်နေရတဗျို့"





"ဟေ ဟုတ်လား၊ ဆေးထိုးဆရာ မခေါ်ဘူးလား"

"ခေါ်တယ်ဗျ၊ ဆေးထိုးဆရာ ကုတာလည်း မသက်သာဘူးဗျ၊ အနီးအနားက လူတွေက မြို့ခေါ်သွားပြီး ဆေးရုံတင်ခိုင်းတယ်၊ ဒါပေမဲ့ အရီးရွှေမက ပြောတယ်ဗျ"

"ဟေ ဘာပြောတုံး"

"ငါ့ရောဂါ ငါသိတယ်တဲ့၊ ဒါ ဆေးရုံတက်ရမယ့်ကိစ္စ မဟုတ်ဘူးတဲ့ဗျ"

"ဟေ နို့ဘာဖြစ်တာတဲ့တုံး"

"ဗူးစောင်းတာတဲ့ဗျ"

"ဘာကွ၊ ဗူးစောင်းတာ ဟုတ်လား ကျောက်ခဲ"

ဘာဗူးက စောင်းတာတုံး။ ဗူးစောင်းရင် ပြန်တည့်လိုက်ရင် မရဘူးလား"

"ဟာ ကိုကြီးတာတေကလည်း မဟုတ်တာ ပြောရောမယ်၊ အရီးရွှေမ ပြောတာက ဆားဗူးတို့၊ နန္နွင်းမှုန့်ဗူးတို့ကို ပြောတာမဟုတ်ဘူးဗျ၊ ပညာဗူးကို ပြောတာ"

"ဟေ အရီးရွှေမက ပညာသည် မဟုတ်တာ ကျောက်ခဲရ"

"ဩော် ဘိုးသဘောပေါက်ပြီ ကျောက်ခဲရေ၊ ဟုတ်လောက်တယ်ကွ၊ ရွှေမတို့ ရွှေခတို့ ငယ်ငယ်က ပညာယူဖူးတယ်လို့ ကြားဖူးတယ်၊ ဒါပေမဲ့ သူတို့ညီအစ်မတွေ ပညာသည်တော့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မလာကြပါဘူးကွ”

“ဟုတ်တယ် ဘိုးရ၊ အရီးရွှေခက ပညာမယူဖြစ်ဘူးတဲ့ဗျ၊ အရီးရွှေမကတော့ ပညာယူတယ်တဲ့၊ ဒါပေမဲ့ ပညာဗူးသွင်းတဲ့ အခါမှာ ဗူးမကျဘူးတဲ့ဗျ၊ ဗူးစောင်းနေတယ်တဲ့ဗျ၊ ဒါကြောင့် ပညာသည် ဖြစ်မလာဘူးတဲ့၊ အခု အဲဒီပညာဗူးက သူ့ဗိုက်ထဲမှာ ဒုက္ခပေးနေတာတဲ့ဗျို့။

“ဩော် ဒီလိုကိုး”

ကျုပ်က ပြောလိုက်တယ်။ ဒီတော့မှ ကျောက်ခဲက စကားဆက်တော့တာဗျ။

“အဲဒါ အခု အရီးရွှေမက ကိုကြီးတာတေကို သွားခေါ် ပေးပါဆိုလို့ ကျုပ်တို့ လာခဲ့တာဗျ”

“နို့ နေပါဦးကွ၊ ဒီအကြောင်းတွေကို ဘယ်သူက ပြော လို့ မင်းတို့ သိလာတာတုံး”

“အရီးရွှေမ အကြောင်းလား”

“အေးလေ . . . ငါ့အဘတောင် ကြားဖူးရုံပဲရှိတာ သေသေချာချာသိတာ မဟုတ်ဘူးကွ၊ မင်းတို့က အသေးစိတ် သိလာတာဆိုတော့ ဘယ်လိုများ သိလာတာတုံးလို့ ကိုကြီး တာတေက မေးတာပါ”

“ဟာ အရီးရွှေမကိုယ်တိုင် ပြောလိုက်တာလေဗျာ၊ ဒီထဲ





အကျိုးအကြောင်းရှိတယ်၊ အဲဒါတွေ တာတေကို ပြောပြလိုက်၊ အာတေ လိုက်ခဲ့ပါလို့ သေသေချာချာပြောလို့ မှာလိုက်လို့ ကျုပ် တို့ လာရတာဗျ”

“ဩော် ဒီလိုလား”

အဘရော ကျုပ်ရော ပြိုင်တူပြောလိုက်ကြတာဗျို့။ ကျုပ် သည်း ဘာလုပ်ပေးရမှာလဲဆိုတာ စဉ်းစားလိုက်တယ်။

“လူလေး သွားလိုက်လေ၊ အဘ ဆက်ကြိတ်လိုက်မယ်”

“ဘိုး ကျုပ်တို့ နေခဲ့မယ်လေ၊ ဘိုးကို ကူလုပ်ပေးရမလား”

“ဟာ ရပါတယ်ကွ ကျောက်ခဲရ၊ မင်းတို့အစ်ကိုနဲ့သာ လိုက်သွားကြ၊ လိုတာလုပ်ပေးရဦးမှာမို့လား”

ကျုပ် ဆေးလွယ်အိတ်လွယ်ပြီး ဝိုင်းထဲက ထွက်ခဲ့တယ်။ ကျောက်ခဲနဲ့ သံမဏိက ကျုပ်နောက်က ကပ်ပါလာတာပေ့ါဗျာ။

ဘိုးယာခင်တို့ဝိုင်းထဲကို ကျုပ်တို့ ရောက်တော့-

“အောင်မယ်လေးတော် အောင့်လိုက်တာ၊ အမယ်လေး အမေရေ သေတော့မှာပါပဲ”

အရီးရွှေမရဲ့ ညည်းသံကြီးကို ကြားလိုက်ရတယ်ဗျ။

“ဟာ တာတေ လာ လာ လူလေး၊ အိမ်ပေါ် တန်းတက်ခဲ့ ကွာ”

ဘိုးယာခင်တို့ အိမ်ကြီးက အိမ်ကောင်းဗျ။ တိုင်လုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေမှ အကြီးကြီးတွေနဲ့ ဆောက်ထားတာ။ ကျုပ်တို့ရွာမှာ သစ်ပင်လုံးပတ်ကြီးကြောင်း ပြောချင်ရင် လူကြီးတွေက ယာခင့်အိမ်တိုင်လောက် ရှိတယ်တို့ ယာခင့်အိမ်တိုင်ထက် ကြီးတယ်တို့ ပြောကြတာဗျ။ အဲဒီလို စကားထဲ ထည့်ပြောရလောက်အောင်ကို အိမ်တိုင်ကြီးတဲ့ အိမ်ကြီးဗျ။

အိမ်ပေါ်ရောက်ပြီး အသင့်ခင်းထားတဲ့ ဖျာပေါ်မှာ ထိုင်လိုက်ပြီးတာနဲ့ ကျုပ်က တန်းမေးတော့တာဗျ။

"အဘိုး အရီးရွှေမက ဘာဖြစ်လို့တုံး"

"အေးကွ၊ တာတေရေ၊ မင်းတော့ ကိုယ့်သားလို ဖြစ်နေတော့ အမှန်ပြောရတော့မှာပဲပေါ့ကွာ၊ ဟိုတုန်းခေတ်က ဝေတို့ရွာတွေဘက်မှာ ပညာသည်တွေ လွှတ်ပေါ်တာကွ၊ ဒီတော့ သားသမီးအရွယ်ရောက်လာရင် လူပြုစားမခံရအောင် ဆေးတွေဝါးတွေ ထိုးကြရ၊ အင်းတွေဘာတွေ တိုက်ကြရနဲ့ အကာအကွယ်တွေ လုပ်ကြရတာပေါ့ကွာ၊ မင်းအရီးက ငယ်ငယ်က ရုပ်ကလေးကလှတော့ မိဘတွေက သူများဆေးတွေ ဝါးတွေ မခတ်နိုင်အောင်ဆိုပြီး ပညာယူခိုင်းတာတဲ့ကွ။ အဲဒါ သူ့ကို ပညာဖူးသွင်းပေးတဲ့ မိန်းမကြီးက ဖူးသွင်းတာ မတည့်တော့ ပညာလည်း မရဘဲ တစ်ခါ တစ်ခါ ဗိုက်ထအောင့်တတ်တယ်ကွ၊ ခါတိုင်းအောင့်တာက ဒီလောက်မဆိုးဘူးကွ၊ နည်းနည်းလောက်ပဲ အောင့်တာ။





ပြီးရင် ပျောက်သွားရောကွ၊ ဒီတစ်ခါအောင့်တာက တော်တော်ဆိုးတယ်။ အသက်ထွက်သွားမလောက်ကို အောင့်တာ၊ ဘိုးတို့လည်း ညကောင်းကောင်းမအိပ်ရတာ သုံးလေးညတောင် ရှိပြီကွ တာတေရ"

"အောင်မယ်လေးတော် သေတော့မယ်ထင်တယ်"

အိပ်ခန်းထဲက အရီးရွှေမ ညည်းသံကြီး ထွက်လာတယ်ဗျ။

"ကဲ အဘိုး ကျုပ် အရီးနဲ့ စကားပြောချင်တယ်ဗျာ"

ကျုပ်က ပြောလိုက်ရောဗျ။

"လာလေကွာ တာတေရာ၊ မင်းအရီး ဟိုအခန်းထဲမှာ"

"ကဲ ကျောက်ခဲနဲ့ သံမဏိက ဒီမှာနေခဲ့ကြ"

"အေး အေး ကျောက်ခဲတို့က ဒီမှာနေကြ၊ ဟိုမှာ လက်ဖက်စား၊ ဆတ်သားခြောက်ကလေးလည်း စားကြ၊ အကြမ်းလည်း သောက်ကြကွာ"

ဘိုးယာခင်နဲ့ ကျုပ်နဲ့ အခန်းထဲ ဝင်ခဲ့တယ်။

"တာတေလား၊ လာ လာ၊ လူကလေး အရီးကို ကယ်နိုင်ရင် ကယ်ပါဦး ဘာတေ"

"အကျိုးအကြောင်းတော့ ဘိုးပြောပြလို့ သိပြီးပါပြီ အရီးရာ၊ ကျုပ် တတ်နိုင်သလောက် လုပ်ပေးပါမယ်၊ ဒါပေမဲ့ ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆရာ မဟုတ်တော့ အတတ်တော့ မပြောနိုင်ဘူးပေါ့ဗျာ"

"အေးပါ အေးပါ၊ လူလေးရယ်၊ အရီးရွှေမ သိပါတယ်"

ကျုပ်က လည်ပင်းမှာ ဆွဲထားတဲ့ အိတ်ရှုံ့ကလေးထဲက သစ်စုန်းဆေးတော်ကို ထုတ်လိုက်တယ်ဗျ။

"ကဲ အရီး အောင့်တဲ့နေရာပြဗျာ"

"ဟောဒီ ဘယ်ဘက်ခြမ်း၊ ဒီနေရာ အောင့်တာကွဲ့ တာတေရဲ့၊ အောင်မယ်လေး၊ ကျွတ် ကျွတ်"

"က အရီး လက်ဖယ်၊ လက်ဖယ်"

ကျုပ်က အရီးရွှေမ ပြတဲ့နေရာပေါ်ကို သစ်စုန်းဆေးတောင့်နဲ့ ထောက်လိုက်တယ်။

"အား. . အား. . အောင်မယ်လေး၊ ပူလိုက်တာတော် မရဘူး တာတေ၊ ဖယ်လိုက်၊ ဖယ်လိုက်၊ အရီး မခံနိုင်ဘူးဟဲ့"

ကျုပ် နားလည်သွားပြီ။ အရီးပြောတဲ့ ပညာဖူးဆိုတာ အသေအချာကို ရှိနေတာပဲဗျ။ ကျုပ် စဉ်းစားတယ်။ ကျုပ်ကို ဆရာနွံဖ ပြောခဲ့ဖူးတာတွေကို ကျုပ် ပြန်တွေးတယ်။ ဩော် ကျုပ်မှာ ဆရာနွံဖ ပေးထားတဲ့ 'ကဝေစက်ထုတ်အင်း' ဆိုတာ ရှိနေတာပဲဗျ။

"ကဲ အရီး နည်းနည်းအားယူပြီးထဗျာ၊ ဘုရားစင်ရှေ့ကို ဘိုးက တွဲခေါ်ခဲ့ဗျာ"





ကျုပ်က ဆေးလွယ်အိတ်ကို လွယ်လျက်သားနဲ့ အိမ်ရှေ့ ခန်းကို ထွက်လာခဲ့တယ်ဗျ။ ဘိုးယာခင်ရဲ့ ဘုရားစင်ကြီးက တော်တော်ကို ခမ်းနားပါ့ဗျာ။

ကျုပ်က ဘုရားစင်ပေါ်မှာ ဖယောင်းတိုင် ငါးတိုင် ထွန်း ညှိတ်တယ်။ ပြီးတော့ သောက်တော်ရေ ငါးခွက်ကပ်တယ်။

အရီးရွှေမက ဘုရားစင်ရှေ့မှာ ကြုံ့ကြုံ့ထိုင်လို့ဗျ။

"ဘိုး ကျုပ်ကို သောက်ရေတစ်ခွက် ပေးဗျာ၊ ပြီးတော့ ထွေးခံပါ ယူခဲ့ဗျာ"

"နေ နေ၊ ဘိုး ကျုပ် သွားခပ်မယ်"

ကျောက်ခဲက လွှတ်ဖင်ပေါ့တဲ့ကောင်ဗျ။ သောက်ရေ တစ်ဖန်ခွက် ပြေးခပ်တယ်။ သံမဏိက ထွေးခံသွားယူတယ်။ ကျုပ်က 'ကဝေစက်ထုတ်အင်းချပ်' ကို သောက်တော်ရေခွက်ထဲ ထည့်လိုက်တယ်။ ပြီးတော့ ဘုရားစင်ပေါ်ကို ရေဖန်ခွက်တင် လိုက်တယ်။ ကျုပ် ဘုရားရှိခိုးပြီး ဘုရားမှာ တိုင်တည်တယ်။ ကျုပ် သစ္စာဆိုတယ်။ ဒါတွေကတော့ ဆရာနွံဖတို့ လုပ်တာတွေ ကို မှတ်ထားတာပေါ့ဗျာ။

"ကဲ အရီး၊ အရီးကိုယ်တိုင် ဘုရားရှိခိုးပြီး ပညာတွေကို သိုချင်တော့တဲ့အကြောင်း၊ တစ်စမကျန် စွန့်လွှတ်ပါပြီဆိုတဲ့ အကြောင်း ဘုရားကို တိုင်တည်ပြီး ပညာတွေကို ဘုရားမှာ



www.burmeseclassic.com

www.burmeseclassic.com



လှူလိုက်ပေတော့ဗျာ။

"အေး အေး"

အရှိုးရွှေမက ကျုပ်ပြောတဲ့အတိုင်း ဘုရားမှာ ပညာရေ
လိုက်တယ်။

"ဟာ"

ကျုပ်ရော ကျောက်ခဲတို့နှစ်ယောက်ရော ဘိုးယာခင်
ရော ပြိုင်တူအော်လိုက်မိတာဗျ။

ဘုရားစင်မှာ ထွန်းထားတဲ့ မီးတိုင်တွေက မီးတောင်
တွေဟာ အပေါ်ကို တစ်ထွာလောက် ထတောက်တာဗျ။

"ဟာ"

"ကဝေစက်ထုတ်အင်း' စိမ်ထားတဲ့ သောက်ရေခွက်
က ရေတွေလည်း တဖျတ်ဖျတ်နဲ့ ထပွက်သွားတယ်ဗျ။ ထူးဆေ
ထူးနေပြီဆိုတာ ကျုပ် သိလိုက်တယ်။ ဘုရားစင်ပေါ်က သော
ရေခွက်ကိုယူပြီး အင်းချပ်ကို နှိုက်ယူလိုက်တယ်။

"ကဲ အရှိုး ဒီရေကို သောက်လိုက်ပေတော့"

အရှိုးက ကျုပ် ကမ်းပေးတဲ့ ရေခွက်ကို လှမ်းယူပြီ
သောက်ချလိုက်တယ်။

"အား. . အောင်မယ်လေး၊ ပူလိုက်တာ၊ ပူလိုက်တာ
အောင်မယ်လေး၊ အန်ချင်တယ်၊ အန်ချင်တယ်"





ဘိုးယာခင်က ကြွေရေသုတ် ထွေးခံကြီးကို အရှိုးရွှေမ
ရှေ့ကို ထိုးပေးလိုက်တယ်။

"အန်လိုက် ရွှေမ၊ အန်ချလိုက်၊ အန်ချလိုက်"

"အား. . ပူဘယ်၊ ပူတယ်၊ ဝေ့၊ ဝေ့"

ဟာ အန်ပြီဗျို့။ အန်ပြီ။ ဟာ ကွမ်းဟာတစ်ယာဗျ။
ကြည့်စမ်း၊ ကွမ်းရွက်က အစိမ်းအတိုင်းပဲ ရှိနေတာဗျို့။ တယ်
သည်းစွမ်းတဲ့ ပညာတွေပါလားဗျာ။ ဟာ စိမ်းစိမ်းဝါဝါ အရောင်
တွေ ထွက်လာတယ်ဗျို့။ ကျုပ်တောင် လန့်ပြီး သစ်စုန်းဆေးတော်
ကို လက်က ယောင်ပြီးကိုင်လိုက်မိတယ်။

ဟော အရောင်တွေ မှိန်မှိန်သွားပြီး ပျောက်သွားပြီဗျ။
ရာနံ့ဖရဲ့ အင်းကလည်း စွမ်းလိုက်တာဗျာ။ အရှိုးရွှေမက
မောသွားတဲ့ပုံနဲ့ ငြိမ်သွားတယ်ဗျ။ အော်တော့ မအော်တော့ဘူး။

"အရှိုး နေလို့ကောင်းရဲ့လား"

အရှိုးရွှေမက ခေါင်းညိတ်ပြတယ်။ ပါးစပ်ကတော့
ဘာမှမပြောနိုင်ဘူးဗျ။ တော်တော်ကို နုံးခွေနေပုံပဲ။ တဖြည်းဖြည်း
တော့ လန်းလာပါတယ်။ ညနေစောင်းလောက်ရောက်တော့
တော်တော်လေး နေကောင်းသွားပြီဗျ။ ကျုပ်နဲ့ ကျောက်ခဲတို့
စ်ယောက် ဘိုးယာခင်ရဲ့ ဝိုင်းထောင့်မှာ တွင်းနက်နက်ကလေး
တစ်တွင်းတူးပြီး အရှိုးရွှေမရဲ့ပညာထုပ်ကို တွင်းထဲမှာမြှုပ်ပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ အရိုးရွေ့မလည်း စကားကောင်းကောင်း ပြောနိုင်လာတယ်။ ကျုပ်တို့လည်း ဘိုးယာခင်နဲ့ အရိုးရွေ့မကို နှုတ်ဆက်ပြီး ပြန်လာခဲ့ကြတယ်။

ကျော်ခဲနဲ့ သံမဏိလည်း သူတို့အိမ် ပြန်သွားကြတာပေါ့ဗျာ။ အိမ်ရောက်တော့ အဘက ဆီကြိုတ်တုန်းဗျ။ ကျုပ်က အဘကို ဖယ်ခိုင်းပြီး ဆီဝင်ကြိတ်တယ်။ ညခုနစ်နာရီလောက်ကျမှ ဆီကြိတ်တာ ပြီးသွားတာဗျို့။

ကျုပ်လည်း မနက်မိုးလင်းကတည်းက စလုပ်လိုက်တာ ခုမှပဲ ပြီးသွားတာလေ။ လူလည်း တော်တော်ပင်ပန်းနေပြီ။ ညစာစားပြီးတာနဲ့ ကျုပ်လည်း အိပ်ရာတန်းဝင်တော့တာပါပဲဗျာ။

အဘကတောင် ပြောသေးဗျ။

"တာတေ အိပ်တော့မလားကွ၊ စကားမပြောတော့ဘူးလား"

"ဟာ ကိုညဏ်ရယ်၊ အိပ်ပါစေတော်၊ ကျုပ်သားမှာ မနက်မိုးလင်းကတည်းက ဆီကြိတ်နေရတာတော့"

"ဒီကြားထဲ ရွေ့မကို ဆေးသွားကုပေးလိုက်ရသေးမို့လားစားထားတဲ့ ကွမ်းယာက နှစ်လေးဆယ်လောက် ကြာတာတောင် အံစိမ်းအတိုင်း ရှိနေတာဆိုပဲ ကိုညဏ်ရဲ့။ ကျုပ်ဖြင့် ကြားရတာနဲ့ တောင် ကြက်သီးထမိရဲ့တော်"





အမေနဲ့ အဘ ပြောနေတဲ့အသံက တဖြည်းဖြည်း ဝေးဝေးသွားသလိုဖြစ်ပြီး ကျုပ် အိပ်ပျော်သွားတယ်။

"တာတေ တာတေ ထစမ်း၊ ထနောင်းကုန်းသချိုင်းကို ချက်ချင်းလာခဲ့၊ ငါ့ကိုယ်ခွဲရုပ်ကလေးယူပြီး အခုချက်ချင်း လာခဲ့ တာတေ"

အိပ်ပျော်နေရာကနေ ကျုပ် 'ဝုန်း'ကနဲ ထထိုင်လိုက်မိတယ်။ ကျုပ်ရင်တွေလည်း တဒုန်းဒုန်း ခုန်နေလို့ဗျ။

ဒါ မဖဲဝါ အသံဗျ။ ကျုပ် ကောင်းကောင်းမှတ်မိတာပေါ့ဗျာ။ ဘယ်လိုဖြစ်တာပါလိမ့်။ အိပ်မက်ပဲဗျာ မက်ချင်တာ မက်မှာပေါ့လို့ တွေးလိုက်တယ်။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဟာ ဒါ ကျုပ်သေတ္တာထဲက မဖဲဝါရဲ့ ကိုယ်ခွဲရုပ်ကလေးအသံဗျ။ ကျုပ် အိပ်ရာက ချက်ချင်းထပြီး မာတ်မီးနဲ့ ထိုးကြည့်တယ်။ သေတ္တာဖွင့်ပြီး အရုပ်ကလေးကို ထုတ်ယူလိုက်တယ်။ ဟာ အရုပ်ကလေးက ကျုပ်လက်ထဲမှာ လှုပ်နေသလိုပဲဗျ။ ထူးတော့ ထူးနေတာပဲဗျ။ ကျုပ် သွားရင်ကောင်းမလားလို့ တွေးနေမိတယ်။ ဒီလိုအိပ်မက်မျိုးကို ကျုပ် တစ်ခါမှ မက်ဖူးတာမှ မဟုတ်တာ။ နောက်တော့ ကျုပ်သွားမယ်လို့ ဆုံးဖြတ်လိုက်တယ်။

မျက်ကွင်းဆေး ဘွင်းတယ်။ ကျုပ်ရဲ့ဆေးလွယ်အိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



စလွယ်သိုင်း လွယ်လိုက်တယ်။ မဖဲဝါကိုယ်ခွဲ အရုပ်ကလေးကိုတော့ ကျုပ်လက်မှာ ကိုင်ထားတယ်။

ကျန်တဲ့လက်တစ်ဖက်က သုံးတောင့်ထိုးဓာတ်မီးကို ကိုင်လို့ပေါ့ဗျာ။ အဘနဲ့ အမေ မနိုးအောင် တိတ်တိတ်ကလေး အိမ်က ထွက်လာခဲ့ရတာဗျ။ ရွာထဲရောက်တော့ လူတွေ အိပ်မောကျနေကြလို့ဗျ။

ညသန်းခေါင်လောက် ရှိမှာဗျ။

ကျုပ် အိမ်ထဲက ထွက်ခါနီးမှာ သန်းခေါင်ကြက်တွန်သံကြားလိုက်ရတယ်။

ကျုပ်က ဓာတ်မီးကို ခပ်အုပ်အုပ်ထိုးပြီး ရွာပြင်ထွက်လာခဲ့တာဗျို့။ ရွာအနောက်ဘက်တံခါးကနေ ထွက်လိုက်တော့ ကုက္ကိုပင်တန်းကြီးအောက်ကို ရောက်လာတယ်။ ဒါ ကျုပ်တို့ရွာက အသုဘချတဲ့လမ်းကလေးပေါ့ဗျာ။ နေ့ခင်းဆိုရင် နေပျောက်တောင်ထိုးတာ မဟုတ်ဘူးဗျ။ ကုက္ကိုပင်ကြီးတွေရဲ့ အရိပ်တွေက ဆက်နေတာလေဗျာ။ ဒီကုက္ကိုပင်လမ်းကလေးဆုံးအောင် သွားလိုက်ရင် ကျုပ်တို့ ထနောင်းကုန်းသင်္ချိုင်းကို ရောက်ရောဗျ။

ကျုပ်မက်တဲ့အိပ်မက်ကလည်း အကောင်အထည်မြင်ရတာမဟုတ်ဘူးဗျ။ အသံချည်းမက်တာ။ ကျုပ် သင်္ချိုင်းအဝကိုရောက်တော့ သင်္ချိုင်းထဲကို အကဲခတ်ကြည့်လိုက်မိတယ်။





'ကျုပ်တော့ ထူးထူးခြားခြား ဘာမှမမြင်ဘူးဗျ။ အုတ်ဂူတွေကလည်း ကွယ်နေတော့ မမြင်ဘူးလေဗျာ။ ကျုပ် သင်္ချိုင်း...ရပ်ပေါ်ကို တက်ခဲ့တယ်။ ဇရပ်ကမြင့်တော့ အပေါ်စီးက မြင်နေရတာပေါ့ဗျာ။

ဟာ တွေ့ပြီဗျို့။ သင်္ချိုင်းရဲ့ အနောက်ဘက်က ကွင်းကြီးထဲမှာဗျ။ အလင်းတန်းကြီးတစ်ခု ထွက်နေတာကို တွေ့လိုက်ရတယ်။

...်လည်း ဂူတွေကိုပတ်ပြီး ခပ်သုတ်သုတ် လျှောက်...တ်တယ်။ ကျုပ် ဓာတ်မီးကိုတော့ မထိုးဘူးဗျ။ အလင်းရောင်ကိုတွေ့သွားမှာလေဗျာ။ သင်္ချိုင်းကို ကျော်သွားတော့ လူနှစ်ဖက်...လောက်ရှိတဲ့ မန်ကျည်းပင်ကြီးနောက်ကို ကျုပ် ပြေးကပ်လိုက်တယ်။

ကျုပ် အားလုံးမြင်နေ ကြားနေရပြီဗျ။

ဟာ မဖဲဝါကို ဖမ်းထားတာပဲဗျ။ မဖဲဝါကို စက်ကြိုးနဲ့...ပ်နှောင်ထားတာဗျ။ ကျုပ် ကြည့်လိုက်တော့ အရုပ်မြင့်မြင့်...သျှောင်ထုံးကြီးနဲ့ လူကြီးဗျ။ လူကောင်ကြီးကလည်း ထွားထွား...ကြီးဗျ။

"ဟား ဟား ဟား ဟား၊ မဖဲဝါ၊ မဖဲဝါ အင်မတန် နာမည်...ကြီးတဲ့ သရဲမ၊ အခုတော့ နင် ဘာတတ်နိုင်သေးလဲဟင်၊ ...အောက်



www.burmeseclassic.com

www.burmeseclassic.com



လမ်းဆရာတွေကို နင့်လက်ဝါးကြီးနဲ့ ရိုက်သတ်တာဆို၊ ကဲ အ
ထလာပြီး ငါ့ကို ရိုက်လိုက်စမ်း၊ ဟား၊ ဟား၊ ဟား၊ ရေမှာ ငွေ
ကုန်းမှာ ငအေးတဲ့ဟေ့၊ ဆရာရှောင်ပြေး ဆရာအေး ဆို
ငါပဲဟဲ့၊ ကောင်းကင်စက်ကြိုးကိုတောင် နင်းနိုင်တဲ့ ငအေး
သရဲမရဲ့"

"အား၊ အား၊ အီး၊ အီး၊ အီး"

မဖဲဝါရဲ့ မချိမဆံ့ဝေဒနာ ခံစားနေရတဲ့ အော်သံကြီး

"ငါတောင်းတာပေး၊ နင် ဘယ်မှာဝှက်ထားတယ်ဆို
ပြော၊ ငါ အခုသွားယူမယ်၊ အဲဒါ ရပြီဆိုတာနဲ့ နင့်ကို ငါ ချက်ခ
လွှတ်ပေးမယ်"

"အား၊ အား၊ အီး၊ အီး၊ အီး"

မဖဲဝါရဲ့ တစ်ကိုယ်လုံးကို ကဝေစက်တွေနဲ့ပတ်ထား
ဗျို့။ မဖဲဝါလည်း တော်တော်ကို ပူလောင်နေတဲ့ပုံဗျ။

"နင်ဟာ မယ်တော်လေးပါးရဲ့ အစေအပါးဆို
ဒီလောကမှာ သိသွားတာ ငါပဲရှိတယ်၊ မြောက်ဘက်ရှင်မ
ပညာဖူးကို နင် စောင့်နေရတယ်ဆိုတာလည်း ငါပဲ သိ
အဲဒီပညာဖူးကိုသာ ငါရရင် ငါ့အသက်ကို ကြိုက်သလော
ဆွဲဆန့်ထားလို့ရပြီဟေ့၊ ငါလိုချင်တာ နင်စောင့်နေရတဲ့ မြော
ဘက်ရှင်မရဲ့ ပညာဖူးပဲ။ အဲဒီပညာဖူးရှိတဲ့နေရာကို ပြော၊ မပြေ





ရင် နင်သေပြီသာမှတ်ပေတော့ မဖဲဝါရေ"

ပြောရင်းဆိုရင်း ဆရာရှောင်ပြေး ဆရာအေး ဆိုတဲ့
ဘဝေကြီးက သူ့လက်ကြီးတွေကို ရှေ့ထုတ်ပြီး ကွေးလိုက် ဆန့်
လိုက် လုပ်လိုက်တယ်ဗျ။

ဟာ သူ့လက်က အနီရောင်တောက်နေတဲ့ အလင်းတန်း
တွေ ထွက်သွားပြီဗျို့။ အလင်းတန်းတွေက မဖဲဝါဆီကို တန်းသွား
တော့တာဗျ။

ပထမပတ်ထားတဲ့ လိမ္မော်ရောင်စက်တွေနဲ့ နောက်
လွှတ်လိုက်တဲ့ အနီရောင်စက်တွေ ပေါင်းသွားပြီး ပထမလိမ္မော်
ရောင်က အရောင်နှစ်ဆလောက် တောက်သွားတယ်ဗျို့။

"အား၊ အား၊ အား"

မဖဲဝါရဲ့ အသံနက်ကြီးနဲ့ အော်တဲ့အသံ၊ ထနောင်းကုန်း
သချိုင်းထဲမှာ ပျံ့သွားတာပေါ့ဗျာ။

"ဟဲ့ သရဲမ၊ ငါတောင်းတဲ့ မြောက်ဘက်ရှင်မရဲ့ ပညာဖူး
ပေး၊ မပေးရင် ရှိတဲ့နေရာပြော"

"မပြောဘူးဟေ့၊ မြောက်ဘက်ရှင်မရဲ့ ပညာဖူးကို နင်
ရဖို့နေနေသာသာ မြင်တောင် မြင်ခွင့်မရှိဘူး။

"အောင်မာ သရဲမက ခုထိမာန်မလျှော့သေးပါလား"

"ဟဲ့အကောင်၊ နင် လက်ဦးသွားလို့ ငါခံရတာဟဲ့၊ နင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နင် သိပ်အထင်ကြီးမနေနဲ့၊ နင့်ကို ငါသတ်မှာ မကြာတော့ဘူး”

“ဩော် ဒီလိုလား၊ ကဲ နင်က ငါ့ကို သတ်နိုင်မလားဆိုတာ သိရအောင် ငါ့စက်တွေကို နင် အရသာခံကြည့်လိုက်ဖော့”

ဆရာအေးက သူ့လက်ကြီးတွေကို ရှေ့ဆန့်ပြီး ကွေးလိုက်ကောက်လိုက် လုပ်ပြန်ရောဗျို့။ အစိမ်းရောင် တောက်နေတဲ့စက်တွေ တန်းထွက်သွားပြန်တယ်ဗျ။ မဖဲဝါဆီကို အစိမ်းတန်းစက်တွေ တန်းရောက်သွားပြီး ပထမစက်တွေနဲ့ ရောသွားတယ်။

“အား၊ အား၊ အား တာတေ ငါ့ကိုယ်ခွဲကို အသက်သွင်းလိုက်”

ဟာ ကျုပ်ရောက်နေတာကို မဖဲဝါ သိသွားပြီဗျ။ ကျုပ်ကလည်း ဘာလုပ်ရမှန်း မသိလို့ ကြည့်နေတာဗျို့။

ကျုပ်က မဖဲဝါကိုယ်ခွဲအရုပ်ကလေးကို အပေါ် မြှောက်ပြီး. . .

“သချိုင်းရှင်မကြီးရဲ့အသက်ဝိညာဉ် ခုချက်ချင်းကြွလာစေဗျာ”

လို့ ပြောလိုက်တယ်။ ဟာ ကျုပ်လက်ထဲမှာ ဆုပ်ထားတဲ့ အရုပ်ကလေးက တဆတ်ဆတ် တုန်လာတယ်ဗျို့။

ဟာ ခုန်ထွက်သွားပြီဗျာ။ ကျုပ်လက်ထဲကနေ ဆတ်ကနဲ





ခုန်ထွက်သွားတဲ့ မဖဝါအရုပ်ကလေးက ချက်ချင်းလူဖြစ်သွားတာဗျို့။ အဲ လူတော့မဟုတ်ဘူးပေါ့ဗျာ။ မဖဲဝါ နောက်တစ်ယောက်ဖြစ်သွားတာလေ။ ဒုတိယမဖဲဝါပေါ့ဗျာ။

ဒီအရုပ်ကလေး ကျုပ်ဆီမှာ ရှိနေတာကြာပြီဗျ။ ဒီလိုမျိုးဖြစ်သွားနိုင်တာကို ကျုပ် သိကို မသိတာ။ ဒုတိယမဖဲဝါက ပထမမဖဲဝါထက် အရုပ်ပိုရှုပ်တဲ့ပုံပဲဗျ။ ပုံကတော့ မဖဲဝါနဲ့ တစ်ပုံစံတည်းပါဗျာ။

“ဟဲ့ သရဲမ နင် ဘာတွေပြောနေတာတုံး၊ တာတေဆိုတာ ဘာကောင်လဲ၊ အခု ခေါ်လိုက်စမ်း၊ ဆရာအေးအကြောင်း သိသွားမယ်”

ကျုပ်ကတော့ မကျည်းပင်ကြီးနောက်ကနေ ဘယ်ထွက်ရဲတော့မလဲဗျာ။

“ဟီး၊ ဟီး၊ ဟီး၊ ဟီး”

ဒုတိယမဖဲဝါက ဆရာအေးရဲ့ နောက်ဘက် ပေနှစ်ဆယ်လောက်မှာ ရပ်နေတာဗျ။ ဒုတိယမဖဲဝါရဲ့ ရယ်သံကို ရုတ်တရက်ကြားလိုက်တော့ ဆရာအေး လန့်သွားပြီး နောက်ကို လှည့်ကြည့်တယ်ဗျို့။

“ဩော် နင်က ဒီလောက်ပညာရှိနေတာကိုး၊ နင့်ကိုယ်ကိုနှစ်ကိုယ်တောင် ခွဲနိုင်နေတာပဲ၊ အေးလေ နင်က မယ်ဒတော်



www.burmeseclassic.com

www.burmeseclassic.com



လေးပါးရဲ့ အစေအပါးပဲ၊ ဒီလောက်တော့ နင်တတ်မှာပေါ့ ဒါပေမဲ့ မဖဲဝါနှစ်ယောက် မဟုတ်ဘူးဟေ့၊ အယောက်နှစ်ဆယ် လာလည်း ငအေးက မမှုဘူးဟဲ့ သိသလား သရဲမ၊ ကဲ ငအေး အစွမ်း နင်သိရမှာပေါ့”

ပြောရင်း ဆိုရင်းနဲ့ ဆရာအေးက သူ့လက်ကြီးနှစ်ဖက် ကို ကွေးလိုက်ဆန့်လိုက် လုပ်ပြန်ရောဗျို့။ ဟာ ထွက်လာပြန်ပြီ ဗျာ။ သူ့လက်က စက်ရောင်စုံတွေဗျ။ အနီ၊ အဝါ၊ အစိမ်း၊ လိမ္မော် ဟာ စက်တွေက အရောင်တွေ တလက်လက်နဲ့ ဒုတိယမဖဲဝါဆီ ကို တန်းသွားတာဗျ။ ဒုတိယမဖဲဝါက သူ့ဆီကို ပြေးဝင်လာတဲ့ စက်တွေကို လက်ကြီးမြှောက်ပြီး ရိုက်ချလိုက်ပြီဗျို့။

“ဖြောင်း၊ ဖြောင်း၊ ဖျန်း၊ ဖျန်း”

ဟာ ဒုတိယမဖဲဝါ ရိုက်လိုက်တာ ဆရာအေးရဲ့ စက်တွေ ကွင်းကြီးထဲကို ဖြာထွက်သွားပြီဗျို့။ ဆရာအေးက သူ့စက်တွေနဲ့ ပတ်ပြီး ချုပ်နှောင်ထားတဲ့ ပထမ မဖဲဝါကို တစ်ချက် ဖျတ်ကနဲ လှည့်ကြည့်တယ်။

ကျုပ်စိတ်ထင်တော့ ဆရာအေး နည်းနည်းတုန်သွားပုံ ရတယ်ဗျ။ ဒုတိယမဖဲဝါက သူ့စက်တွေကို ရိုက်ဖျက်လိုက်တာ ကိုတွေ့တော့ တော်တော်လန့်သွားတဲ့ပုံပဲဗျ။

ဟော ဆရာအေးက သူ့လက်ဝါးကြီးကိုဖြန့်ပြီး ရှေ့ကို





ဆုတ်လိုက်တယ်။ လက်ဝါးရဲ့ အလယ်တည့်တည့်က အနီရောင် စက်ကလေး ထွက်လာတယ်ဗျ။ ထွက်လာတဲ့ အစက်ကလေးက ဘွမ်းသီးလုံးလောက်ကလေးကနေ တင်းနစ်ဘောလုံးလောက် ဖြစ်သွားတယ်။ နောက်တော့ ခြင်းလုံးတစ်လုံးအရွယ်လောက် ဖြစ်သွားပြီး ဒုတိယမဖဲဝါဆီကို ပြေးဝင်သွားရောဗျို့။ ဟာ ခြင်းလုံး အရွယ်ကနေ နီနီအလုံးကြီးက သပိတ်လုံးလောက် ဖြစ်သွားပြီး ဒုတိယမဖဲဝါကို နှစ်တောင်အကွာလောက်ကနေ ပတ်တော့တာ ပဲဗျာ။

ဒုတိယမဖဲဝါလည်း နောက်ကို ခြေတစ်လှမ်း ခုန်ဆုတ် သွားတယ်ဗျို့။

“ဟား၊ ဟား၊ ဟား၊ ဟား၊ ဟဲ့ကောင်မတွေ ဘယ်လိုတုံး၊ မြောက်ဘက်ရှင်မရဲ့ တပည့်မကြီး ဘာလို့ခုန်ပြီး နောက်ဆုတ် သွားတာတုံးဟဲ့၊ လုပ်လေ၊ ငါ့ကို ခံမလုပ်တော့ဘူးလား”

ဒီလူ မှားသွားပြီဗျ။ ကျုပ်ကြည့်နေတာ ဒီလူ သူ့ရဲ့ ကဝေ စက်ကို နှစ်ဖက်ပြိုင်လွှတ်ရတဲ့အခါ စက်တွေက တဖြည်းဖြည်း အရောင်လျှော့ကျလာနေတာဗျ။ ဒါကို ဒီလူ ဆရာအေး သတိ ထားမိဘူးဗျ။

ဟော ဒီလူ လုပ်ပြန်ပြီဗျို့။

လက်ကြီးတွေ မြှောက်လာပြန်ပြီ။ ဟော ဟော ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါကို ပတ်ပြီးပြေးနေတဲ့ သပိတ်လုံးလောက်ရှိတဲ့ နီနီအလုံးကြီးကို လက်နဲ့ရိုက်သလို လှမ်းလုပ်လိုက်ပြီဗျို့။

ဟာ နီနီအလုံးကြီး ကွဲအက်ပြီး အထဲက လိမ္မော်ရောင်စက်တွေ လိုက်ပတ်နေပြီဗျို့။

ဟော ပတ်မိသွားပြီဗျာ။ ဒုတိယမဖဲဝါစက်တွေပတ်တာခံလိုက်ရပြီဗျို့။ ဒါပေမဲ့ ဒုတိယမဖဲဝါက နည်းနည်းမှ မအော်ဘူးဗျ။ ကျုပ်လည်း အံ့ဩနေတာ။ နောက်တစ်ခု ကျုပ် အံ့ဩတာရှိသေးတယဗျ။ ဆရာအေး ဆိုတဲ့လူက မဖဲဝါကို မြင်နေရတာကျုပ် အံ့ဩမိတယ်။ ဒီလူ ပညာတော့ တော်တော်ထက်တာဗျ။

ဒါပေမဲ့ ကဝေရောင်ပြေး ဆရာအေး ဆိုတဲ့လူ သတိမထားမိတာ တစ်ခုရှိသေးတယ်ဗျ။ စောစောကစက်တွေနဲ့အပတ်ခံထားရလို့ အသံနက်ကြီးနဲ့ အော်နေတဲ့ ပထမ မဖဲဝါဆီက အော်သံ ထွက်မလာတော့ဘူးဗျ။ ဆရာအေးရဲ့စက်တွေကနှစ်ယောက်ဆီ မျှသွားလို့လား မသိဘူးဗျာ။ စက်အားတွေ လျော့သွားပုံရတယ်။

ပထမ မဖဲဝါရော၊ ဒုတိယ မဖဲဝါရော မျက်လုံးနီနီကြီးတွေနဲ့ ဆရာအေးကို ကြည့်နေကြတယ်။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ကဲ ဘယ့်နှယ်ရှိစ မဖဲဝါနောက်ထပ်ပွားလို့ရရင် ပွားလိုက်စမ်းပါဦး၊ ငအေးရဲ့စက်တွေ





အကြောင်း သိသွားရတာပေါ့၊ ဟား၊ ဟား၊ ဟား၊ ဟား၊ ငါလိုချင်တဲ့ မြောက်ဘက်ရှင်မရဲ့ ပညာဗူး မရလို့ကတော့ နင့်ကို သေအောင်သတ်မယ်ဟေ့ မဖဲဝါရေ"

"တာတေ အပြင်ထွက်လိုက်"

မဖဲဝါက ကျုပ်ကို လှမ်းအော်ပြောတယ်။ ပထမ မဖဲဝါပြောတာဗျ။ ကျုပ်လည်း သံကဝေရုပ်ကလေးကို လက်မှာတင်းတင်းဆုပ်ပြီး မန်ကျည်းပင်အကွယ်ကနေ ထွက်လိုက်တယ်။ ဒီသံကဝေရုပ်ကလေးက ကျုပ်ကို ဆရာကြီး ဦးမင်းအောင် ပေးခဲ့တာဗျ။ လွှတ်စွမ်းတဲ့ အရုပ်ကလေးဗျ။ ကျုပ်ကို ဆရာအေးအန္တရာယ်ပြုရင်တော့ ကျုပ်လက်ထဲက သံကဝေရုပ်ကလေးကိုဂါထာစုတ်ပြီး လွှတ်လိုက်ရုံပေါ့ဗျာ။

(ဆရာကြီး ဦးမင်းအောင်အကြောင်းကို ကျုပ် ရေးခဲ့တဲ့တဝေဆယ့်နှစ်ကြိုး စာအုပ်မှာ ဖတ်နိုင်ပါတယ်)

ကျုပ် မန်ကျည်းပင်အောက်ကနေ ထွက်လာတော့ဆရာအေးက ကျုပ်ကို စိုက်ကြည့်နေတယ်။

"မင်းက ဘယ်သူတုံး"

"ကျုပ်က တာတေလေ"

"တာတေ၊ ဘာတာတေတလဲ၊ ဘယ်ကတုံး၊ အောက်လမ်းလား၊ အထက်လမ်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဟောဒီထနောင်းကုန်းသား၊ အောက်လမ်းလည်း မဟုတ်ဘူး၊ အထက်လမ်းလည်း မဟုတ်ဘူး"

"ဒါဆိုရင် မင်း ဘာလာလုပ်တာတုံး"

"ပညာအားကိုးနဲ့ တစ်ဖက်သားကို အနိုင်ကျင့်တဲ့ ခင်ဗျားလိုလူကို ဇီဝိန်ခြွေပစ်ဖို့ ကျုပ် လာခဲ့တာပဲ"

"ဘာကွ၊ ဟား၊ ဟား၊ ဟား၊ ဟား"

ဆရာအေးက ကျုပ်အပေါ်မှာ အာရုံလုံးလုံးရောက်သွားတယ်ဗျ။ အဲ ါ သူ့အမှားပဲ။ မဖဲဝါနှစ်ယောက်ကို ရစ်ပတ်ပြီး ဖမ်းထားတဲ့ ဆရာအေးရဲ့စက်တွေ ရုတ်တရက် အရောင်မှိန်ကျသွားတယ်။ ဒီအချိန်ကို စောင့်နေတဲ့ မဖဲဝါနှစ်ယောက်က ဆရာအေးရဲ့စက်တွေကို ပြိုင်တူရိုက်ဖြတ်ပစ်လိုက်ကြရောဗျို့။

"ဖျောင်း" "ဖျောင်း"

ဟာ ဆရာအေးရဲ့စက်တွေ လုံးဝပြတ်ထွက်သွားပြီဗျို့။ ဆရာအေး ချက်ချင်းနောက်ကို လှည့်ကြည့်တယ်။ သူ့လက်ကြီးတွေကို ရှေ့ကို ဆန့်လိုက်တယ်။ ဒါပေမဲ့ ဒီလူ သိပ်နောက်ကျသွားပြီဗျ။

"ဘုန်း" "ဘုန်း" "ဒုတ်"

"အား" "အင့်"

မဖဲဝါက နောက်ကနေ ပြေးဝင်လာပြီး ဆရာအေးရဲ့





ကျောကုန်းကို လက်ဝါးကြီးနဲ့ နှစ်ချက်ဆင့်ရိုက်ချလိုက်တယ်ဗျ။ 'ဘုန်း၊ ဘုန်း' ဆိုတာ မဖဲဝါ ရိုက်လိုက်တဲ့ အသံပေါ့။

'ဒုတ်' ဆိုတဲ့အသံက ကိုယ်ခွဲမဖဲဝါက ရှေ့ကနေ ခုန်ဝင်ပြီး ရင်ဝကို ဒူးနဲ့တိုက်ချလိုက်တာဗျ။ ပြီးတော့ ဒုတိယမဖဲဝါ၊ မဖဲဝါရဲ့ ကိုယ်ခွဲက ဆရာအေးရဲ့ခေါင်းကို လက်ကြီးနှစ်ဖက်နဲ့ ကိုင်ပြီး လိမ်ချိုးပစ်လိုက်ရောဗျို့။

ဆရာအေးကြီး 'အား' ကနဲ တစ်ချက်ပဲ အော်လိုက်နိုင်တယ်။ ရှေ့ကို မှောက်ခုံကြီး ထိုးလဲသွားရောဗျို့။ ဟာ ဆရာအေးရဲ့ မျက်နှာကြီးက ကျောကုန်းဘက်ကို ရောက်နေပါရောလားဗျာ။

ဒီတုန်းမှာပဲ ကျုပ်လက်ထဲကို မဖဲဝါရဲ့ ကိုယ်ခွဲရုပ်ကလေး ပြန်ရောက်လာတယ်။

မဖဲဝါကလည်း ဆံပင်ဖားလျားကြီးနဲ့ ကျုပ်ကို ရပ်ကြည့်နေတယ်။ ကျုပ်က သုံးတောင့်ထိုးခါတ်မီးလေးကိုထိုးပြီး ရွာကို ပြန်ခဲ့တော့တာပေါ့ဗျာ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# မြောက်ရိုးက ဇောက်ထိုး

ပုဗ္ဗာရုံကျောင်းက ကျုပ်ဆရာတော် ဦးဂုဏ ခေါ်လို့ ဆရာတော့်ကျောင်းကိုသွား ဆရာတော်ခိုင်းတာ လုပ်ကိုင်ပေးပြီး တော့ ကျုပ်ပြန်လာတာ။





"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ကျုပ်ကိုခေါ်တာ ဘယ်သူတုံးဗျ။ ကျုပ်နောက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်တယ်။

"ဟာ ဟော့ကောင် ကျောက်ခဲ၊ မောကြီးပမ်းကြီးနဲ့ ဘာဖြစ်လာတာတုံး"

ကျောက်ခဲ တဲ့ကောင် ကျုပ်နောက်ကို အမောတကော ပြေးလိုက်လာတာဗျို့။

"ကျုပ် ကိုကြီးတာတေတို့အိမ် ရောက်ပြီးပြီဗျ၊ အရီးက ပြောလိုက်လို့ ဘုန်းကြီးကျောင်းကို လိုက်လာတာ၊ ဆရာတော်နဲ့ တွေ့တော့ တာတေ ခုလေးတင် ပြန်သွားပြီဆိုလို့ နောက်က ပြေးလိုက်လာတာဗျ"

"ဟော. . ဟုတ်လား၊ ဘာများဖြစ်လို့တုံးကွ"

ကျုပ်နဲ့ ကျောက်ခဲက လမ်းလျှောက်ရင်း စကားပြောကြတယ်။

"ဒီလိုဗျ ကိုကြီးတာတေရ၊ ကျောက်တလားချောင်းမှာ အခေါင်းပေါ်လို့တဲ့"

"ဟေ ဟုတ်လား"

"ဟုတ်တယ်ဗျ ကိုကြီးတာတေရ"

"နို့. . . မင်းကို ဘယ်သူပြောခဲ့တုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးရှိန်းမောင် ပြောတာဗျ၊ သူကိုယ်တိုင် တွေ့ခဲ့တာတဲ့ဗျ၊ ဘိုးရှိန်းမောင်က ရုံးတောကို သွားတာတဲ့၊ ရုံးတောက လူတွေ ပြောနေတာကြားလို့ ဟုတ်ရဲ့လားဆိုပြီး သွားကြည့်တာတဲ့ဗျာ၊ ကျောက်တလားချောင်းမှာ ရေက ခြေသလုံးမြုပ်ရုံပဲ ရှိတာတဲ့၊ အဲဒီရေထဲမှာ အခေါင်းကြီးပေါ်လို့တဲ့ဗျ၊ ဘိုးရှိန်းမောင်က ရေထဲ သေသေချာချာ ဆင်းပြီး အနားကပ်ကြည့်ခဲ့တာတဲ့ဗျ၊ ခေါင်းက ကျောက်ခေါင်းကြီးဆိုပဲ၊ ဒါပေမဲ့ ဘိုးရှိန်းမောင် ပြောတာကတော့ အင်ကြင်းသားက ကျောက်ဖြစ်သွားလို့ ကျောက်ခေါင်းကြီး ဖြစ်သွားတာတဲ့၊ ခေါင်းဖုံးကတော့ မပွင့်ဘူးတဲ့ဗျ၊ ပိတ်လျက်သားပဲတဲ့"

"နေပါဦး ကျောက်ခဲရဲ့၊ မင်းပြောတဲ့ ဘိုးရှိန်းမောင် ဆိုတာ အရိုးဝိုင်းစိန်ရဲ့ ယောက်ျားကို ပြောတာမို့လား၊ သျှောင်ထုံးကြီးနဲ့လေ"

"ဟုတ်ပါကော ကိုကြီးတာတေရာ"

"အဲဒီကျောက်တလားကြီးက တစ်ခါ တစ်ခါ ပေါ်လာတတ်တယ်လို့ လူတွေပြောကြတာပဲကွ၊ အဲဒီကျောက်တလားကြီး ကို အစွဲပြုပြီး ဒီချောင်းကိုလည်း ကျောက်တလားချောင်းလို့ ခေါ်ကြတာလေကွာ"

"ဟုတ်တယ်လေဗျာ"

"အေး ဒါပေမဲ့ ငါ့တစ်သက်မှာတော့ အဲဒီကျောက်





တလားကြီးပေါ်တာ တစ်ခါမှ မကြားဖူးသေးဘူးကွ၊ အရင်တုန်းက ပြောတာတွေကို ငါက ပုံပြင်တွေလို့ပဲ ထင်တာ၊ အခုတော့ တကယ်ပေါ့"

"ဟုတ်တယ်ဗျ၊ ကျောက်တလားချောင်းထဲမှာ ကျောက်တလားကြီး တကယ်ပေါ်နေတာတဲ့ဗျ"

"နောက်သတင်းတစ်ခုက ရှိသေးတယ်ဗျ"

"ဟေ ဘာသတင်းတုံး ကျောက်ခဲရ၊ မင်းကလည်း ရွာရိုးတိုးပေါက် နံ့နေတဲ့ကောင်ဆိုတော့ သတင်းကလည်း စုံပါ့ကွာ"

'ညက ဘန့်ဘွေးကုန်းနဲ့ ကျုပ်တို့ ထနေင်းကုန်းကို တစ္ဆေကြီးတစ်ကောင်က မြင်းနဲ့ပတ်ပြီး စီးနေတယ်တဲ့ဗျ၊ မြင်းစီးတာမှ ဒုန်းစိုင်းစီးတာဆိုပဲ၊ မြင်းခွာသံတွေကြားလို့ တချို့လူတွေတောင် အိပ်ရာကထပြီး ရွာစည်းရိုးကနေ အပြင်ကို ချောင်းကြည့်ကြတယ်ဆိုပဲ။ ဘာမှတော့ မမြင်ဘူးတဲ့ဗျ၊ ဒါပေမဲ့ မြင်းဟီသံကြီးက အကျယ်ကြီးတဲ့ဗျ"

"ဟာ တစ္ဆေကြီးက မြင်းစီးတယ် ဟုတ်လား ကျောက်ခဲ"

"ဟုတ်တယ်ဗျ"

"ကြဲကြဲဖန်ဖန်ကွာ၊ တို့ရွာသားတွေကတော့ ပြောလိုက်ရင် အထူးအဆန်းချည်းပဲဟေ့"

"ဟာ ဟုတ်တယ်ဗျ ကိုကြီးတာတေရ၊ ရွာထဲမှာ လူကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြောနေကြတာ၊ ဘန့်ဘွေးကုန်းက ကျုပ်သူငယ်ချင်းတွေလည်း ကျုပ်တို့အိမ်လာလို့ ပြောသွားတယ်၊ ဘန့်ဘွေးကုန်းမှာလည်း လူကြီးတွေ ဒီအကြောင်းပဲ ပြောနေကြတာဆိုပဲဗျ"

"မီးလောင်ကုန်းက သူကြီးသားတွေမှာ မြင်းတွေရှိတယ်ကွ၊ တစ်ခါတလေ ဒီလူတွေက အချိန်မရှိ သွားတတ် လာတတ်တယ်၊ အဲဒါ ရွာနားက ဖြတ်သွားတာ ဖြစ်ချင်ဖြစ်မှာပေါ့ကွ"

"ဟာ မဟုတ်ဘူး ကိုကြီးတာတေ၊ ဘန့်ဘွေးကုန်းနဲ့ ထနောင်းကုန်းကိုပတ်ပြီး စီးနေတာတဲ့၊ မနက်လင်းကာနီးမှ အသံပျောက်သွားတာဆိုပဲဗျ၊ ပြီးတော့ ကျုပ်တို့ထနောင်းကုန်းက ကိုလူကျော်တို့အိမ်က ခွေးကြီး မချိမဆန့်အော်ပြီး သေသွားတယ်တဲ့"

"ဟေ လူကျော်တို့အိမ်က ခွေးကြီးက ဘာဖြစ်လို့ သေတာတဲ့တုံး"

"ညက ကိုလူကျော့်ညီတွေ နှမ်းတောင်စောင့်တော့ သူတို့ခွေးကြီးက ယာထဲ လိုက်သွားတာတဲ့ဗျို့၊ အဲဒါ ကိုလူကျော့်ညီနှစ်ယောက် အိပ်နေတုန်း ခွေးက ရွာဘက်ကို ပြန်ပြီးလာတယ်နဲ့တူတယ်၊ ခေါင်းမှာ မြင်းခွာပေါက်တဲ့အရာကြီး တွေ့တယ်တဲ့ ခွေး မချိမဆန့်အော်သံရော မြင်းဟီသံရော ညက ဆူညံသွားတာဆိုပဲဗျ"





"ဟေ ဟုတ်လား၊ ငါတော့ ညက အိပ်ပျော်နေလို့ ဘာမှ ကြားလိုက်ဘူးကွ"

"ဟာ ကိုကြီးတာတေကလည်း ကိုကြီးတို့ ကျုပ်တို့အိမ်တွေက ရွာလယ်မှာဆိုတော့ ဘယ်ကြားမှာတုံးဗျ၊ ရွာစည်းရိုးနဲ့ ကပ်တဲ့ အရှေ့ပိုင်းတို့ အနောက်ပိုင်းတို့ တောင်ပိုင်း မြောက်ပိုင်းတို့က လူတွေက အတိုင်းသား ကြားရတာဆိုပဲဗျ"

"မင်းပြောပုံဆိုရင်တော့ တော်တော်ကို ထူးဆန်းတာတွေ ကျော်ခဲ့ရ"

ဘန့်ဘွေးကုန်းမှာလည်း ညက ဒီအတိုင်းဖြစ်တာတဲ့ဗျ"

"ဟေ ငါတို့ရွာကို တစ်ညလုံး ပတ်စီးနေမှဖြင့် ဘန့်ဘွေးကုန်းကို ဘယ့်နှယ်လုပ်ပတ်ပြီး စီးမှာတုံးကွ"

"ကိုကြီးတာတေကလည်း ထနောင်းကုန်းနဲ့ ဘန့်ဘွေးကုန်း နှစ်ရွာပတ်တာ နေမှာပေါ့ဗျ၊ ကျုပ်တို့ရွာနှစ်ရွာက တစ်ဆက်တည်းလို ဖြစ်နေတာကိုဗျ"

"အေး ဒါတော့ ဖြစ်နိုင်တယ်ကွ"

"ဘန့်ဘွေးကုန်းက ခွေးနှစ်ကောင်လည်း ညက သေသွားသတဲ့ဗျ၊ ကိုလူကျော်တို့အိမ်က ခွေးလိုပဲ ခေါင်းမှာ မြင်းခွာပေါက်တဲ့အရာကြီးတွေနဲ့ သေနေတာဆိုပဲ၊ သူတို့လည်း ညက ခွေးမချိမဆန့်အော်သံတွေရော မြင်းဟီသံကြီးရော ကြားရတာတဲ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ဟုတ်လားကွ"

ကျုပ် စဉ်းစားတယ်။ တော်တော်တော့ ထူးဆန်းတဲ့ အဖြစ်ဗျ။ ဒီလိုမြင်းဒုန်းစိုင်းစီးတဲ့ တစ္ဆေမျိုး ကျုပ်ဖြင့် မကြားဖူးဘူးဗျာ။

ဘာပဲဖြစ်ဖြစ် ဒီညတော့ ဒီကိစ္စကို ကျုပ်စုံစမ်းရတော့မှာပေါ့ဗျာ။

ကျောက်ခဲ ဆိုတဲ့ကောင်ကတော့ ကျုပ်ငယ်ငယ်က အတိုင်းပဲဗျ။ အားကြီးစပ်စုတဲ့ကောင်။ ညကိုးနာရီလောက်မှာ ဒီကောင်နဲ့ သံမဏိ ကျုပ်တို့ဝိုင်းထဲ ရောက်လာတယ်။

"ဟေ့ကောင်တွေ အချိန်မတော်ကြီးကျမှ ဘယ်သွားဦးမှာတုံး"

"ဟာ ဘယ်သွားရမှာတုံးဗျ၊ ကိုကြီးတာတေဆီကို လာတာပေါ့။ ကိုကြီးတာတေ ဒီည မြင်းစီးတစ္ဆေကို စောင့်ကြည့်မှာမို့လား"

"ဟေ မင်းတို့ကို ဘယ်သူက ပြောလို့တုံး"

"ကိုကြီးတာတေကလည်းဗျာ၊ ကျုပ်တို့က ကိုကြီးရဲ့ ညီတွေပါ၊ ကိုယ့်အစ်ကိုအကြောင်း ကျုပ်တို့ မသိဘဲ နေပါ့မလားဗျာ၊ ဒီညတော့ ကိုကြီးတာတေ ကျိန်းသေစုံစမ်းတော့မယ်ဆိုတာ တွေးပြီးသားပါဗျာ"





"ဟား၊ ဟား၊ ဟား၊ ဟား၊ မင်းတို့ တော်တော်လည်တဲ့ ကောင်တွေပဲ၊ အေး ဟုတ်တယ်၊ ငါ ဒီည ကြည့်မလို့ကွ၊ ဒါပေမဲ့ မင်းပြောတဲ့ မြင်းစီးတစ္ဆေက ဘယ်အချိန်လာမှန်း မသိတာ ခက်တယ်ကွ"

"ဟာ ကိုကြီးတာတေကလည်း ရွာမြောက်ပိုင်းက ကျုပ်သူငယ်ချင်း တုတ်ပေါ ပြောတာကတော့ ညသန်းခေါင်ကျော်လောက်မှာ စဖြစ်တာတဲ့ဗျ၊ ဒီအတွက်တော့ မပူပါနဲ့ဗျာ၊ တုတ်ပေါကို ကျုပ် မှာထားခဲ့ပြီးပါပြီ၊ ဒီကောင်လည်း စောင့်မှာတဲ့ဗျ၊ မြင်းခွာသံတွေ ကြားတာနဲ့ ဒီကောင်တုတ်ပေါက ကျုပ်တို့ကို ခေါ်လိမ့်မယ်"

"ဟေ တုတ်ပေါက ငါ့အိမ်ကို သိလို့လားကွ ကျောက်ခဲရ"

"ဟာ ကိုကြီးတာတေကလည်း ထနောင်းကုန်းမှာ ကိုကြီးတာတေအိမ်ကို မသိတဲ့လူ ရှိမလားဗျ၊ ကလေးအငယ်လေးတွေကအစ သိတာဗျ"

"ဟား၊ ဟား၊ ဟား၊ ဟား၊ မင်းကတော့ စကားပြောရင် နည်းနည်းကို ပိုပြောရမှ သဘောကျတဲ့ကောင်ပဲကွာ"

မန်ကျည်းပင်အောက်က ကွပ်ပျစ်ပေါ်မှာ ကျုပ်နဲ့ ကောင်လေးနှစ်ယောက် တီးတိုး တီးတိုး ပြောနေတာကို အမေက နားစွင့်နားဖျား ကြားသွားပုံရတယ်ဗျ၊ အိမ်ပေါ်ကနေ ဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျုပ်ကို မေးတယ်။

"ဟဲ့ တာတေ၊ နင် ညက မြင်းဟီသံကြီးအကြောင်း ကြားပြီးပလား"

"ဟုတ်ကဲ့ ကြားတယ် အမေ၊ တခြားသူပြောတာတော့ မဟုတ်ဘူးဗျ၊ ဟောဒီကောင် ကျောက်ခဲ ပြောတာ"

"ဟာ ကျောက်ခဲပြောရင် ဟုတ်မှာပေါ့ဟဲ့၊ ကျောက်ခဲက ထနောင်းကုန်း စုံထောက်ပဲဟာ"

အမေက ကျောက်ခဲကို စတယ်ဗျ။

"ဟာ အရီးကလည်း ကျုပ်က စုံထောက်မဟုတ်ပါဘူးဗျ၊ သိချင်တာပါ"

ကျောက်ခဲကသာ စကားကို တတွတ်တွတ် ပြောတာဗျ၊ သံမဏိကတော့ ဘာမှမပြောဘဲ သူများပြောတာကိုပဲ နားထောင်နေတာ၊ ရယ်စရာရှိရင်တော့ ရယ်တယ်ဗျ။

"ကဲ နေကြဦး၊ အရီး ရေနွေးတစ်အိုးကျိုပြီး လက်ဖက်သုတ်လိုက်ဦးမယ်၊ နင်တို့ဘိုးကတော့ နေမကောင်းချင်သလိုဖြစ်လို့တဲ့၊ အိပ်ရာထဲ ဝင်အိပ်နေတယ်"

"ဘာတုံး အရီး ဘိုးညက် ဖျားလို့လား"

"ဖျားတော့ မဖျားပါဘူး၊ ကိုယ်လက်တွေ နည်းနည်းနာလို့တဲ့ ကျောက်ခဲရဲ့"





ခဏကြာတော့ အမေ ယူလာပေးတဲ့ အကြမ်းအိုးနဲ့ လက်ဖက်ပွဲကို ကျောက်ခဲကပဲ ဆီးယူလိုက်တယ်၊ အမေက အောက်ကို ဆင်းမလာတော့ဘူး။

ကျုပ်တို့သုံးယောက်ပဲ အကြမ်းသောက်လိုက်၊ လက်ဖက်စားလိုက်၊ ကျုပ်က ဆေးပေါ့လိပ်ကလေး ဖွာလိုက်ပေါ့ဗျာ။

ညဆယ့်နှစ်နာရီနီးတော့ ကျုပ်က အိမ်ပေါ်တက်ပြီး နုတ်ကွင်းဆေး ကွင်းတယ်။ ပြီးတော့ အိမ်တံခါးသော့ခတ်ပြီး ကျုပ်နဲ့ ကောင်လေးနှစ်ယောက် ထွက်လာခဲ့တယ်။

"ကျောက်ခဲ၊ ဟေ့ကောင် ကျောက်ခဲ"

ကျုပ်တို့ရွာလမ်းပေါ် ထွက်ရုံရှိသေးသဗျာ။ ပြေးလာတဲ့ ကောင်လေးတစ်ယောက်ကို တွေ့လိုက်တယ်။

"ဟာ ဟေ့ကောင် တုတ်ပေါ ဘာတုံး"

"မြင်းစီးတစ္ဆေ ရောက်နေပြီကွ၊ ရွာကို တစ်ပါတ်တောင် ပါတ်သွားပြီ၊ လူတွေလည်း ရွာစည်းရိုးနားကပ်ပြီး ချောင်းကြည့်နေကြတယ်။ ဘာမှတော့ မမြင်ပါဘူးကွာ၊ ညကလိုပါပဲ၊ မြင်းခွာသံနဲ့ မြင်းဟီသံကြီးပဲ ကြားရတာပါ"

ကျုပ်တို့လည်း တုတ်ပေါ ခေါ်တဲ့နောက်ကို လိုက်ခဲ့ကြတယ်ဗျို့။ တုတ်ပေါက ရွာစည်းရိုးနား ကပ်သွားတယ်။

"လာဗျ၊ ကိုကြီးတာတေ၊ ဒီမန်ကျည်းပင်ကြီးပေါ်က



www.burmeseclassic.com

www.burmeseclassic.com



တက်ကြည့်ရင် ရွာပြင်ကို အတိုင်းသား မြင်ရတယ်ဗျ"

ပြောပြောဆိုဆိုနဲ့ တုတ်ပေါက ရှေ့ကတက်တယ်။ ကျုပ်တို့က နောက်က တက်ကြရတာပေါ့ဗျာ။

တုတ်ပေါ ပြောတာ ဟုတ်သားဗျ။ မန်ကျည်းပင်ကြီးပေါ်က ကြည့်လိုက်တာ ရွာပြင်ကို အတိုင်းသား မြင်နေရတာဗျ။

ကျုပ်တို့ မန်ကျည်းပင်ပေါ်ရောက်လို့ တော်တော်ကြာတဲ့အထိ ဘာသံမှ မကြားရဘူးဗျ။ ဧကန္တ မြင်းစီးတစ္ဆေက သူ့မြင်းကို ဘန့်ဘွေးကုန်းဘက်ကို ပါတ်စီးနေလို့ ဖြစ်မယ်ဗျ။

"ဟော လာပြီဗျ"

တုတ်ပေါက အသံခပ်အုပ်အုပ်နဲ့ လှမ်းပြောတယ်။ ဟုတ်ပေါ ပြောတာ ဟုတ်တယ်ဗျို့။ မြင်းခွာသံကို ကြားရပြီဗျ။ ကျုပ်လည်း မြင်းခွာသံ ကြားရတဲ့ဘက်ကို ကြည့်လိုက်တော့ ဖုန်တွေ တထောင်းထောင်း ထနေတာကို တွေ့ရတယ်ဗျို့။ ဟာ မြင်းစီးလာတာ သေချာတာပေါ့ဗျာ။

ဟော နီးလာပြီဗျို့။ ကျုပ်တို့နဲ့ နီးလာပြီ။ ကျုပ် မန်ကျည်းကိုင်းကြီးပေါ်မှာ မတ်တတ်ထရပ်လိုက်တယ်။ ပိုပြီးမြင်အောင်လို့ပေါ့ဗျာ။ လရောင်မှိန်မှိန်ကလေးရှိတော့ ဝါးဝါးလေး တွေ့နေရတာဗျ။

"ခွပ်၊ ခွပ်၊ ခွပ်၊ ခွပ်၊ ဟီ၊ ဟီ၊ ဟီ၊ ဟီ"





ဟာ မြင်းကြီးဗျာ၊ နည်းတဲ့အကောင်ကြီး မဟုတ်ဘူးဗျို့။ ခေါက်ကြီးမှဗျာ နည်းတာမဟုတ်ဘူးဗျ။ အရောင်က အနက်ကြီးဗျ။ မြင်းပေါ်မှာလည်း ဝတ်ရုံအနက်ကြီး ဝတ်ထားတဲ့လူဗျ။ ဝတ်ရုံစည်းကြီးက လေထဲမှာကို လွင့်နေတာဗျ။ ဟာ ခေါင်းမပါဘူးဗျို့။ ခေါင်းပြတ်ကြီးဗျ။ အလို ခေါင်းပြတ်ကြီးကို လက်ထဲမှာ ကိုင်ထားတာပဲဗျ။ အောင်မယ်လေး ကျုပ်ဖြင့် ကြက်သီးတွေ ဖြန်းကနဲ ထသွားလိုက်တာဗျာ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဟာ မြင်းကြီး တုံ့ကနဲ ရပ်လိုက်ပြီဗျို့။ ဟော ဟော ဒေပ်ထရပ်လိုက်ပြီ။ တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ကျုပ်တို့တည့်တည့် ရှေ့ကမှ မြင်းက ပဒပ်ထရပ်တာဗျာ။ ဒီတော့ ကျုပ် သေသေချာချာ မြင်ရတာပေါ့။

မြင်းနက်ကြီးကလည်း အကြီးကြီးဗျ၊ အပေါ်က စည်းထားတဲ့ ဝတ်ရုံမည်းမည်းနဲ့ အကောင်ကြီးကလည်း အကြီးကြီးပဲဗျ။ ခေါင်းပြတ်ကြီးဗျာ။ သူ့ခေါင်းပြတ်ကြီးကို သူ့လက်တစ်ဖက်က ကိုင်ထားတာဗျ။

ဟော သွားပြီ၊ သွားပြီ၊ မြင်းကို ဆက်ပြီးဒုန်းစိုင်းသွားပြီ။ ဖုန်တွေမှ အလုံးလိုက်ကို ထကျန်ရစ်တာဗျို့။ ကျုပ်တို့ ထပ်စောင့်တော့ဘူး။ နောက်တစ်ပါတ်လာဖို့က တော်တော်လေး



www.burmeseclassic.com

www.burmeseclassic.com



ကြာဦးမှာဗျ။ ကျုပ်တို့လည်း မန်ကျည်းပင်ပေါ်က ဆင်းပြီး အိမ် ပြန်ခဲ့ကြတယ်။

ကျောက်ခဲနဲ့ သံမဏိလည်း အိမ်ပြန်သွားကြပြီ။ တုတ်ခေါ် ဆိုတဲ့ ကောင်လေးကတော့ မန်ကျည်းပင်ပေါ်မှာ နေခဲ့သဗျ။

ဒီအတိုင်းတော့ မဖြစ်တော့ဘူးလေဗျာ။ နောက်တစ်နေ့ မှာ ကျုပ်နဲ့ ကျုပ်ကောင်လေးနှစ်ယောက် ပြင်ကြဆင့်ကြရတာ ပေါ့ဗျာ။ ဘုန်းတော်ကြီးကျောင်းဘက်က အမဲသား လာရောင်းတာနဲ့ တစ်ပိဿာ ဝယ်ပြီး ချက်လိုက်တယ်။ ခါတိုင်းလိုပဲ ကျောက်ခဲက မီးလောင်ကုန်းက ဒေါ်တုတ်ကို သွားခေါ်တယ်။

ညရှစ်နာရီလောက်မှာ ကျုပ်တို့ ထမင်းတောင်းကလေး နဲ့ ထနောင်းကုန်းသင်္ချိုင်းထဲကို ရောက်ခဲ့တယ်။

ကျုပ်က အုတ်ဂူကြီးပေါ်မှာ ထမင်းထုပ်လာတဲ့ ငှက်ပျော ဖက်ကို ဖြန့်ခင်းပြီး ထမင်းပွဲပြင်တယ်။ ရေဖလားတစ်လုံးနဲ့ ရေ အပြည့်ခပ်ထားတယ်။

"သင်္ချိုင်းရှင်မကြီး မဖဲဝါဗျာ၊ ထနောင်းကုန်းရွာက ကျွန်ုပ် တာတေက မဖဲဝါကို တလေးတစား ပင့်ဖိတ်ပါတယ်ဗျာ၊ မဖဲဝါ အတွက် စားပွဲသောက်ပွဲတွေလည်း အဆင်သင့်ပြင်လို့ပါဗျာ အခုချက်ချင်း ကြွခဲ့ပါ မဖဲဝါခင်ဗျာ"

ကျုပ်က နောက်တစ်ခေါက် ထပ်ပင့်တယ်။ ပြီးတော့





နောက်တစ်ခေါက်. . .

"ဝူး၊ ငူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟော မဖဲဝါ လာပြီဗျို့။ သူ့ခွေးကြီးတွေအသံကို ကျုပ် ကြားနေရပြီဗျို့။ ဟော၊ ဟော ဂူတွေအပေါ်က ရှပ်ပြီး ရွေ့လာ တာဗျို့။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဟော ဒေါ်တုတ်ဆီကို ဝင်သွားပြီဗျို့။ ဒေါ်တုတ် လက် ကြီးတွေ ကွေးကောက်ပြီး အပေါ်ကို မြောက်တက်လာတယ်ဗျ။ တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်နေတာဗျ။

ဆံပင်ဖားလျားကြီး ချထားတဲ့ ဒေါ်တုတ်က မတ်တတ် ရပ်လိုက်တယ်။ ဟာ ဒေါ်တုတ် ခုန်ပြီဗျို့။ ခုန်ပြီ။ လွှားကနဲ နေတာပဲဗျာ။ ဂူပေါ်ရောက်တာနဲ့ ဒူးကြီးထောင်ပြီး စားတော့ တာပါပဲဗျာ။

မဖဲဝါက ကြက်သားထက် အမဲသားကို ပိုကြိုက်ပုံရတယ် ဗျ၊ စားလိုက်တာဗျ။ အားရပါးရကို စားတာဗျို့။

ဟော၊ ဟော ကြည့်ပြီ၊ ကြည့်ပြီ၊ ကျုပ်ကို ကြည့်ပြီဗျ။

"ဒီလို သင်္ချိုင်းရှင်မကြီးဗျာ၊ ကျုပ်တို့ ထနောင်းကုန်းနဲ့ ဘုန်းတော်ကြီးကုန်းကိုပါတ်ပြီး ေါင်းမပါတဲ့ သရဲကြီးတစ်ကောင် မြင်းနက်ကြီး ဒုန်းစိုင်း ီးနေတာ သုံးည ရှိပါပြီ မဖဲဝါ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဖြတ်ကြီးတစ်ခုကို သူ့လက်ထဲမှာ ကိုင်ထားပါတယ်၊ ဘာအတွက် ရွာကိုပတ်ပြီး မြင်းကြီးစီးနေတယ်ဆိုတာ သိချင်လို့ပါ မဖဲဝါဗျာ"

မဖဲဝါက ဘာမှမပြောဘဲ ဆက်စားနေတယ်ဗျ။ အားလုံးစားသောက်ပြီးတော့မှ. . .

"တာတေ အဲဒါ စစ်သူကြီးရဲ့ ဝိညာဉ်ဟဲ့၊ ကျောက်တလားခေါင်းမှာ အခေါင်းကြီးပေါ်လာလို့ သူ့ဝိညာဉ် ထွက်လာတာ"

"ဩော်"

"သူ စစ်ထွက်ခါနီးမှာ သူ့အရှင်သခင် ဘုရင်မင်းမြတ်က သူ့ရဲ့ သန်လျက်ကိုဝင်ပြီး 'မောင်မင်း စစ်ကို နိုင်အောင်တိုက်ပေတော့၊ တကယ်လို့ မောင်မင်း မနိုင်ခဲ့ရင် ငါကိုယ်တော် ခွင့်မလွှတ်ဘူးလို့သာ မှတ်ပေတော့' လို့ ပြောလိုက်တယ်။ အဲဒီဘုရင်ရဲ့ သန်လျက်က ရိုးရိုးမဟုတ်ဘူး။ မှော်ဝင်သန်လျက်ဟဲ့၊ ဒီစစ်ပွဲမှာ စစ်သူကြီးတိုက်ပွဲ ကျတယ်၊ ခေါင်းဖြတ်ခံလိုက်ရတာ၊ သူ့စစ်သားတွေက သူ့ကို အင်ကြင်းသားကို ခေါင်းထွင်းပြီး မြှုပ်နှံသင်္ဂြိုဟ်ပေးခဲ့တယ်။ ဒါပေမဲ့ ဘုရင့်အမိန့်ဟာ ကျိန်စာလိုဖြစ်ပြီး ခုထိ မကျွတ်လွတ်နိုင်သေးဘူး တာတေ"

"ဟာ သနားစရာပါလားဗျာ"





"အေး အခု သူ့ဝိညာဉ်အမြင်ရောက်လာတဲ့အချိန်မှာ သူ့ရဲ့ အရှင်သခင်ကို လိုက်ရှာနေတာဟဲ့"

"ဩော်"

"အဲဒီစစ်သူကြီးကို ကယ်ဖို့က နည်းလမ်းတစ်ခုပဲရှိတယ်"

"ပြောပါ မဖဲဝါ၊ ကျုပ် လုပ်ပါ့မယ်"

"ကျောက်တလားချောင်းမှာ တောင်ဘက်ရိုးနဲ့ မြောက်ဘက်ရိုး နှစ်ခုရှိတယ်မို့လား၊ နင် မြောက်ဘက်ရိုးကို သွား၊ တစ်နှစ်[illegible] တစ်ခါမှ အရွက်မထွက်တဲ့ သစ်ခြောက်ပင်ကြီးရှိတယ်၊ အဲဒီ သစ်ခြောက်ပင်ကြီးမှာ သရဲတစ်ကောင်နေတယ်၊ အဲဒီသရဲဟာ [illegible]မတန်မှ အကုသိုလ်ကြီးတဲ့အကောင်၊ သစ်ကိုင်းကြီး တစ်ကိုင်း[illegible] ခြေထောက်တွေချိတ်ပြီး အမြဲဇောက်ထိုးနေရတာ၊ သူ့ကို [illegible]ခြားသရဲတွေက 'ဇောက်ထိုး' လို့ ခေါ်တယ်၊ အမြဲတမ်း ဇောက်[illegible]နေရတဲ့အကောင်၊ တစ်ကိုယ်လုံးမှာ အမွေးမည်းမည်းကြီး[illegible] ဖုံးနေတယ်၊ စားရင်လည်း အသားစိမ်း၊ ငါးစိမ်းပဲ စားရတယ်။

မြေကြီးမှာ သွားရင်လည်း လက်နှစ်ဖက်နဲ့ ထောက်သွား[illegible] ခြေထောက်နှစ်ချောင်း အပေါ်မှာ အမြဲကွေးထားရတယ်၊ [illegible]တ်နှစ်ဖက်ကလည်း ခြေထောက်တွေလို သန်မာနေတာဟဲ့၊ [illegible]နေတဲ့နေရာနားကို ရောက်လာတဲ့ သရဲတစ္ဆေတွေရော လူ[illegible]ရော ဘယ်သူ့ကိုမှ အလွတ်မပေးဘူး၊ ခဲလုံးကို ခြေထောက်နဲ့

www.burmeseclassic.com



ညှပ်ပြီး ခြေထောက်နှစ်ဖက်နဲ့ ခဲပစ်တာ၊ မထဲတဲ့အခါ လုံး
မရှိဘူး။

သူ ခဲထဲတဲ့လူဆိုရင် သုံးလအတွင်း ပိန်ချုံးလာပြီး
သေရော။ နင် မြောက်ဘက်ရိုးက ဇောက်ထိုးဆီကို သွားပေတော့"

"ဗျာ"

ကျုပ် မဖဲဝါပြောတာကို အံ့သြသွားတယ်ဗျာ။

"ဇောက်ထိုးက အဲဒီလို ကြမ်းတမ်းရက်စက်ပေမဲ့ မှော်
ဝင်ပစ္စည်းတွေ စောင့်ရတဲ့ သရဲဟဲ့၊ နင် သူ့ကို အစာတွေ
အနားမကပ်နဲ့ ဝေးဝေးက ပစ်ကျွေး၊ ပြီးရင် ငါ လွှတ်လိုက်တယ်
လို့ ဇောက်ထိုးကို ပြောလိုက်၊ ငါ့ကိုယ်ပွားရုပ်ကလေးလည်း
ယူသွား၊ အဲဒါ ပြလိုက်၊ သူ နာခံလိမ့်မယ်။

မှော်ဝင်သန်လျက် ခဏငှားပါလို့ ပြောလိုက်၊ ကိစ္စပြီး
တာနဲ့ ချက်ချင်းပြန်ပို့မယ်လို့လည်းပြော။

နင် သူနဲ့တွေ့ရင် သတိမလစ်စေနဲ့၊ သတိလစ်တာနဲ့
ဇောက်ထိုးက နင့်ကို သတ်မှာပဲ။

ပြီးတော့ နင် မှတ်ထား တာတေ၊ သူ့ကို ကျွေးပေးလိုက်
ပြီးရင် ဘယ်တော့မှ ပြန်လှည့်မကြည့်ရဘူး၊ သူက နင့်နာမည်ကို
ချက်ချင်းသိလိမ့်မယ်၊ နင့်နာမည်ကို အော်ခေါ်ရင် ထူးလည်း
မထူးနဲ့၊ လှည့်လည်း မကြည့်နဲ့၊ သတိလစ်ပြီး လှည့်ကြည့်တာနဲ့





ဘူးတာတို့လုပ်ရင် နင် နေရာမှာတင် လဲကျပြီး ချက်ချင်းသေ
သွားလိမ့်မယ်၊ ကြားလား"

"ကောင်းပါပြီ မဖဲဝါ"

"နင် သန်လျက် ရလာပြီးရင် မြင်းစီးလာတဲ့ စစ်သူကြီး
တွေရဲ့ ရှေ့ကနေပိတ်ရပ်ပြီး သန်လျက်ကို ဝင့်လိုက်၊ ပြီးရင်
နင်က သူ့ရဲ့ဘုရင်ယို့ ...ဘောထားပြီး သူ့ကို ခွင့်လွှတ်တဲ့အကြောင်း
ပြောလိုက်၊ သူ ကျွတ်သွားလိမ့်မယ်၊ ကိစ္စပြီးတာနဲ့ မှော်ဝင်
သန်လျက်ကို ဇောက်ထိုးဆီ ပြန်ပို့လိုက် တာတေ"

"ကောင်းပါပြီ မဖဲဝါ၊ ကျုပ် ဇောက်ထိုးဆီ သွားမယ်"

မဖဲဝါ ဒေါ်တုတ်ကိုယ်ကနေ ခွာသွားပြီ။ ဒေါ်တုတ်
အုတ်ဂူကြီးပေါ် လဲကျသွားတယ်။ ကျုပ်နဲ့ ကျောက်ခဲက ပြေးပြီး
ပွေ့ထူပေးကြရတာပေါ့ဗျာ။ မျက်နှာကို ရေနဲ့တောက်လိုက်တော့
မှ ဒေါ်တုတ် သတိပြန်ရလာတယ်။

ကျုပ်တို့ရွာ ပြန်ရောက်တော့ တစ်ချို့အိမ်ကလူတွေ အိပ်
တောင် အိပ်နေကြပြီဗျ။ နောက်တစ်နေ့ နေမပူခင် ကျုပ်ရွာက
ထွက်ခဲ့တယ်။ ကြက်နှစ်ကောင်ကို ရှေ့တစ်ကောင်၊ နောက်
တစ်ကောင် ထမ်းပိုးနဲ့ ထမ်းလို့ပေါ့ဗျာ။

ထမင်းစားချိန်ရောက်တော့ လမ်းမှာပဲ ခဏနားပြီး
ထမင်းထုပ် ဖြည်စားလိုက်တယ်။ ကျောက်တလားချောင်းကို



www.burmeseclassic.com

www.burmeseclassic.com

ရောက်တော့ ညနေသုံးနာရီလောက် ရှိပြီဗျ။ ကျုပ် မြောက်ရိုးဘက်ကို အသာလေးသွားပြီး ရိုးဘေးက ကိုင်းတောကြီးထဲမှာ ပုန်းနေလိုက်တယ်။

ကျုပ်က မျက်ကွင်းဆေး ကွင်းလာတာကိုးဗျ။ ကိုင်းတောကြီးထဲကနေ ကျုပ် သစ်ပင်ကြီးတွေ လိုက်ကြည့်တယ်။ ကျုပ်ပုန်းပြီးထိုင်နေတဲ့နေရာနဲ့ တည့်တည့်မှာ သစ်ပင်ခြောက်ကြီးဗျာ အနားမှာ စိမ်းစိမ်းစိုစိုနဲ့ သမုန်းပင်တွေ ပေါက်လို့ဗျ။ အဲဒီထဲမှာ ထနောင်းပင်ကြီးတစ်ပင်က အရွက်တစ်ရွက်မှ မရှိဘဲ ခြောက်သွေ့နေတာဗျို့။

ဟော တွေ့ပြီ၊ တွေ့ပြီ။ တောင်ဘက်က သစ်ကိုင်းကြီးမှာဗျ။ ခြေထောက်တွေနဲ့ သစ်ကိုင်းကိုချိတ်ပြီး ဖောက်ထိုးကြီးဗျ တစ်ကိုယ်လုံးလည်း အမွေးတွေ ဖုံးနေတာဗျ။ လင်းဆွဲကြီးတစ်ကောင်လို ဖောက်ထိုးကြီး အမြဲနေရတဲ့ သရဲမျိုး ကျုပ်ဒီတစ်ခါပဲ မြင်ဖူးသေးတယ်ဗျာ။

ဟော ဆင်းလာပြီဗျို့၊ ဆင်းလာပြီ။ ဟာ သစ်ပင်ကို ဖောက်ထိုးကြီး ဆင်းလာလိုက်တာ မြန်လိုက်တာဗျာ။

ဟာ ဖောက်ထိုးကြီး သွားတာဗျို့။ မြေကြီးပေါ်ရောက်တော့ လက်ကြီးနှစ်ဖက်ထောက်ပြီး ဖောက်ထိုးကြီး သွားနေတာဗျ။ ခြေထောက်နှစ်ချောင်းက ဒူးခေါင်းနေရာကနေကွေးပြီး





နှစ်ဖက်လိမ်ထားတာဗျို့။

မြန်လိုက်တာဗျာ။ လက်နဲ့သွားနေကျ အကောင်ဆိုတော့ သွက်ကနဲ လှစ်ကနဲနေတာဗျို့။

ဟော ကျုပ်ရှိတဲ့ ရိုးဘက်ကို လာတာဗျ။ ဒါပေမဲ့ ကျုပ်က ရိုးထိပ်ဘက်မှာ၊ ဖောက်ထိုးက ကျုပ်နဲ့ တော်တော်လှမ်းပါသေးတယ်။

ဟာ ရေစပ်ကိုရောက်တော့ ဝမ်းလျားကြီးမှောက်ချလိုက်တယ်ဗျို့။ ဝမ်းလျားကြီး မှောက်ချလိုက်တယ်ဗျို့။ ဟော ဟော သူ့လက်နှစ်ဖက်နဲ့ ရေတွေကို ယက်နေတာဗျ။ ဘာလုပ်တာတုံးလို့ ကျုပ် သေသေချာချာ ကြည့်တယ်။

ဟာ ငါးတွေ ပေါ်လာပြီဗျို့။ ရေထဲက ငါးလေးတွေ အဖျပ်ဖျပ်ခုန်ပြီး ဖောက်ထိုးရဲ့ရှေ့မှာ ပေါ်လာကြတာဗျ။

"ဖျန်း" "ဖျန်း"

ဟော ဖောက်ထိုးက ငါးလေးတွေကို လက်နဲ့ဖမ်းပြီး သူ့ပါးစပ်ကြီးထဲကိုထည့်ရောဗျို့။ အောင်မယ်လေး သရဲဖောက်ထိုးရဲ့ ပါးစပ်ကြီးထဲမှာ အစွယ်တွေမှ ဖွေးနေတာဗျို့။ ကျုပ်ဖြင့် ကြက်သီးတောင် တဖျန်းဖျန်းထလို့ဗျာ။

ဟော ဟော ငါးနှစ်ကောင် သုံးကောင် စားပြီးတော့ ဖောက်ထိုး ပြန်ထွက်သွားတယ်ဗျ။ လာတုန်းကလိုပဲ လက်နှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ထောက်ပြီး ဖောက်ထိုးကြီး ပြန်သွားတာဗျ။

ကျုပ်လည်း ကြက်နှစ်ကောင်ပါတဲ့ ထမ်းပိုးကို ကောက်ထမ်းလိုက်တယ်။ ကိုင်းတောထဲကနေ ကျုပ် တိုးထွက်လိုက်တော့ ကျုပ်ထမ်းလာတဲ့ ကြက်နှစ်ကောင်က လန့်ပြီး အော်ရောဗျို့။

"ကစ်၊ ကစ်၊ ကစ်၊ ကစ်"

ဖောက်ထိုးက ကြက်အော်သံတွေ ကြားသွားတယ်ဗျ၊ နောက်ကို လှည့်လာပြီး ကြည့်တယ်။ တစ်ကိုယ်လုံး လှည့်ရတာပေါ့ဗျာ။

ဟော ဖောက်ထိုး ကျုပ်ကို မြင်သွားပြီဗျ။ ကျုပ်လည်း ကြက်ထမ်းလာတဲ့ ထမ်းပိုးကို မြက်ပင်တွေပေါ်ကို ပစ်ချလိုက်တယ်။

"ကစ်၊ ကစ်၊ ကစ်၊ ကစ်၊ ကစ်"

ကြက်နှစ်ကောင်ကလည်း လန့်ပြီး အော်တာပေါ့ဗျာ။ ဟာ မြန်လိုက်တဲ့ သရဲဗျာ။ ဖောက်ထိုးကြီး ပြေးသွားတာဗျို့။ ဟာ ခဲတစ်လုံးကို ခြေထောက်နဲ့ညှပ်ပြီး ကောက်လိုက်ပြီ။

ဟာ ပစ်ပြီဗျို့။ ကျုပ်ကို ခဲနဲ့ ပစ်ပြီဗျို့။ ကျုပ်သာ မျက်ကွင်းဆေး ကွင်းမထားရင် နေရာမှာတင် ပွဲချင်းပြီးသွားနိုင်တယ်ဗျာ။

"ဝှီး"





သရဲဖောက်ထိုးကြီး ခြေထောက်နဲ့လွဲပြီး ပစ်လိုက်တဲ့ ခဲလုံးကို ကျုပ် အသာလေးရှောင်ပေးလိုက်ရတယ်။ ခေါင်းနဲ့ တစ်ပေလောက်က ဖြတ်သွားတာ 'ဝှီး'ကနဲနေတာဗျို့။

ဟာ ကောက်ပြန်ပြီဗျာ နောက်ထပ် ခဲတစ်လုံး။ ပစ်ပြန်ပြီ။ ကျုပ် ရှောင်ပေးလိုက်တယ်။

"ဝှီး"

ဟော နောက်ထပ် ခဲထပ်ကောက်တယ်။ ပြီးတော့ ခြေထောက်နဲ့လွဲပြီး ပစ်တာဗျ။ ကျုပ် ရှောင်ရပြန်ပြီ။

ဝှီး"

ခေါင်းပေါ်က ကျော်ရုံလေး ကျော်သွားတာ။ သရဲဖောက်ထိုး တွေပြီးစဉ်းစားနေတယ်ဗျ။ ကျုပ် သူ့ခဲလုံးကို သုံးခါတိတိ ရှောင်လိုက်တာကို တွေ့တော့ သူ့ကို ကျုပ် မြင်ရမှန်း သူ သိသွားတယ်။ ခဲနဲ့ထပ်ပြီး မပစ်တော့ဘူးဗျ။ ဒါပေမဲ့ ဒီသရဲ ကျုပ်ကို တစ်နည်းနည်းနဲ့တော့ ဒုက္ခပေးဖို့ ကြံနေတာဗျ။

ကျုပ် စလွယ်သိုင်းလွယ်ထားတဲ့ လွယ်အိတ်ထဲက မဖဲဝါ ကိုယ်ခွဲရုပ်ကလေးကို ထုတ်ယူပြီး ဖောက်ထိုးကြီးကို ပြလိုက်တယ်။ လက်ထဲမှာ ကိုင်ထားတဲ့ မဖဲဝါအရုပ်ကလေးက လှုပ်နေတယ်လို့ ကျုပ်စိတ်ထဲမှာ ထင်နေတယ်။ သရဲဖောက်ထိုးကတော့ ငြိမ်ပြီး စိုက်ကြည့်နေတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို သချိုင်းရှင်မ မဖဲဝါ လွှတ်လို့ လာခဲ့တာ၊ ခင်ဗျား စားဖို့ ကြက်နှစ်ကောင်လည်း ပါလာတယ်၊ အဲဒီကြက်နှစ်ကောင် ခင်ဗျားကို ကျွေးမှာ၊ ကျုပ်ပြောတာ နားထောင်၊ သချိုင်းရှင်မ မဖဲဝါက မှာလိုက်တယ်၊ ခင်ဗျားစောင့်နေတဲ့ မှော်ဝင်ပစ္စည်းတွေ ထဲက မှော်ဝင်သန်လျက်ကို ခဏပေးလိုက်ပါတဲ့။ ကိစ္စတော်တော် အရေးကြီးနေလို့ပါ။ ကိစ္စပြီးတာနဲ့ ကျုပ်ကိုယ်တိုင် လာပို့မယ်လို့ ကတိပေးပါတယ်"

စကားဆုံးတာနဲ့ ကျုပ်က ထမ်းလာတဲ့ ကြက်နှစ်ကောင် ကိုဖြုတ်ပြီး ဖောက်ထိုးဆီကို ကြက်တစ်ကောင်ချင်း ပေးလိုက် တယ်။ ကြက်တွေက ခြေထောက်မှာ ကြိုးချည်ထားတော့ မပြေး နိုင်ကြဘူးပေါ့ဗျာ။

ဖောက်ထိုးက ကြက်တစ်ကောင်ကို ခြေထောက်နဲ့ညှပ် ပြီး ကောက်လိုက်တယ်။ ပြီးတာနဲ့ သူ့ပါးစပ်ကို အကျယ်ကြီးဟပြီး စားတော့တာပဲဗျို့။

"ဂျွတ်၊ ဂျွတ်၊ ဂျွတ်၊ ခွပ်၊ ခွပ်"

ကြက်တစ်ကောင်ကို အားရပါးရ စားပြီးသွားတော့ နောက်တစ်ကောင်ကို မစားသေးဘဲ သူနေတဲ့ သစ်ခြောက်ပင် ကြီးဘက်ကို ဖောက်ထိုးကြီး လျှောက်သွားတယ်။ သစ်ခြောက်ပင် ကြီးအောက်ကိုရောက်တော့ ခဏငြိမ်နေတယ်ဗျ။





ဟော ပြန်လာပြီ၊ ပြန်လာပြီ။

ဟာ ခြေထောက်နှစ်ချောင်းကြားမှာ ပစ္စည်းတစ်ခုညှပ် ပြီး ယူလာတယ်ဗျ။ ဟင် ဒါ သန်လျက်ထင်တယ်။

ကျုပ်က လက်ထဲမှာ ကြက်ထမ်းလာတဲ့ ထမ်းပိုးကို ကိုင်ပြီး ရပ်နေတာဗျ။ သရဲဖောက်ထိုးက ကျုပ်ကို စိုက်ကြည့်နေ တယ်။ ဟာ ပစ်ပြီဗျို့။ အမှတ်မထင် ခြေထောက်ကိုလွှဲပြီး ပစ် လိုက်တာဗျို့။ ကျုပ်သာ သတိမရှိရင် ဒီနေရာမှာ ပွဲချင်းပြီးပဲပေါ့ဗျား။

သန်လျက်ကြီး ကျုပ်ဆီကို တည့်တည့်ပျံဝင်လာတာဗျို့။ ကျုပ် ဘေးဘက်ကို ခြေတစ်လှမ်းရွှေ့လိုက်ပြီး ကျုပ်လက်မှာ ကိုင် ထားတဲ့ ထမ်းပိုးနဲ့ သန်လျက်ကို ရိုက်ချလိုက်တယ်။

"ချွင်"

ဆိုတဲ့အသံနဲ့အတူ ကျုပ်ရင်ဝတည့်တည့်ကို ပျံဝင်လာတဲ့ မှော်ဝင်သန်လျက် မြက်ပင်တွေပေါ်ကို ပြုတ်ကျသွားတယ်။ ကျုပ် သန်လျက်ကို ချက်ချင်းကောက်လိုက်ပြီး မြောက်ရိုးကနေ ထွက် လာခဲ့တယ်။ မဖဲဝါရဲ့ ကိုယ်ခွဲရုပ်ကလေးကိုတော့ ကျုပ်လက်မှာ ကိုင်လျက်ပဲဗျ။

ရိုးဘေးမှာ ပေါက်နေတဲ့ ကိုင်းတောတွေဘေးကနေ ကျုပ် ဖြတ်လျှောက်လိုက်တယ်။ ကျောပေးပြီးရင် နောက်ကို လုံးဝ ကြည့်မကြည့်နဲ့လို့ မဖဲဝါ မှာလိုက်တာကို ကျုပ် ဘယ်မေ့လိမ့်မတုံးဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"တာတေ ဒီမှာကြည့်လိုက်စမ်း"

ဟာ ဖောက်ထိုး လှမ်းအော်လိုက်တဲ့ အသံကြီးဗျို့။ ကျုပ် လုံးဝလှည့်မကြည့်ဘဲ ခပ်သုတ်သုတ် လျှောက်လာခဲ့တယ်။ ကျုပ် နာမည်ကို ဒီသရဲ သိတာကိုတော့ အံ့ဩပါရဲ့ဗျာ။

ထနောင်းကုန်းကို ပြန်ရောက်တော့ ညရှစ်နာရီတောင် ကျော်ပြီဗျ။ မှော်ဝင်သန်လျက်ကို လူတွေ မမြင်အောင် ကျုပ် ဝှက်ယူခဲ့ရတာပေါ့ဗျာ။

ဒါကတော့ လွယ်ပါတယ်ဗျာ။ လမ်းမှာ ငှက်ပျောဖက်ကြီး တစ်ရွက်ခူးပြီး သန်လျက်ကို ပတ်လိုက်တာပေါ့ဗျာ။

ကျုပ် ညစာ စားသောက်ပြီးတော့ ကိုးနာရီခွဲ၊ ဆယ်နာရီ ရှိရောပေါ့ဗျာ။ အဘနဲ့ အမေတောင် အိပ်သွားကြပြီ။

ကျုပ်ကတော့ ဆေးပေါ့လိပ်ကလေးဖွာရင်း သန်းခေါင် ချိန်ကို စောင့်နေရတာပေါ့ဗျာ။

ကျုပ်တစ်ယောက်တည်း ရွာပြင် ထွက်ချလာခဲ့တယ်။ သန်လျက်ကိုတော့ ကျုပ် ပုဆိုးဟောင်းတစ်ထည်နဲ့ပတ်ပြီး ယူလာ ခဲ့တယ်။ ရွာပြင်ရောက်တော့ ထန်းပင်ကြီးအောက်မှာ ကျုပ် ကပ် ပြီးရပ်နေလိုက်တယ်။

ကျုပ် သိပ်ပြီးမစောင့်လိုက်ရဘူးဗျ။

"ခွပ်၊ ခွပ်၊ ခွပ်၊ ဟီး၊ ဟီး၊ ဟီး"





ဟော လာပြီဗျို့။ ခေါင်းပြတ်သရဲကြီး စီးလာတဲ့ မြင်းနက် ကြီး လာနေပြီ။ မြင်းခွာသံရော၊ မြင်းဟီသံပါ ကျုပ် ကြားနေရ တယ်။ ကျုပ်က မျက်ကွင်းဆေး ထပ်ကွင်းလာတာဆိုတော့ တော် တော်ဝေးဝေးထဲကကို ကျုပ် လှမ်းမြင်နေရတာဗျ။

ဟော တဖြည်းဖြည်း နီးလာပြီဗျို့။ ကျုပ်ကပ်နေတဲ့ ထန်း ပင်အောက်ကနေ ပြေးထွက်လိုက်တယ်။ လက်ထဲမှာလည်း သန်လျက်ကို တင်းတင်းကိုင်ထားတယ်။

မြင်းပြေးလာတဲ့ လမ်းတည့်တည့်မှာ ကျုပ် ပိတ်ပြီးရပ်နေ လိုက်တယ်။ ပြီးတော့ လက်ထဲက သန်လျက်ကို ဟန်ပါပါ ကိုင် ထားလိုက်တယ်။ မြင်းက အရှိန်နဲ့ ပြေးလာရာကနေ တဲ့ကနဲရပ် သွားတယ်။ ကျုပ်က လက်ထဲက သန်လျက်ကို တစ်ချက်ဝင့်လိုက် တယ်။

ဟာ ဝတ်ရုံမည်းကြီး ဝတ်ထားတဲ့ သရဲကြီးက သူ့ရဲ့ ခေါင်းပြတ်ကြီးကို လက်မှာပွေ့ကိုင်ထားရင်းနဲ့ မြင်းပေါ်က ခုန် ဆင်းတယ်။ ပြီးတော့ မြင်းဘေးမှာ ဒူးထောက်ထိုင်ချလိုက်တယ်။

ကျုပ်ကတော့ မဖဲဝါ မှာထားတဲ့အတိုင်း မှော်ဝင်သန်လျက် ကို ဟန်ပါပါဝင့်လိုက်ရင်း. . .

"မောင်မင်း စစ်သူကြီး၊ မောင်မင်းဟာ အလွန်တာဝန် ကျေပါပေတယ်၊ ကျုပ် မောင်မင်းကို ခွင့်လွှတ်လိုက်ပြီ၊ ခုအချိန်က



www.burmeseclassic.com

www.burmeseclassic.com



စပြီး မောင်မင်း သွားလိုရာကို လွတ်လွတ်လပ်လပ် သွားနိုင်ပြီ ငါကိုယ်တော်ရဲ့ အမိန့်"

ကျုပ်က လက်ထဲက သန်လျက်ကို ဝင့်ကာ ဝင့်ကာနဲ့ ပြောလိုက်တာဗျို့။ ကျုပ်စကားလည်းဆုံးရော ဝတ်ရုံအနက်နဲ့ ခေါင်းပြတ်သရဲကြီးက မြင်းပေါ်ကို လွှားကနဲ ခုန်တက်ပြီး မြင်းကို နောက်ဘက် ပြန်လှည့်လိုက်တယ်။ ဟော သွားပြီဗျို့။ သွားပြီ မြင်းစီးတစ္ဆေကြီး အမှောင်ထဲမှာ ဖျတ်ကနဲ ပျောက်သွားတယ်။

ကျုပ်လည်း နောက်တစ်နေ့ ကျောက်တလားချောင်းက မြောက်ဘက်ရိုးကို လာခဲ့ရပြန်တာပေါ့ဗျာ။

ဇောက်ထိုးက သစ်ခြောက်ပင်ကြီးပေါ်မှာ ဇောက်ထိုးကြီး နေရာကနေ ကျုပ်ကို ကြည့်နေတယ်ဗျ။

ကျုပ်က ကျုပ်ယူလာတဲ့ ကြက်တစ်ကောင်ကို သစ်ပင် ခြောက်ကြီးအောက်ကို လှမ်းပစ်ပေးလိုက်တယ်။

ဟော ဒေါက်ထိုး ဆင်းလာပြီဗျို့။ မြန်လိုက်တဲ့ သရဲဗျာ။ လှစ်ကနဲ လှစ်ကနဲ နေတာပဲဗျ။

မြေကြီးပေါ်ကို ရောက်တော့ သရဲဇောက်ထိုးက ကျုပ်ကို ကြည့်နေတယ်။ ကျုပ်က ပုဆိုးနဲ့ပတ်ပြီး ယူလာတဲ့ သန်လျက်ကို ထုတ်ပြီး သူ့ကို တစ်ချက်လှမ်းကြည့်တယ်။ ပြီးတော့ သူ့ဆီကို လှမ်းပစ်ပေးလိုက်တယ်။





"ဖျတ်"

လျှင်လိုက်တဲ့ ဇောက်ထိုးဗျာ။ ကျုပ် ပစ်ပေးလိုက်တဲ့ မှော်ဝင်သန်လျက်ကို ခြေထောက်နှစ်ဖက်နဲ့ လှမ်းဖမ်းလိုက်တာဗျ။

ကျုပ်လည်း ဆတ်ကနဲ လှည့်ထွက်လိုက်တယ်။

"ဟေ့ကောင် တာတေ၊ ဒီမှာကြည့်စမ်း"

မဖဲဝါ မှာတာကို ကျုပ် ဘယ်မေ့ပါ့မလဲဗျာ။ နောက်ကို လှည့်ကြည့်လိုက်ရင်ဖြစ်ဖြစ်၊ ယောင်ပြီး ထူးလိုက်မိရင်ဖြစ်ဖြစ် နေရာမှာတင် ကျုပ် သေမယ်ဆိုတာလေဗျာ။ ကျုပ် ဘယ်မေ့လိမ့် တုံး။

ကျုပ် တစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ သုတ်ခြေတင် ခဲ့တော့တာပေါ့ဗျာ။ ထနောင်းကုန်းကို ပြန်ရောက်တော့ စောပါ သေးတယ်။

နေတောင် မဝင်သေးပါဘူး။

*(မှတ်ချက် - ရှိုးဆိုတာ ချောင်းတစ်ခုကနေ ထိုးဝင်နေတဲ့ ချောင်းလက်တက်တိုလေး တစ်ခုပေါ့ဗျာ။ အမြဲတမ်း ရေရှိတဲ့ နေရာတစ်ခုပေါ့)*


တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# သူငယ်ချင်းတစ္ဆေ

ဒီနေ့ ကျုပ်တို့ဝိုင်းနဲ့ နှစ်ဝိုင်းကျော်က ဘိုးရင်မောင်ရဲ့ နှစ်ပတ်လည်လေဗျာ။ ဘိုးရင်မောင်ကြီးက လွှတ်အသက်ရှည်တဲ့





ဘိုးတော်ကြီးဗျ။ အသက်(၁၀၀)အတိမှ ဆုံးတာ၊ သူ့မိန်းမကြီး ဘွားစိန်နုက အသက်(၇၀)လောက်ကတည်းက ဆုံးသွားတာ။

သူတို့သားသမီးတွေကလည်း တော်တော်လိမ္မာကြတာဗျ၊ ဘွားစိန်နု ဆုံးတဲ့နေ့ရောက်တိုင်း ဘွားစိန်နုအတွက် တစ်နှစ်တစ်ခါ ဆွမ်းသွတ်တယ်ဗျ။ ဘိုးရင်မောင် ဆုံးတဲ့နေ့ရောက်တိုင်းလည်း တစ်နှစ်တစ်ခါ ဆွမ်းသွတ်တယ်။

ဆွမ်းသွတ်တိုင်းလည်း ကျကျနန ချက်ပြုတ်ကျွေးတာဗျ။ ချက်တာကတော့ ကျုပ်တို့ကာလသားတွေပေါ့ဗျာ။ တာတေကတော့ ရပ်ရေးရွာရေး လက်မနှေးတဲ့ကောင်ဆိုတော့ မြို့တက်ဈေးဝယ်ကလည်းက ပါတာဗျ။ ချက်ပြုတ်ပြီး ကျွေးမွေးဧည့်ခံတာပြီးလို့ အိုးကြီးခွက်ကြီးတွေ ဆေးကြော၊ ဘုန်းကြီးကျောင်း ပြန်ပို့ပြီးမှ ကျုပ်တို့ အိမ်ပြန်ကြတယ်။

"ပုဗ္ဗာရုံဆရာတော်က ဟောထားတယ်ဗျ၊ သေတဲ့လူတွေဟာ ကုသိုလ်ကောင်းမှုတွေ ရှိကြပေမယ့် သေခါနီးအချိန်မှာ တစ်ခုခုကို စိတ်ကစွဲသွားရင် တစ္ဆေဖြစ်ပြီး အပါယ်ကျတော့တာတဲ့ဗျ။

အဲဒီလိုကစ္ဆေဖြစ်သွားရင် သူတို့မိသားစုက ကုသိုလ်ကောင်းမှုလုပ်ပြီး ပအမျှအတန်းဝေလိုက်တဲ့အခါ ကျွတ်လွတ်ပြီး ဘဝကူးသွားကြရောတဲ့ဗျ။ ဒါပေမဲ့ တစ်ခါတလေမှာ မိသားစုက



www.burmeseclassic.com

www.burmeseclassic.com



အလှူဒါနပြုတဲ့အချိန်မှာ တစ္ဆေဖြစ်သွားတဲ့သူက အနားမှာ မရှိတာမျိုးလည်း ဖြစ်တတ်တယ်တဲ့။ ဒါဆိုရင် အမျှဝေလည်း ကုသိုလ်အမျှ မရတော့ မကျွတ်မလွတ်နိုင်ဘဲ တစ္ဆေဘဝမှာ အကြာကြီး သောင်တင်နေတတ်တာတဲ့။

ကျုပ်လည်း ဝိုင်းဝန်းလုပ်ကိုင်ပေးရင်းနဲ့ တရားနာရတာပေါ့ဗျာ။ ကျုပ်ဆရာတော် ဦးဂုဏကလည်း တရားဟောကောင်းဗျ။ သူ့တ ား နာပြီးရင် လူတွေက နားလည်ပြီး ရှင်းလင်းသွားတာဗျ။

ကျုပ်အိမ်ပြန်ရောက်တော့ ညနေ(၃)ချက်တီးလောက် ရှိပြီဗျ။

"တာတေရေ နင့်အဘလည်း ကြည့်ပြောဦးဟေ့၊ ဘန့်ဘွေးကုန်းကို ဒီအချိန်ကျမှ သွားမယ်လုပ်နေလို့ဟေ့"

"ဘန့်ဘွေးကုန်းကို အဘ ဘာသွားလုပ်မလို့တုံး"

ကျုပ်က အဘကို မေးလိုက်တယ်။

"ငါ့သူငယ်ချင်း စိန်ခိုတစ်ယောက် ခါးနာနေလို့ ခါးကြီးကုန်းပြီး တုတ်ထောက်နဲ့ သွားနေရတယ်ကြားလို့ ဟောဒီလိမ်းဆေး သွားပေးမလို့ တာတေရ"

"ဘယ်ဆေးတုံး၊ အဘလိမ်းတဲ့ ဆေးဥလား"

"အေးလေ ဆေးဥထောင်းပြီး အရက်ပြန်နဲ့ စိမ်ထားတာ





ဆေး၊ လွှတ်ကောင်းတဲ့ဆေး၊ ဒူးနာ၊ ခါးနာ လိမ်းရင် မပျောက်တဲ့အခါ တစ်ခါမှ မရှိဘူးကွဲ့"

"ရတယ်၊ ရတယ်၊ ကျုပ် သွားပြီးပေးလိုက်မယ်၊ အဘ သွားပါနဲ့"

အဘဆီက ဆေးရည်ပုလင်းကိုယူပြီး ကျုပ် ထွက်လာခဲ့တယ်။ ဘန့်ဘွေးကုန်းနဲ့ ထနောင်းကုန်းဆိုတာ ကျုပ်အတွက်တော့ အိမ်ဦးနဲ့ ကြမ်းပြင် ဆိုသလိုပါပဲဗျာ။

ဘန့်ဘွေးကုန်းကိုရောက်တော့ အဘရဲ့ သူငယ်ချင်း ဘိုးစိန်ခိုတို့အိမ်ကို တန်းသွားပြီး အဘ ပေးခိုင်းတဲ့ ဆေးပုလင်းကို ပေးတယ်။

ဘိုးစိန်ခိုတို့ တည်တဲ့ ရေနွေးကြမ်းနဲ့ လက်ဖက်သုတ်အလေးဝါးရင်း နဂါးဆေးပေါ့လိပ် ဖွာလို့ပေါ့ဗျာ။

ဘိုးစိန်ခိုတို့ မိသားစုနဲ့ စကားပြောရင်း စကားကောင်းသွားတာနဲ့ပဲ ကျုပ်ပြန်တော့ နေဝင်ရီတရောအချိန် ရောက်သွားတယ်ဗျ။

ဘန့်ဘွေးကုန်းကထွက်ပြီး ထနောင်းကုန်းကို ပြန်ခဲ့တယ်။ ဘန့်ဘွေးကုန်းကအထွက်မှာ ဟိုလူနဲ့တွေ့၊ ဒီလူနဲ့တွေ့နဲ့ အတော်ကြာသွားသေးတာဗျ။

ဘန့်ဘွေးကုန်း နယ်နိမိတ်ကိုကျော်ပြီး ထနောင်းကုန်း



www.burmeseclassic.com

www.burmeseclassic.com



နယ်နိမိတ်ကို ဝင်လာတဲ့အခါ တစ်လမ်းလုံး မန်ကျည်းပင်တွေ တမာပင်တွေနဲ့ မှောင်ရီတောင် သမ်းနေပြီဗျို့။

ကျုပ်လည်း မိုးချုပ်လာတာနဲ့ ခြေလှမ်းကို ခပ်သုတ်သုတ် လျှောက်လိုက်တယ်။

“တာတေ၊ တာတေ၊ တာတေ”

ကျုပ်ကို နောက်ကနေ လှမ်းခေါ်နေတာဗျ။ သခဲ့ ဖောက်ထိုးနဲ့ တွေ့ပြီးကတည်းက နောက်ကခေါ်ရင် ကျုပ် ဘယ်တော့မှ လှည့်မကြည့်ဘူးဗျို့။

ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ ဒီအသံကို ရင်းရင်းနှီးနှီး ကြားဖူး နေတယ်ဆိုတာတော့ သိတယ်ဗျ။ ကျုပ် စဉ်းစားလာတာ။

ဒါ ဘယ်သူ့အသံပါလိမ့်။ အသံက အသက်ဆယ်နှစ် ကျော်ကလေးသာသာ ရွယ် ယောကျ်ားလေးတစ်ယောက်ရဲ့ အသံဗျ။

“တာတေ၊ ငါ မင်းကို တွေ့ချင်နေတာကွ”

ကျုပ် လှည့်မကြည့်ဘူး၊ ခပ်သုတ်သုတ် လျှောက်လာပြီး ရွာတံခါးကနေ ဝင်လာခဲ့တယ်။ ဒါပေမဲ့ ကျုပ်နားထဲမှာ အဲဒီ အသံက ဖျောက်လို့မရဘူးဗျာ။

‘တာတေ၊ တာတေ ငါ မင်းကို တွေ့ချင်နေတာ’ တဲ့ဗျာ။ ဒါ ဘယ်သူတုံး၊ ကျုပ် ထိုင်ပြီး စဉ်းစားနေတာဗျ။





ဒါပေမဲ့ ကျုပ်တွေးလို့ကို မရပါဘူးဗျာ။ အဘနဲ့ အမေက ကျုပ် ပြန်ရောက်မှ ညစာ စားကြတာဗျ။ အဲဒီညက ငါးခြောက်ရိုး တလေးကို အာလူးနဲ့ ချက်ထားတာဗျ။ အညာဝရှုတ်ပွလေးလည်း [illegible]ားတာဆိုတော့ ကျုပ်အကြိုက်ပေါ့ဗျာ။

ထမင်းကို [illegible]ားရပါးရ စားပြီးတော့ နဂါးဆေးပေါ့လိပ် တလေး ထိုင်ဖွာနေတယ်။ ဆေးလိပ်ဖွာရင်း ကျုပ်စဉ်းစားနေတာ ပေါ့ဗျာ။

ဘန့်ဘွေးကုန်းနဲ့ ထနောင်းကုန်းကြားကို ကျုပ် အမြဲတမ်း ခေါက်တုံ့ခေါက်ပြန် သွားနေကျဆိုတာ ခင်ဗျားလည်း သိတာပဲ ဗျာ။ ကျုပ်ကို ညနေကလို ‘တာတေ တာတွေ’ လို့ လှမ်းခေါ်တဲ့ အသံမျိုး ကျုပ်တစ်ခါမှ မကြားခဲ့ဖူးပါဘူး။

ကျုပ်တွေးတယ်၊ တွေးတယ်။ ဒီအသံကို ကျုပ် ကောင်း ကောင်းကြားဖူးပါတယ်။ ဘယ်သူ့အသံပါလိမ့်။ သစ်ပင်ကွယ်ပြီး တော့ ကျုပ်ကို နောက်တယ်ဆိုရအောင်ကလည်း အသံက ဆယ်နှစ်သားအရွယ် ကလေးတစ်ယောက်ရဲ့ အသံမျိုးဗျ။

ရွာထဲမှာ ကျုပ်ကို ကိုကြီးတာတေလို့ ခေါ်ကြတဲ့ ပြေးတို့ အရွယ် ကောင်လေးတစ်ကောင်ရဲ့ အသံမျိုးဗျ။

တကယ်လို့ ရွာထဲက ကလေးတစ်ယောက်က ကျုပ်ကို ခင်လို့ နောက်တယ်ဆိုရင်တောင် ကိုကြီးတာတေလို့ပဲ ခေါ်မှာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် ပုန်းနေတဲ့ သစ်ပင်ကွယ်ကနေ ပြေးထွက်ပြီး ရယ်မောနေမှာပဲလေ။

ကျုပ်လည်း စဉ်းစားလို့ မရပါဘူးဗျာ။ ဒါနဲ့ ကိုးနာရီကျော်ကျော်လောက်ကျတော့ အိပ်ရာဝင်လိုက်တယ်။ ကိုယ်လက်တွေလည်း နည်းနည်းနာနေတာနဲ့ စောစောပဲ အိပ်ရာဝင်ခဲ့တာဗျို့။

ကျုပ် အိပ်မက် မက်တယ်။

ကျုပ်နဲ့ အသက်တူတူလောက်ရှိမယ့် ကောင်မလေးတစ်ယောက်ဗျ။

တမာပင်ကြီးအောက်မှာ ရပ်နေတယ်။ အင်္ကျီက ရှေးခေတ်က မိန်းမတွေဝတ်တဲ့ ရင်ဖုံးအင်္ကျီဗျ။ လက်က ခပ်ပွပွ ပုံစံ။ အရောင်က ဝါဖျော့ဖျော့ကလေး။ ထဘီကလည်း ဝါဖျော့ဖျော့လေးပဲ။ သူ့ဆံပင်မှာ အဝါရောင်စကားပွင့်လေးတစ်ပွင့် ပန်လို့ဗျ။

သူ့နောက်က တမာပင်ကြီးကလည်း ပွင့်လိုက်တာဗျာ။ ဖွေးဖွေးကို လှုပ်လို့ဗျ။ ကောင်မလေးက တမာပင်အရိပ်အောက်မှာ တောင့်တောင့်ကလေး ရပ်နေတာဗျ။

ဒါပေမဲ့ သူ့မျက်လုံးတွေက ကျုပ်ကို စိုက်ကြည့်နေတယ်။ ကျုပ်ကလည်း သူနဲ့ မလှမ်းမကမ်းမှာရပ်ပြီး သူ့ကို ကြည့်နေတာလေဗျာ။





မလှုပ်မယှက် ရပ်နေရာကနေ အဝါရောင်ကောင်မလေးရဲ့ လက်တွေလှုပ်သွားပြီး သူ့နောက်ကျောဘက်က တစ်စုံတစ်ခုကိုဆွဲပြီး ရှေ့ကိုထုတ်လိုက်တယ်။

"ဟာ"

ကျုပ် လန့်ပြီး နောက်ကို ခြေတစ်လှမ်းတောင် ခုန်ဆုတ်လိုက်မိတာဗျ။

အဝါရောင်ကောင်မလေး ဆွဲထုတ်လိုက်တာက ကောင်လေးတစ်ကောင်ဗျ။ ပုဆိုးအနီကွက်ကလေးနဲ့ စွပ်ကျယ်ချိုင်းပြတ်ကလေးဝတ်လို့ဗျ။ ဒါပေမဲ့ အဲဒီကောင်လေးမှာ မျက်နှာမပါဘူး။ မျက်နှာက ပြောင်ချောကြီးဗျ။ ဘဲဥကြီးလိုပဲ။ ရုတ်တရက်ကြီး မြင်လိုက်တော့ ကျုပ် လန့်သွားတာပေါ့ဗျ။

အဝါရောင်ကောင်မလေးက ကျုပ် လန့်သွားတာကို ကြည့်ပြီး ရယ်တယ်ဗျ။ ပြီးတော့. . .

"တာတေ ဒါ နင့်သူငယ်ချင်းလေ"

အသံကြားလိုက်တော့မှ ကျုပ်ချက်ချင်း သိသွားတာဗျို့။ ဒါ မဖဲဝါပဲ။ သချိုင်းရှင်မကြီး မဖဲဝါ ရုပ်ပြောင်းထားတာဗျို့။

မဖဲဝါက ပြောပြောဆိုဆိုနဲ့ ကောင်လေးရဲ့ ဘဲဥမျက်နှာကို သူ့ရဲ့လက်ဝါးနဲ့ သပ်ချလိုက်တယ်။

"ဟာ အောင်ဘကြည်"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဖြင့် အံ့ဩလိုက်တာဗျာ၊ ဒါ ကျုပ်သူငယ်ချင်း အောင်ဘကြည်ပဲဗျ။

ဟာ ချက်ချင်းသိသွားပြီဗျ။ ညနေက ဘန့်ဘွေးကုန်းက အပြန်မှာ ကျုပ်ကို လှမ်းခေါ်တဲ့ အသံဟာ အောင်ဘကြည်ရဲ့ အသံပဲကိုး။ ကျုပ် လန့်နိုးသွားတယ်ဗျ။

အောင်ဘကြည် ဆိုတာ ငယ်ငယ်ကလေးကတည်းက ကျုပ်နဲ့ ကစားဖက်လေဗျာ။ လွှတ်ခင်တဲ့ သူငယ်ချင်းပေါ့ဗျာ။ ကျုပ် မြို့ကျောင်းမှာ ပြောင်းတက်ရတော့ အောင်ဘကြည်လည်း တက်ရတာဗျ။ ကျုပ်တို့နှစ်ယောက် မြို့မှာ အ[illegible]းလာခဲ့ကြတာပေါ့ဗျာ။

ဒါပေမဲ့ ဆယ်နှစ်သားမှာ အောင်ဘကြည် ဖျားပြီး ဆုံးသွားတာဗျ။ ဒီတုန်းက ကျုပ်မှာ ငိုလိုက်ရတာဗျာ။

ညနေက ကျုပ်ကို လှမ်းခေါ်တာ အောင်ဘကြည် အသံဆိုတာ ကျုပ် သေသေချာချာ သိလိုက်တော့ ရင်ထဲမှာ မကောင်းလိုက်တာဗျာ။ မျက်စိထဲမှာ မျက်ရည်တွေ ချက်ချင်းဝဲလာတာဗျ။

ကျုပ် ဆက်မအိပ်တော့ဘူး။ ထထိုင်ပြီး ဆေးလိပ်ဖွာနေတယ်။ မဖဲဝါ ကျုပ်ကို အိပ်မက်ပေးတာဗျ။ အကြောင်းတစ်ခုခု ရှိလို့ဖြစ်မယ်။ အကြောင်းကိစ္စမရှိဘဲ မဖဲဝါ ကျုပ်ကို အိပ်မက်ပေးလေ့မရှိဘူးဗျ။





ဒါဆိုရင် ကျုပ် ဘာလုပ်ရမှာတုံး။

နာရီကြည့်လိုက်တော့ ည(၁၂)နာရီပဲ ရှိသေးတာ။ ကျုပ် ဆုံးဖြတ်လိုက်တယ်။ ညနေက ကျုပ်ကိုခေါ်တဲ့နေရာကို သွားကြည့်မယ်။

အောင်ဘကြည်က သုံးရက်တည်းဖျားပြီး ဆုံးသွားတာ။ ကျုပ်တို့တစ်ရွာလုံး ဘယ်သူမှ မထင်ကြဘူးပေါ့ဗျာ။

အောင်ဘကြည်ရဲ့ မိဘတွေလည်း သူတို့သား သေသွားပြီး တစ်နှစ်လောက်အကြာမှာ မန္တလေးကို ပြောင်းသွားကြရောဗျို့။

ကျုပ် မှက်ကွင်းဆေးကွင်းပြီး ထွက်လာခဲ့တယ်။ အဘနဲ့ အမေ မနိုးအောင် ခြေသံကို ဖွနင်းရတာပေါ့ဗျာ။ ဒီအချိန်က သူတွေ အိပ်မောကျတဲ့ အချိန်လေဗျာ။

ထနောင်းကုန်းမှာက တာတေ့ကို လူမပြောနဲ့ ခွေးက အစ ခင်တာဗျ။ ညအချိန်မတော် ထပြီးသွားလို့ လာလို့ကတော့ ကျုပ်ကို ဟောင်တဲ့ခွေးဆိုတာ ရှိကို မရှိတာဗျ။

ကျုပ် ရွာပြင်ထွက်ပြီး ဘန့်ဘွေးကုန်းဘက်ကို လျှောက်လာခဲ့တယ်။ လက်ထဲမှာတော့ အဘရဲ့ ငါးတောင့်ထိုး ဓာတ်မီးကို ကိုင်လို့ပေါ့ဗျာ။ ကျုပ်က ဓာတ်မီးကို အောက်စိုက်ပြီး ခပ်အုပ်အုပ် ထိုးထားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"တာတေ တာတေ"

ဟော ကျုပ်နာမည် ခေါ်ပြီဗျို့။

ကျုပ် တုံ့ကနဲရပ်လိုက်တယ်။ အသံကြားတဲ့ဘက်ကို ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တယ်။ တမာပင်ကြီးဗျ။ အပွင့်တွေ ဖွေးနေတာ။

ဟာ ကျုပ်အိပ်မက်ထဲက တမာပင်ပဲ။ မဖဲဝါ ရပ်နေတာ ဟော ဟိုကနေရာပေါ့။ ကျုပ် ဓာတ်မီးပိတ်လိုက်တယ်။ လရောင် လေးက ဝိုးတိုးဝါးတား ရှိနေတာဗျ။

ဟော တမာပင်နောက်က ရိပ်ကနဲ တွေ့လိုက်တယ်။ ထွက်လာပြီဗျို့။ ထွက်လာပြီ။ ဟုတ်ပဲဗျာ။ ဒါ စောစောက ကျုပ် အိပ်မက်ထဲမှာ တွေ့လိုက်တဲ့ ပုဆိုးအနီကွက်ကလေးပဲဗျ။ အင်္ကျီ ကတော့ စောစောကတွေ့တဲ့ ချိုင်းပြတ်စွပ်ကျယ် မဟုတ်ဘူးဗျ။ ရှပ်အင်္ကျီ အဖြူကလေး ပုဆိုးအပြင်က ချဝတ်ထားတာ။

သူက ခေါင်းငုံ့ပြီး ရပ်နေတာဗျို့။ ဘုရား၊ ဘုရား အိပ်မက်ထဲမှာ ပထမမြင်ရတဲ့ ဘဲဥလို ပြောင်ချောမျက်နှာကြီး များလားလို့ ကျုပ် တွေးမိပြီး ကျုပ် လန့်သွားတယ်။

ဟော ခေါင်းကြီးငုံ့ထားရာကနေ တဖြည်းဖြည်း မော့ လာပြီဗျို့။ ဟော ဟော မော့လာပြီ။

"ဟာ အောင်ဘကြည်"





ကျုပ်အိပ်မက်ထဲမှာ တွေ့တဲ့အတိုင်းပါပဲဗျာ။ မရယ်မပြုံး နဲ့ ကျုပ်ကို စိုက်ကြည့်နေတာဗျ။ ဘာမှလည်း မပြောဘူး။ ဒီကောင် စကားတွေ ဘာတွေမှ ပြောနိုင်ရဲ့လား။ ဩော် ညနေက ရော စောစောကပါ ကျုပ်နာမည်ကိုတောင် ခေါ်သေးတာပဲ။

"အောင်ဘကြည်၊ မင်း ခုထိ မကျွတ်သေးဘူးလား"

ကျုပ်က စိတ်မကောင်းဖြစ်ပြီး မေးလိုက်တယ်။

"ဟုတ်တယ် တာတေ၊ ငါ မကျွတ်သေးဘူး၊ လာ ထိုင် ကွာ၊ မင်းက ငါ့ကို မြင်နေရတာ ငါ အံ့ဩလွန်းလို့ပါ တာတေရာ၊ မင်းရော ငါ့လို တစ္ဆေဖြစ်နေတာလား"

"ဟာ မဟုတ်ပါဘူးကွ၊ အောင်ဘကြည်ရ၊ တစ္ဆေဆိုရင် ဒီလိုဓာတ်မီးကြီး ထိုးနိုင်ပါ့မလားကွ"

ကျုပ်က ပြောပြောဆိုဆိုနဲ့ ဓာတ်မီးကို အောက်စိုက်ပြီး နှစ်ခါ သုံးခါ ဖွင့်လိုက် မှိတ်လိုက် လုပ်ပြလိုက်တယ်။

"ဟာ တာတေကလည်း တစ္ဆေတွေထဲမှာ မီးအိမ် တစ်လုံးနဲ့ လျှောက်သွားနေတဲ့ တစ္ဆေ ရှိတာပေါ့ကွ"

"ဟေ ဘယ်လိုကြောင့်တုံးကွ"

"သူက ကင်းစောင့်တဲ့ အဘိုးကြီးလေကွာ၊ သေတော့ မကျွတ်ဘဲ မီးအိမ်တစ်လုံးနဲ့ ကင်းဆက်စောင့်နေတာလေကွာ၊ လူတွေကတော့ မမြင်ရဘူးပေါ့ကွာ၊ ငါတို့တစ္ဆေချင်းကတော့



www.burmeseclassic.com

www.burmeseclassic.com



မြင်ရတာပေါ့"

ဒီကောင်က သေသွားတုန်းက အရွယ်ပဲဗျ၊ ဆယ်နှစ်သား လောက်ပေါ့ဗျာ။ ဒီကောင်နဲ့ ကျုပ်နဲ့က အခုလိုပဲဗျ။ တွေ့တာနဲ့ စကားတွေ အများကြီး ပြောကြတာ။

ကျုပ်က သမုန်းပင်အောက်မှာ ထိုင်လိုက်တယ်။ ကျုပ် သူငယ်ချင်းတစ္ဆေက တမာပင်ကြီးအောက်မှာထိုင်တယ်။ သူနဲ့ ကျုပ်နဲ့ တစ်လံကျော်ကျော်လောက်ပဲ ဝေးတာဗျ။

"ညနေက ငါ ဘန့်ဘွေးကုန်းက အပြန်မှာ လှမ်းခေါ် တာ မင်းပဲမို့လား"

"အေး ဟုတ်တယ်၊ မင်း ကြားမလားဆိုပြီး ခေါ်ကြည့် တာကွ၊ မင်း ကြားတယ်ဟုတ်လား၊ ဒါနဲ့တောင် မင်းက တစ်ချက် လှည့်မကြည့်ဘူး၊ ငါကတော့ ငါ့ခေါ်သံကို မင်း မကြားဘူးလို့ ထင်နေတာ"

"ငါ ကြားတယ်ကွ အောင်ဘကြည်ရ၊ ဒါပေမဲ့ နာမည် ခေါ်သံကြားရင် လှည့်မကြည့်ရဘူးတဲ့၊ ပြန်မထူးရဘူးတဲ့ ပြော တာ ကြားဖူးလို့ ပြန်မထူးတာပါ"

"နို့ နေပါဦး တာတေရ၊ မင်းက ငါ့လိုတစ္ဆေတစ်ကောင် ကို ဘာကြောင့် မြင်ရတာတုံး၊ လူတွေ တစ္ဆေ သရဲကို မြင်ရတာနဲ့ မဟုတ်တာ၊ မင်းက ဘာကြောင့်မြင်ရတာတုံး၊ ပြီးတော့ မင်းနဲ့





ငါ စကားပြောလို့ ရနေတာကရော ဘာကြောင့်တုံး၊ မင်း ငါ့ကို နောက်နေတာတော့ မဟုတ်ပါဘူးနော်"

"ဟေ ငါက မင်းကို ဘာနောက်ရမှာတုံး အောင်ဘ ကြည်ရ"

"မင်း ငါ့လိုတစ္ဆေ မဟုတ်တာတော့ သေချာပါတယ် နော် တာတေ"

"ဟာကွာ၊ ငါ တစ္ဆေမဟုတ်ပါဘူး အောင်ဘကြည်ရ၊ ငါ လူပါ၊ မင်း သိချင်ရင် ငါပြောပြပါ့မယ်၊ ငါ့ကို ရှမ်းဆရာကြီး တစ်ယောက်က မျက်ကွင်းဆေးဆိုတာ ပေးခဲ့တယ်ကွ၊ အဲဒီဆေး ကို ကွင်းထားလို့ ငါ မြင်ရတာ"

"ဟာ ဒါဆိုရင် မင်း အမြဲမြင်နေရောပေါ့"

"မဟုတ်ဘူးကွ၊ ဝကွင်း ဆနွင်းဖြူဥတွေ ငါ့မှာ ရှိတယ်၊ အဲဒါသွေးပြီး ပွတ်လိုက်ရင် ပျောက်သွားရောကွ"

"ဪ ဒီလိုလား၊ နို့ အဲဒီဆေးက မျက်စိကွင်းတာနဲ့တင် အသံပါ ကြားရတာပဲလား"

"မကြားရဘူးကွ၊ အောင်ဘကြည့်ရ ကြားတာက မဖဲဝါ ကိုယ်ခွဲရုပ်ကလေးကြောင့်ကွ၊ အဲဒီကိုယ်ခွဲရုပ်ကလေးကို မဖဲဝါ ကိုယ်တိုင် ပေးလိုက်ကတည်းက ငါ သရဲ တစ္ဆေတွေရဲ့အသံကို ကြား နေတော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ မဖဲဝါ ဟုတ်လား၊ မင်းက မဖဲဝါကို သိလို့လား"

"သိတယ် အောင်ဘကြည်၊ ငါနဲ့ မဖဲဝါနဲ့သိတာ ကြာပြီကွ"

"ဟာ မဖဲဝါဆိုတာ တစ္ဆေ သရဲတွေ တုန်နေအောင် ကြောက်ရတာကွ၊ မင်းရော မဖဲဝါကို မပြောနဲ့၊ သူ့အောက်က အဆင့်ဆင့်အုပ်ချုပ်တဲ့ တစ္ဆေသရဲတွေကိုတောင် တုန်နေအောင် ကြောက်ရတာကွ၊ မင်းရော မဖဲဝါကို မကြောက်ဘူးလား တာတေ"

"ငါက လူလေကွာ၊ ပြီးတော့ မဖဲဝါကို ခပ်လှမ်းလှမ်းကပဲ ငါက မြင်ရတာကွ၊ အနီးကပ် မြင်ပြီဆိုရင်လည်း မဖဲဝါက ငါ ကြောက်လန့်မသွားအောင် သူ့ပုံစံကို ငါနဲ့ရွယ်တူကောင်မလေး တစ်ယောက်ကို ရုပ်ပြောင်းပြတာကွ"

"ဩော် ဒီလိုလား"

"ဒီည ညဦးပိုင်းကပဲ မဖဲဝါ ငါ့ကို အိပ်မက်ပေးလို့ ငါ မင်းဆီကို ချက်ချင်းထလာခဲ့တာ၊ ညနေကတည်းက ငါ့ကို လှမ်းခေါ်တာ မင်းမှန်းသိရင် ငါလှည့်ပြန်လာမှာပေါ့ကွာ"

"အေး အဲဒီတုန်းကသာ မင်း ငါ့ကိုမြင်ရင် အခုလို ထိုင်ပြီးစကားပြောနေမှာ မဟုတ်ဘူးကွ၊ တစ်ခါတည်း လှည့်ပြေးမှာ"

"ဟေ ဘာဖြစ်လို့တုံး"

"ညနေကအထိ ငါ့မျက်နှာဟာ ပြောင်ချောကြီးဖြစ်နေ





တာကွ၊ ဘဲဥကြီးတစ်လုံးလိုပဲ မင်း မြင်ရမှာ"

"ဟာ ဒါဆိုရင် ငါ့အိပ်မက်ကဟာ တကယ်ပေါ့"

"မင်း အိပ်မက်က ဘယ်လိုမို့တုံး"

"အိပ်မက်ထဲမှာ မင်းမျက်နှာက မင်းစောစောက ပြောသလို ပြောင်ချောကြီးကွ၊ မျက်စိတွေ၊ နှာခေါင်းတွေ၊ ပါးစပ်တွေ ဘာမှမတွေ့ရဘူး၊ ဘဲဥကြီးလို ပြောင်ချောကြီး။ အဲဒါ မဖဲဝါက မင်းမျက်နှာကို လက်နဲ့ သပ်ချလိုက်တာ။ ဒီတော့မှ မင်းရဲ့နဂိုရုပ် ပေါ်သွားတာ"

"ဟာ မင်းအိပ်မက်က ဟုတ်လှချေလားကွ၊ မင်း အခု ပြောတဲ့အတိုင်းပဲကွ၊ မဖဲဝါ ရောက်လာပြီး ငါ့မျက်နှာကို သပ်ချပေးလိုက်တာ တာတေရ"

"နို့ နေပါဦး အောင်ဘကြည်ရ၊ မင်းက အခုထိ တစ္ဆေ ဖြစ်နေတုန်းဆိုတော့ မင်းမိဘတွေ မင်းအတွက် ဆွမ်းသွပ်ပြီး အမျှအတန်းဝေတဲ့ အချိန်မှာ မင်း သာဓုမခေါ်ခဲ့ရလို့လား"

"ဟုတ်တယ် တာတေ၊ ဒီအကြောင်းကို တွေးမိတိုင်း ငါ အမြဲဝမ်းနည်းခဲ့ရတာ၊ ငါ သေသွားပြီးတော့ ဒီတမာပင်မှာပဲ တစ္ဆေဖြစ်သွားတာ၊ ငါ့ကိုယ်ငါ သေသွားမှန်း ငါမသိဘူးကွ၊ ဒီတမာပင်မှာနေတဲ့ ပြိတ္တာတစ်ကောင် ရှိတယ်၊ သူပြောမှ ငါ သေမှန်းသိတာ၊ အဲဒီပြိတ္တာက တစ်ကိုယ်လုံး အမွေးအမျှင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဖုံးလို့ကွ၊ ငါ့လို အဝတ်တောင် မရှိဘူး၊ အဝတ်အစား ဝတ်ရတာ မဝတ်ရတာ၊ ပုံဖျက်ပန်းဖျက်ဖြစ်တာ မဖြစ်တာက အကုသိုလ် အနည်းအများနဲ့ ဆိုင်တယ်ကွ၊ ငါလူဘဝတုန်းက လောက်လေးခွ ပစ်တာ လွှတ်လက်ဖြောင့်တဲ့ အကောင်လေကွာ၊ ငှက်တစ်ကောင် ကိုပစ်ရင် ခေါင်းကိုပဲ ထိတာကွ၊ မင်းလည်း ငါ့အကြောင်းတို့ သိတာပဲကွာ၊ ဒီနေ့ကတော့ အဲဒီကိစ္စကို ဂုဏ်ယူစရာလို့ထင်တာ ပေါ့ကွာ၊ ငှ တစ်ကောင်ကို ခေါင်းထိအောင် ပစ်နိုင်တယ်ဆို တော့ ခေါင်းရော မျက်နှာရော ကြေမွသွားတော့တာပေါ့ကွာ ငါ တစ္ဆေဖြစ်တော့ မျက်နှာမှာ ပြောင်ချောကြီးဖြစ်နေတာ အဲဒီ အကုသိုလ်ကံကြောင့်ပေါ့ကွာ"

"နို့ သာဓုခေါ်ရလား၊ မခေါ်ရလားဆိုတာ ပြောဦးလေ ကွာ"

"အေး ပြောမယ်၊ ပြောမယ်၊ ငါ့ကို ရက်လည်ဆွမ်းသွတ် မယ့်နေ့ကို စောင့်နေတုန်း ဒီတမာပင်မှာ ငါနဲ့အတူနေတဲ့ တစ္ဆေ က ရုံးဒေါင့်က ဘုရားလေးပွဲကို သွားမယ်၊ အဲဒီမှာ ငါတို့လို တစ္ဆေတွေ အများကြီး လာတယ်၊ ပြီးတော့ ဘုရားပွဲမှာ ကျွေးမွေး တဲ့ အစားအစာဆိုတာ ဘယ်တစ္ဆေသရဲမဆို စားလို့ရတယ်တဲ့၊ ပြိတ္တာတွေလည်း စားခွင့်ရတယ်။ တကယ်ပျော်ဖို့ ကောင်းတာလို့ ပြောတော့ ငါလည်း စိတ်ဝင်စားပြီး အဲဒီပြိတ္တာနဲ့ လိုက်သွားတာ





ပေါ့။ အဲဒီကတည်းက ငါ ဒီနေရာကို ပြန်မရောက်တော့တာ။ ဒီနေ့မှ ဒီတမာပင်ကို ငါ ပြန်ရောက်လာတာ"

ကျုပ်က တမာပင်ပေါ်ကို မော့ပြီး လိုက်ကြည့်တယ်။ ဒါပေမဲ့ ဘာမှမတွေ့ဘူးဗျ။

"တာတေ မင်း ဘာကိုလိုက်ကြည့်တာတုံး"

"မင်းနဲ့ အတူတူနေတယ်ဆိုတဲ့ ပြိတ္တာကို ရှာတာကွ"

"ဟာ အဲဒီပြိတ္တာ မရှိတော့ဘူးကွ၊ ပြီးခဲ့တဲ့ တစ်ပတ်ကပဲ ကျွတ်လွတ်သွားပြီ"

"ဟေ ဟုတ်လားကွ"

"မင်း သူနဲ့လိုက်ပြီး ဘယ်တွေကို သွားနေတာတုံး အောင်ဘကြည်"

"ဟာ နှံ့နေတာပါပဲကွာ၊ ဒီပြိတ္တာနဲ့ ငါနဲ့ သွားရင်းလာရင်း နဲ့ ဟိုသရဲက ခေါ်သွား၊ ဒီသရဲက ခေါ်သွားနဲ့ ခရီးဆက်ဆက် သွားလိုက်ကြတာ အချိန်တွေ တော်တော်ကြာသွားတာကွ၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာ ဒီလောက်ကြာသွားမှန်း မသိဘူး၊ ခဏလေးပဲ ထင် တာ၊ ငါ သတိရလို့ ပြန်တွေးကြည့်တော့မှ ခြောက်နှစ်လောက် ကြာသွားမှန်း ာကွ၊ တာတေရ"

"အေး ဟုတ်တယ် ေ ာင်ဘကြည်၊ မင်း ဆုံးသွားတာ ခြောက်နှစ်ထဲ ရောက်ပြီ ငါ မင်းကို ခဏခဏ သတိရပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ယုံပါတယ်ကွာ၊ ငါလည်း တစ္ဆေဘဝကနေ မင်းကို သတိရနေတာပါ၊ ငါ ဒီတမာပင်ကို ဒီမနက် ပြန်ရောက်တယ်။ ညနေကျတော့ မင်းကို တန်းတွေ့ရတာပဲ၊ ငါဖြင့် မင်းကို တွေ့တွေ့ချင်း ဝမ်းသာလိုက်တာ၊ ဒါနဲ့ ဝမ်းသာအားရ လှမ်းခေါ်လိုက်တာကွ၊ မင်း မကြားဘူးဘဲ ထင်နေတာ"

"မင်း အဲဒီလို လျှောက်သွားတော့ တစ္ဆေတွေ သရဲတွေ အများကြီး တွေ့ရမှာပေါ့နော်"

"ဟာ... တာတေကလည်း ငါကိုယ်တိုင် တစ္ဆေပဲဟာ၊ တစ္ဆေတွေ၊ သရဲတွေ တွေ့ရတာပေါ့ကွာ"

"ငါ့ကို နည်းနည်းပါးပါး ပြောပြစမ်းပါ အောင်ဘကြည်ရာ၊ ငါ စိတ်ဝင်စားလို့ပါကွာ"

"တာတေ၊ ငါတို့လူတွေ ပြောပြောနေတဲ့ တစ္ဆေ၊ သရဲ ဘုတ်၊ သဘက်၊ မှင်စာ၊ ဥစ္စာစောင့်၊ ကျတ် ဆိုတာတွေအားလုံး ပြိတ္တာတွေပဲကွ၊ ငါ သေခါစက ရက်မလည်ခင်မှာ ငါ့အမေက ငါစားဖို့ဆိုပြီး ဝိုင်းထောင့်မှာ ငှက်ပျောဖက်နဲ့ ထမင်းတွေ ဟင်းတွေ အမြဲကျွေးတယ်။ ရက်မလည်မချင်း အဲဒါကို ငါ စားခွင့်ရှိတယ်။

ငါ သွားသွားစားတယ်။ ငါ့ရဲ့ အသုဘအိမ်မှာ မင်းကိုလည်း ငါတွေ့တယ်ကွ။ လူတွေက ငါ ထမင်းစားနေတာကို





ကြည့်လိုက်ရင် ခွေးနက်ကလေးတစ်ကောင် ထမင်းစားနေတာပဲ မြင်ကြရတာ၊ ဒီမှာတင် မင်းက အဲဒီခွေးကို မောင်းမယ်လုပ်တော့ ဘိုးခင်မောင်ကြီးက မင်းကို ပြောသေးတယ်လေ၊ တာတေ မမောင်းနဲ့၊ မမောင်းနဲ့၊ အပဆိုတာ ခွေးကိုမှီပြီး စားရသောက်ရတာမျိုးလည်းရှိတယ်၊ မမောင်းနဲ့လို့ မင်းကို ပြောတော့မှ မင်း မမောင်းဘဲ ကြည့်နေတာလေ။

ဒီတုန်းက ငါတောင် တော်တော်အံ့ဩသွားတာကွ၊ ငါ့ကို ခွေးလို့ ဘာလို့မြင်နေလဲဆိုတာ ဒီနေ့အထိ ငါ စဉ်းစားလို့ မရဘူးကွ"

ဒီကောင်ပြောတာ ဟုတ်တယ်ဗျ၊ ကျုပ် မှတ်မိတယ်။

"နောက်တော့ စောစောက ပြောသလို ငါနဲ့ တမာပင်မှာ အတူတူနေတဲ့ ပြိတ္တာနဲ့ လိုက်သွားလိုက်တာ ခြောက်နှစ်ကြာသွားတော့တာပေါ့ကွာ"

"မင်းတို့ ရှုံးဒေါင့်ဘုရားလေးပွဲကို သွားကြတယ်ဆို"

"အေး ဟုတ်တယ်၊ ငါတို့လို အကုသိုလ်နဲ့ တစ္ဆေတွေက အဝတ်အစားနဲ့၊ ရုပ်ရည်ပုံစံကလည်း သိပ်ပြီး ပုံပျက်ပန်းပျက် မနိုင်ဘူးကွ၊ ဒါပေမဲ့ အကုသိုလ်ကြီးလို့ သရဲ သဘက်ကြီးတွေ ဖြစ်နေတဲ့ကောင်ကြီးတွေက အနှစ် ၆၀၀၊ ၇၀၀ တောင် ရှိနေကြပြီကွ၊ သူတို့ ဝဋ်ကြွေးတွေက မကုန်နိုင်သေးဘူး၊ ဒီကောင်မျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



က အစားကို စားချင်တိုင်း မစားရဘူး၊ ရေလည်း သောက်ချင်တိုင်း သောက်လို့ရတာ မဟုတ်ဘူးကွ။

သူတို့မှ စားမလို့ လက်လှမ်းလိုက်ရင် အစားအသောက်တွေက ပျောက်ပျောက်ကုန်တာကွ၊ သူတို့မှာ ဆာလောင်ပြီးတော့ အမြဲနေကြရတာ၊ ငါတို့လို အကုသိုလ်နည်းတဲ့ တစ္ဆေတွေကတော့ ဝဝလင်လင် စားကြရပါတယ်။

အဲဒီလို မစားရတဲ့ကာ ရှိရဲ့သားနဲ့ ဇွတ်ယူစားရင်တော့ သေဖို့သာ ပြင်တော့ဟေ့၊ နားကားကြီးနဲ့ သူတပည့် သရဲကြီးတွေ ရောက်လာပြီး အဲဒီကောင်ကို သစ်ပင်မှာ ဇောက်ထိုးဆွဲ၊ ဆူးခက်တင်းပုတ်နဲ့ ထုတော့တာဟေ့၊ ဗိုက်ကို ခြေထောက်နဲ့ကန်၊ ခေါင်းနဲ့ဆောင့်လုပ်ကြတာ၊ စားထားတဲ့ အစာတွေ အကုန်လုံး ထွက်မကျမချင်းကို တွယ်တော့တာကွ၊ အစာတွေ အကုန်ထွက်ကျတော့မှ ပြန်လွှတ်လိုက်တာ၊ ဒီတော့လည်း ဒီကောင်တွေ မစားရဲဘူးပေါ့ကွာ။

ဘုရားပွဲရှိလို့ ဆွမ်းတော်ကြီးတင်တဲ့ ဆွမ်းတော်စွန့်တွေ ချကျွေးရင်တော့ ဘယ်ကောင်မဆို စားခွင့်ရှိတယ်ကွ၊ အားလုံး ပျော်ပြီး စားကြသောက်ကြတာပေါ့ကွာ။

ငါတို့လို အမြဲစားနေရတဲ့ တစ္ဆေတွေက ဝင်ပြီး လုမစားကြပါဘူးကွာ၊ အဲဒီငတ်နေတဲ့ ပြိတ္တာတွေကို ဦးစားပေးပြီး ကျွေး





ကြတာပါပဲ"

"မင်းတို့ ရှုံးဒေါင့်ဘုရားလေးပွဲကနေပြီး ဘယ်ကို ဆက်သွားကြတုံးကွ"

"အဲဒီပွဲ မပြီးခင် အနယ်နယ် အရပ်ရပ်က တစ္ဆေတွေ၊ ပြိတ္တာတွေ တော်ခေါ်စံတဲ့ပွဲကိုကွ၊ တချို့အကောင်ကြီးတွေကတော့ ကြောက်စရာ နားကြီးတွေနဲ့ပေါ့ကွာ၊ အဲဒီအထဲမှာပါလို့ တစ္ဆေတစ်ကောင်တောင် လန့်သွားတဲ့ သရဲကြီးတစ်ကောင် တွေ့တယ်ကွ၊ အကောင်ကြီးက မတ်တတ်ရပ်လိုက်ရင် ထန်းပင်တစ်ဝက်လောက် ရှိတယ်၊ ကိုယ်လုံးကြီးကလည်း အကြီးကြီးပဲကွာ၊ သူ့ခြေထောက်ကြီးတွေက တစ်ဖက် တစ်ဖက်ကို ထန်းပင်လုံးပတ်လောက် ရှိတာဟေ့၊ ပါးစပ်ကြီးက တစ်တောင်လောက်ကျယ်တယ်၊ သူ့လျှာကြီးက အမြဲတွဲလောင်းကြီး ကျနေတာကွ၊ ချာလပ်ကြီးတစ်လိပ်လို၊ အဲဒီလျှာနီနီကြီးကို ဒီကောင်ကြီးက လိပ်ထားတာ၊ အစာစားခါနီး ဖြည်ချလိုက်ပြီဆိုရင် မြေကြီးနားအထိ ကျလာတာဟေ့"

"ဟာ ကြောက်စရာကြီးပါလားကွာ"

"အေး အကုသိုလ်နည်းတဲ့ တစ္ဆေတွေကတော့ တစ်ယောက်နဲ့ တစ်ယောက် မိတ်ဖွဲ့ကြ၊ ပြောကြ ဆိုကြနဲ့ပေါ့ကွာ၊ အဝတ်အစားတွေလည်း ဝတ်စားထားကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာနဲ့တူနေတုံးဆိုရင် ဘုရားလာဖူးတဲ့ အနယ်နယ် အရပ်ရပ်က လူတွေလိုပေါ့ကွာ။ အဲဒီမှာ သတင်းအမျိုးမျိုး ရတာပေါ့၊ ဒီဘုရားပွဲပြီးရင် ဘယ်မှာ ဘုရားပွဲရှိတယ်၊ အဲဒီမှာဆိုရင် ဘယ်လိုပျော်စရာကောင်းတာ၊ ဘာညာပေါ့ကွာ၊ တချို့နယ်တွေက ငါတို့ သွားလို့ရတာရှိသလို တချို့နယ်ကျတော့ ငါတို့ သွားလို့မရဘူးကွ၊ သွားလို့ရတဲ့ နယ်တွေဆိုရင် လိုက်သွားတာဖေါ့ကွာ"

"ဩော် မင်းတို့ ဘယ်ဘက်တွေ ရောက်ခဲ့တုံးကွ"

"တာတေရေ ရောက်တာတော့ မပြောနဲ့တော့ပေါ့ ရှမ်းပြည်ဘက်ရော၊ ကရင်ပြည်နယ်ဘက်ရော၊ အောက်ပြည်အောက်ရွာရော၊ ပင်လယ်ဒေသတွေဘက်ရော စုံနေတာပဲကွ၊ ငါနဲ့ တမာပင်မှာ အတူနေတဲ့ ပြိတ္တာက ပုံသာ ဆိုးတာကွ၊ လူချစ်လူခင်၊ အဲ အဲ သရဲချစ် သရဲခင်တော့ တော်တော်ပေါတာကွ၊ ဒါပေမဲ့ ဒီကောင်က သနားဖို့ တော်တော်ကောင်းပါတယ်ကွာ၊ ထမင်းစားရင် အစာတွေကို ဖက်နဲ့လိပ်ပြီး သူ့ပါးစပ်ပေါက်ကျဉ်းကျဉ်းလေးထဲကို အကြာကြီး ထိုးသွင်းနေရတာကွ၊ တစ်လိပ်ကုန်ဖို့ တစ်နာရီ နှစ်နာရီ ကြာတာ"

"ဟေ ဟုတ်လားကွ၊ အောင်ဘကြည်ရဲ့"

"အေးကွ၊ သူ့ထက်ဆိုးတဲ့ ပြိတ္တာတွေလည်း ရှိတာပေါ့ကွာ၊ အေး အဲဒီလိုသွားရင်းနဲ့ ရှမ်းပြည်ဘက်ကိုရောက်တော့





ညောင်ပင်ကြီးတစ်ပင်မှာနေတဲ့ ရုက္ခစိုးကြီးနဲ့ တွေ့တယ်ကွ"

"ဟေ ရုက္ခစိုးကြီး ဟုတ်လား"

"အေး အဲဒီရုက္ခစိုးကြီးရဲ့ အဝတ်တန်ဆာတွေက ပြောင်ပြောင်လက်လက် အရောင်တွေ ထွက်နေတာကွ"

"အေး အေး ပြောပါဦး သူငယ်ချင်းရ"

"အဲဒီရုက္ခစိုးကြီးက ငါနဲ့ ပြိတ္တာကို ခေါ်တယ်၊ ပြီးတော့ ငါတို့ကို သူနေတဲ့နေရာက ဘော်ကြိုဘုရားကို ဖူးခိုင်းတယ်ကွ၊ ငါနဲ့ ပြိတ္တာ ဘော်ကြိုဘုရားကို အာရုံပြုပြီး ရှိခိုးလိုက်ကြတာ နှစ်နာရီလောက်ကို ကြာသွားတာပေါ့၊ ရင်ထဲမှာလည်း ကြည်လင်ပြီး ချမ်းသာနေတာကွ တာတေရ၊ ငါတို့ ဘော်ကြိုဘုရားဖူးပြီးရင် သူ့ဗိမာန်ရှိတဲ့နေရာကို ပြန်လာခဲ့ရမယ်လို့ ရုက္ခစိုးကြီးက မှာလိုက်တာကိုးကွ၊ ဒါနဲ့ ငါတို့နှစ်ကောင် ရုက္ခစိုးကြီးဆီကို ပြန်ကြရတာပေါ့၊ ဟိုရောက်တော့ ရုက္ခစိုးကြီးက ပြောတယ်၊ ငါရော ပြိတ္တာရော လူပြန်ဖြစ်ကြတော့မယ်တဲ့ကွ"

"ဟေ ဟုတ်လား အောင်ဘကြည်၊ ငါ ဝမ်းသာလိုက်တာကွာ"

ကျုပ် တကယ်ကို ဝမ်းသာတာဗျ။

"အေး အေး ငါ ပြောဦးမယ်၊ သူ အဲဒီလိုပြောလိုက်တာနဲ့ တစ်ပြိုင်နက်ပဲကွာ၊ ပြိတ္တာကိုယ်က အမွှေးအမျှင်တွေ မြောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး အဝတ်နဲ့ အစားနဲ့ ပုံမှန်ရှပ်ရည်ပဲ ပြန်ဖြစ်သွားတာကွ၊ ကောင်လေး ငါ သွားပြီဟေ့လို့ ငါ့ကို နှုတ်ဆက်ပြီး အရှေ့စူးစူးကို ပြိတ္တာ ထွက်သွားတယ်။ ပြိတ္တာ ထွက်သွားတော့မှ ရက္ခစိုးကြီး ငါ့ကို ပြောတယ်ကွ၊ တစ္ဆေလေး မင်းကတော့ မင်းတို့နေတဲ့ဒေသမှာပဲ လူပြန်ဖြစ်မှာကွ၊ ဒီတော့ မင်းလာခဲ့တဲ့နေရာကို ပြန်ပေတော့၊ ဟိုရောက်ရင် မင်းမျက်နှာကို မဖဲဝါ ပြောင်းပေးလိမ့်မယ် တစ္ဆေလေး"

"ဟာ ရက္ခစိုးကြီးက ဒီလိုကို ပြောတာလားကွ၊ အောင်ဘကြည်ရဲ့"

"ဟုတ်တယ် တာတေ၊ ရက္ခစိုးကြီး အဲဒီလို ပြောလိုက်တော့မှ ငါလည်း ငါနေခဲ့တဲ့ တမာပင်ကို ချက်ချင်းသတိရသွားတယ်ကွ၊ အဲဒီလို သတိရလိုက်တာနဲ့ ချက်ချင်းပဲ ငါ တမာပင်ကြီးပေါ်ကို ပြန်ရောက်လာတာကွ၊ ညနေကျတော့ မင်းကို ငါ တွေ့တာပဲ တာတေ၊ မင်း မရောက်ခင် စောစောကပဲ ရက္ခစိုးကြီး ပြောလိုက်တဲ့ မဖဲဝါ ရောက်လာပြီး ငါ့မျက်နှာကို သပ်ချပေးလိုက်တာ"

"ဩော် ဒီလိုကိုး၊ ဒါဆို မင်း လူပြန်ဖြစ်တော့မှာပေါ့ ဟုတ်လား တာတေ၊ နို့ ငါတို့ရွာမှာပဲ ပြန်ဖြစ်မှာလားကွ"

"အဲဒါတော့ ငါ မသိသေးဘူး တာတေ၊ ဒီအတိုင်းလည်း





ဖြစ်မှာ မဟုတ်သေးဘူးကွ"

"ဟေ ဘာလိုသေးတုံးကွ အောင်ဘကြည်ရ"

"ဒီလို တာတေရ၊ ငါ့မိဘတွေ ငါ့အတွက် ဆွမ်းသွတ်ပြီး အမျှဝေတုန်းက ငါ သာဓုမခေါ်လိုက်ရဘူးလေကွာ၊ အဲဒါ သာဓုခေါ်ပြီးမှ ငါကျွတ်မှာကွ၊ အဲဒီကိစ္စ မင်းပဲ တာဝန်ယူပြီး ပြောပေးပါကွာ"

"ဟေ ဘာကိုပြောပေးရမှာတုံး အောင်ဘကြည်"

"ငါ့အဖေနဲ့ အမေကို ငါ့အတွက် ဆွမ်းပြန်သွတ်ပေးဖို့လေကွာ"

အောင်ဘကြည် ပြောတာကို ကြားလိုက်ရတော့ ကျုပ်စိတ်မကောင်းဘူးဗျာ။

"အောင်ဘကြည် မင်းဆုံးသွားတော့ မင်းမိဘဇတွေ တော်တော်ကို စိတ်ထိခိုက်သွားကြတယ်၊ ဒီရွာမှာကို ဆက်ပြီး မနေချင်တော့ဘူးဆိုပြီး မန္တလေးကို ပြောင်းသွားကြတာ ကြာပေါ့ သူငယ်ချင်းရာ"

"ဟာ ဟုတ်လားကွ တာတေ"

ဒီကောင် မျက်နှာမကောင်း ဖြစ်သွားတယ်ဗျ။

"အေး ဒါပေမဲ့ မင်း ဘာမှမပူနဲ့ကွ၊ မင်းကြီးဒေါ် ဒေါ်ပိုးတင် ရှိတယ်လေကွာ၊ ငါ အရီးလုံးတင်ကို အကျိုးအကြောင်း

www.burmeseclassic.com



ပြောပြပြီး အားလုံးစီစဉ်ပေးမယ်၊ ပြီးတော့ ငါတို့ဆရာတော် ဦးဂုဏကို တရားဟောဖို့ ပင့်ပေးမယ်၊ ပုဗ္ဗာရုံဆရာတော်လေကွာ၊ အောင်ဘကြည်ရာ"

"ဩော် အေး အေး မင်းပဲ ကောင်းသလို စီစဉ်ပေးပါ တာတေရာ"

"စိတ်ချနေ အောင်ဘကြည်၊ ဒါပေမဲ့ မင်း ဒီကနေ ဘယ်ကိုမှ ထွက်မသွားနဲ့တော့နော်၊ ဒီတစ်ခါ လွဲသွားလို့ မဖြစ်ဘူး အောင်ဘကြည်"

"အေးပါကွ၊ တာတေရ၊ ဒီတစ်ခါ ငါ ဘယပ်ုမှ သွားလို့ မရတော့ပါဘူး၊ ငါသွားလို့ မရအောင် မဖဲဝါကြီးက အစောင့်ချ ထားတယ်ကွ၊ အဲဒီအကောင်ကြီးက ငါ့ကို အမြဲစောင့်နေတော့မှာ"

"ဟေ ဘယ်မှာတုံးကွ"

"မြောက်ဘက်က ဘန့်ဘွေးပင်မှာလေကွာ"

အောင်ဘကြည်က ပြောလို့ ကျုပ် မြောက်ဘက်က ဘန့်ဘွေးပင်ကြီးကို မသိမသာ လှည့်ကြည့်လိုက်တယ်။ ဟုတ်ပ ဗျာ။ ဘန့်ဘွေးပင်ကြီးဘေးမှာ ကပ်ပြီးရပ်နေတာ သစ်ပင်နဲ့ တစ်သားတည်းကို ဖြစ်နေတာဗျ။ သရဲကြီးတစ်ကောင်၊ နည်းတဲ့ အရပ်ကြီး မဟုတ်ပါဘူးဗျာ၊ လက်စသတ်တော့ မဖဲဝါက အောင်ဘကြည်ကို အစောင့်ချထားတာကိုး။





ကျုပ်လည်း အောင်ဘကြည်ကို နှုတ်ဆက်ပြီး ရွာကို ပြန်လာခဲ့တယ်။ မနက်ရောက်တော့ ဆရာတော်ကို အကျိုး အကြောင်းအားလုံး လျှောက်လိုက်တယ်။ ဆရာတော်က အောင်ဘကြည်ရဲ့ ကြီးတော် အရီးလုံးတင်ကိုခေါ်ပြီး ဆွမ်းသွတ် တိစ္ဆ စီစဉ်ခိုင်းတယ်။

အရီးလုံးတင်ကလည်း သူ့တူလေး သတင်းကြားတော့ စိတ်မကောင်းဖြစ်ပြီး ဆွမ်းသွတ်ဖို့ ပြင်တော့တာပေါ့ဗျာ။

အဲဒီနေ့က ကျုပ်မျက်ကွင်းဆေးကွင်းပြီး အောင်ဘကြည် တို့ သွားခေါ်တယ်။ ဆရာတော်က တရားဟောတော့ ဒီကောင် ကြုံ့ကြုံ့ကလေးထိုင်ပြီး သေသေချာချာ နာတာဗျ။

တရားဆုံးတော့ ရေစက်ချတယ်။

အမျှဝေတယ်။

ကျုပ် သေသေချာချာ ကြည့်နေတာဗျ။ ကျုပ်သူငယ်ချင်း အဲ့ကော သာဓုသုံးကြိမ်တိတိ လိုက်ခေါ်တာ ကျုပ်[illegible]

ဟော ပျောက်သွားပြီဗျို့၊ ကျုပ်သူငယ်ချင်း[illegible] ပျောက်သွားပြီ။ ကျုပ်ဖြင့် ဝမ်းသာလိုက်တာဗျာ။ ဘယ်လိုပြောရ မှန်းတောင် မသိဘူးဗျို့။

တာတေ

□□□



www.burmeseclassic.com